
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ချမ်းမြေ့ရတနာ စာအုပ်တိုက်

တ–၆/၈၇၊ ၆၅ လမ်းနှင့် ၄ပြာလမ်းထောင့်

ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။

✆ ၀၂–၈၁၂၈၂

www.burmeseclassic.com

www.burmeseclassic.com

## ဒို့အာဇာနည်ဆရေးသုံးပါး

- ★ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- ★ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

ဆူးငှက်

# ပုံဆောင်မဲ့ပုန်းညက်ညနေ

ဇာတ်လမ်းဝတ္ထုစု

ချမ်းမြေ့ရတနာ

ဖြန့်ချိရေး
**Echo Media**
အမှတ် ၁၅၈၊ ၁၆၈၊ အခန်း ၁၇
ပထမထပ်
မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၂၅၄၂၅၂
wintiger @ mptmail.net.mm

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၃၂၂ / ၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၁၇၈ / ၂၀၀၃ (၁၀)

■

စီစဥ်ထုတ်လုပ်သူ
လှပိုင်

■

ပထမအကြိမ်
အုပ်ရေ (၁၀၀၀)
ဖေဖော်ဝါရီလ - ၂၀၀၄

■

မျက်နှာဖုံး နှင့် အတွင်းသရုပ်ဖော်
သူရိန်

■

ကွန်ပျူတာစာစီ
တမာပွင့်
အတွင်းဖလင်
ကိုဦး နှင့်ညီများ

■

ဦးခင်မောင်သိန်း၊
သလ္လာဝတီစာပေ (၀၇၄၇)
တိုက် ၂၄၀/၃၊ ၂၅ ရက်ကွက် ၊ ဇေယျာသုခလမ်း၊
သုဝဏ္ဏက ထုတ်ဝေ၍ ဒေါ်ခင်အေးမြင့် (ရာပြည့်အော့ဖ်ဆက် - ၀၅၉၀၁)
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

■

တန်ဖိုး - ၆၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပုံဆောင်မဲ့ စံကားပွင့် | ၃ |
| ၂။ | အုံ့ပုန်း . . . ပုန်းညက်၊ ဆံထက်စံပယ် | ၂၁ |
| ၃။ | ဖန်ပြွန်သစ္စာပန်း | ၃၅ |
| ၄။ | မှော်ရုံခွင် သမင်မျက်လုံး | ၅၁ |
| ၅။ | မွှန်းတဲ့ညနေ | ၇၉ |


www.burmeseclassic.com

www.burmeseclassic.com

# ပုံဆောင်မဲ့ စံကားပွင့်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံဆောင်မဲ့ စကားပွင့်

အောင်ပင်လယ် ရိုးပြတ်တောဆီက တိုက်ခတ်လာသော တောင်လေရူးက အပူကို ဖယ်ရှားဖို့ ကြိုးစားသေးသည်။ သို့သော် သူ့ကိုယ်သူပင် အပူလှိုင်းစီးကာ အပူလေရိုင်းဖြစ်နေတာ သူမသိ။ မနက်မိုးမလင်းမီကတည်းက "ကျလိ ကျလိ" အသံပေးကာ အပျော်လွန်ခဲ့သော ငှက်ကလေးများပင် အခုတော့ သစ်ရိပ်ကြို သစ်ရိပ်ကြား၌ တောင်ပံကြား ခေါင်းဝှက်ကာ ငြိမ်ငြိမ်သက်သက် ကုတ်နေကြ၏။

ဒါပေမဲ့ ကြာကြာအငြိမ်မနေ နိုင် . . . ၊ သွေးလေအေးလာပြန်တော့ ကျိုးကျိုးကျစ်ကျစ်အသံပြုကာ တစ်ကောင်နှင့်တစ်ကောင် တွန်းထိုးသည် တစ်ကောင်

ချမ်းမြေ့ရတနာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တစ်ကောက်တက် အကျောမခံအမြင့်လုရ၏။တွန်းထိုးလုပျံရင်း အတောင်အလှုပ်အခတ်၊ နှုတ်သီး အထိုး အဆိတ်မှာ. . အရွက်တွေကြွေ၊ အပွင့်တွေကြွေရသည်။ အဆိုးဆုံးက နုသစ်စပုရစ်ဖူးနှင့် ပွင့်ငုံသစ်တို့ 'ငှက်နှစ်ကောင်' အထိုးအဆိတ်မှာ တစ်ဖူးချင်း တစ်ငုံချင်း ကြွေကြရခြင်းဖြစ်၏။

ထိုအခါ ပွင့်ငုံသစ် "စံကားဖူး" တွေ တစ်စစီကြွေကာ မြေသက်နှင်းကြရတော့သည်။

အစကတော့ တစ်ဖတ်ချင်းကြွေသည်။

တစ်ဖတ်. . နှစ်ဖတ်. . . သုံးလေးဖတ်. . .

ထိုသည်ကြွေကျ ပန်းပွင့်ဖတ်တွေပြီးတော့ . . . တစ်ဖူး တစ်ငုံချင်း ကြွေပြန်လေ၏။

တစ်ငုံ၊ နှစ်ငုံ၊ သုံးလေး. . . . ငုံ. . . . ။

ဖူးငုံတို့သည် အကောင်အထည်မပျက် ဖူးငုံသက်သက် ဘဝဖြင့် ကြွေကျလာသောအခါ ထိုအရာသည် "စံကားပွင့်လွှာလောင်းအလျာ" ဟု သိလိုက်သည်နှင့်တစ်ပြိုင်နက် ရုတ်ချည်းပင် ခေါင်းပေါ်ဆီမိုးနေသော ပင်စည်မြင့်ဆီ မော့ကြည့်ဖြစ်တော့သည်။

စံကားပင်အိုး၏ ငယ်မူပြန် စိမ်းနုရွက်သစ် ကျိုးကဲကြားမှ ရှန်းတည့်နေခြည် ရေတံခွန်က ဝေါခနဲ ဖြာဆင်းထိုးကျလာ၏။ နေခြည်ရေတံခွန်နောက်ခံတွင် စံကားပွင့် ငုံဖူး စီရရီက နေခြည် ရေသောက် ဆင်းကြသည်ကို ရုတ်ချည်း မြင်လိုက်ရလေသော အခါ. . . ။

"အံ့သုမာလီ မရွှေချီလျက် မတီရန်ညွှတ်မြိုင်စံလွတ်ဝယ်
ညှာညွတ်ကယ်ဖူးဝေ
စံကားရွှေနှင့် ညောင်ရေခါမူ. . . " တဲ့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းက ဗောဓိကုန်းဘုရားပရိဝုဏ်အတွင်း စံကားပင်တွေမှာ စံကားပွင့်တွေ ဖွေးဖွေးလှုပ်လှုပ် ပွင့်နေသည်။ သည်စံကားက ပုပ္ပားတောင်တော်မှာလို . . . လှိုင်လှိုင်ကြူ . . . စံကားဝါမဟုတ်။ ပွင့်ဖတ်ဖြူဖြူတွေအရင်းမှာ အဝါဖျော့ဖျော့ လေးသာစွန်းသည့် တရုတ်စံကားတွေဖြစ်၏။

တရုတ်စံကားက အညာမှာတော့ . . ဘုရားကျောင်းကန်အရိပ်၏ အမှတ်သင်္ကေတပဲဖြစ်သည်။တောင်ခြေစိမ့်စမ်းမှာချောင်တွေ သိန်းသန်းပေါသည့် စစ်ကိုင်းတောင်တော်ရိုးတွင် မြင်မြင်လေရာ တရုတ်စံကားပင်တန်း. . . ။ တရုတ်စံကားပွင့်လမ်း . . . ချည်း။

သည်ပင်တန်း သည်ပွင့်လမ်းတွေမှာ တရုတ်စံကားတွေဝေ. . . ၊ ကြွေ. . . ။ ဟော. . . အခုလည်းမဟာဗောဓိဘုရားဝင်းတွင်းက တရုတ်စံကားပင်တန်းမှာ စံကားပွင့်တို့ ဖွေးဖွေးလှုပ်ပွင့်နေကြပြီ။ သည်စံကားပွင့်တွေကတော့ ဟိုတောင်ပေါ်ရိုးက စံကားပွင့်တွေလို ငြိမ်သက်အေးချမ်း ကမ္ဘဋ္ဌာန်းရှုနိုင်ကြမှာမဟုတ်. . . ။ တေးသွားစည်းချက် အဆူအညံကြားတွင် ယိမ်းထိုးကခုန်နေကြရသည်။

သည်ကနေ့က . . ကဆုန်လပြည့်နေ့ဖြစ်သည်။မန္တလေးမြို့ တောင်ပြင် မဟာနွယ်စဉ်ရပ် ဗောဓိကုန်းဘုရားဝင်းအတွင်းက "မဟာဗောဓိ" ပင်မှာ ညောင်ရေသွန်းပွဲတော် ခြိမ့်ခြိမ့်သဲမျှ ကျင်းပနေ၏။

မန္တလေးမြို့တည်အပြီး နောက်တစ်နှစ်အကြာသက္ကရာဇ် ၁၂၂၂ ခုနှစ် နတ်တော်လတွင်သီဟိုဠ်ကျွန်းကပင့်ဆောင်ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာသော ဗောဓိပင်ကို အခါတော်နှင့် မြေ မိုး ရေ မျိုးစုံတို့ဖြင့် ပတ္တမြား ၅ ရစ်စီ အပေါက်တစ်ထောင်ရှိသော ရွှေဖျဉ်းအိုးကြီးခံ၍ စိုက်ပျိုးပြုစုတော်မူပြီးလျှင် မဟာရံမီးတားနှင့်တကွ အုတ်ဇရပ် တော်ကြီးရှစ်ခု ရံကာ မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်း တော်မူခဲ့သည်။

ယခုအခါ လုံးပတ် ၁၀ ပေ နီးပါးရှိကာ အမြင့်ပေ ၅၀ ကျော်နေပြီဖြစ်သည့် ဗောဓိပင်ကြီးမှာ သီဟိုဠ်ကျွန်းမှ ရဟန်းတော် များ ပင့်ဆောင်ကာ မန္တလေးရတနာပုံနေပြည်တော်သို့ရောက်ရှိစဉ် အခါ ၁၂၂၁ ခုနှစ် နယုန်လဆန်း (၁၁)ရက်နေ့ကအမြင့်သံတောင် (၁) တောင် (၁၉ လက်မ) ခန့်မျှသာ ရှိခဲ့သည်။

နှစ် (၁၅၀) သက်တမ်းပြည့်လုနီးပါးအချိန်အထိ ရှင်သန် ကြီးထွား ခက်လက်ဝေဆာမြဲဖြစ်သော မဟာဗောဓိပင်ကြီး၌နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်ရေသွန်းပွဲတော်ကို မပျက် မကွက် ကျင်းပခဲ့ကြသည်။ မန္တလေးမြို့၏ နာမည်ကျော်တီးဝိုင်းကြီး များက နေ့ရောညပါ ဖျော်ဖြေကြသည်။ ဘုရားဝင်းအတွင်းလည်း ဈေးသည်တွေ စားသောက်ဆိုင်တွေနှင့် ဆူညံနေသည်။

* * *

ကဆုန်နေမို့ ခြစ်ခြစ်တောက်ပူ၏။ သက်တော်ရှည် ညောင်ပင်ကြီးအရိပ်မှာတော့ ကျယ်ပြန့်အေးမြလှသည်။ညောင်ရေ သွန်းလောင်းကြသူတွေ ကျိတ်ကျိတ်တိုးမို့ . . . သစ်ရိပ် ရေရိပ်က အပူမှန်သမျှ ကွာကျသွားစေသည်။ ညောင်ရိပ်က တစ်ဖဝါးမျှ မခွာချင်အောင် စိတ်လက်အေးချမ်းလှ၏။ ထိုအခါ ညောင်ခြေရင်း အုတ်ပလ္လင်ဘေး ခြေချစရာမရှိ တိုးဝှေ့ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်နှင့် မလှမ်းမကမ်းတွင် သံရေကန်ကြီး ချထား ကာ ရေစုပ်စက်တွေ တဒုန်းဒုန်းမောင်းနှင်ပြီး ရေအပြည့်အလျှံ ဖြည့်၍ ကုသိုလ်ပြုနေကြသူတွေဆီမှ ညောင်ရေအိုးတွေမှာလည်း လက်မလည်တော့. .။ တစ်ဦးနှင့်တစ်ဦး အလုအယက် စောင့်ယူ ကြရသည်။ လက်ထဲ ရေအိုးလေးတွေရလာတော့ သံကန်ကြီးထဲ နှစ်၍ရေခပ်ကာ ညောင်ပင် အုတ်ပလ္လင်ဆီ တိုးဝှေ့ပြီး ရေသွန်း လောင်းကြရ၏။

ကြာရှည်စွာ စောင့်မနေရပါဘဲ ရုတ်ချည်း ရှေ့ရောက် လာသူတစ်ဦးက ထိုးပေးလိုက်သော အေးစိမ့်စိမ့် ရေအိုးကလေး လက်ထဲရောက်လာချိန်တွင် ဖျတ်ခနဲမြင်လိုက်ရသည်က သူမ၏ မျက်ဝန်းများပဲ ဖြစ်ပါသည်။ ထိုမျက်ဝန်းများမှာကား . . . အကြာ ကြီးစောင့်နေရပါလျက် သူ့ဆီ အလှည့်ကျမလာဘဲမဆိုင်သူတစ်ဦး လက်ထဲ ညောင်ရေအိုးလေး ရောက်သွားလို့ မကျေမနပ် ဒေါသ မျက်ဝန်းမဟုတ် . . .။ သည်တစ်ခါ ရေအိုးလေး အလှည့်ကျ ရသွားသူဆိုလျှင်ဖြင့် နောက်တစ်လှည့် သူ့ဆီရေအိုးလေးရောက်ဖို့ သေချာလေပြီဆိုတာ စိတ်ဒုံးဒုံးချ ကျေနပ်သွားသည့် အကြည့် ဖြစ်သည်။ ပိုင်စိုးပိုင်နင်းနိုင်လှသော အကြည့်ကို သူ့မျက်ဝန်းမှာ လှစ်ခနဲ မြင်လိုက်ရချိန်ခဏအတွင်းမှာပင် လက်ထဲ ရောက်လာ သော ရေအိုးကလေးကို သံရေကန်ကြီးထဲ အမြန်နှစ်ကာ သူ့ လက်ထဲ လှမ်းထည့်ပေးလိုက်သော မိမိ၏ဆုံးဖြတ်ချက် မြန်ဆန် မှုမှာ အခုပြန်စဉ်းစားမိသောအခါ ဘာမှမဆန်း. . .။ မှန်နေ၏။

ဤသို့ဖြင့် ရေအိုးလေးကိုင်ကာ မဟာဗောဓိပင် အုတ် ပလ္လင်ခြေဆီ လူတွေကို တိုးဝှေ့ဝင်သွားပြီး ကြာသပတေးနံ ဆင်းတု



www.burmeseclassic.com

www.burmeseclassic.com



တော်ရှေ့မှ ဆင်းတုတော်အား ရေသပ္ပာယ်လိုက်. . .။ ဗောဓိပင်အား ရေသွန်းလောင်းလိုက်နှင့် စိမ်ပြေနပြေ ရေသပ္ပာယ် သွန်းလောင်းနိုင်ရန် ရေအိုးကလေးနှင့် ခေါက်တုံ့ခေါက်ပြန် သူ့ဆီသို့ ရေခပ်သယ်ဆောင်ပေးသူ ဖြစ်မှန်းမသိ ဖြစ်နေရပါတော့သည်။ ဤကဲ့သို့ မမောမပန်း အကျိုးဆောင်ပေးလိုက်ရသော ဆုလာဘ်အဖြစ်. . .

"ဘာ. . . နေ့နံလဲဟင်. . . . " ဟု အမေးမှာ

"တနင်္လာလေ။ အရှေ့ဘက်တည့်တည့်မှာ"ဟု အဖြေ၌ ရေအိုးကလေးကိုင်ကာ ဗောဓိညောင်ပင်၏ အရှေ့ခြေတော်ရင်းဆီ လူကြားတိုးဝှေ့ပြန်၍ တနင်္လာနံ စကျင်ကျောက်ဆင်းတုဖြူဖြူလေးအား ရေသပ္ပာယ်တော့ သူက အနားမှာရပ်ပြီး ညောင်ရေအိုးလေးကိုင်ပေးထားသည်။ ဗောဓိပင်အား ရေသွန်းလောင်းဖို့အတွက်လည်း လူကြား၌ ခက်ခက်ခဲခဲ ပြန်လည်တိုးဝှေ့ပြီး အိုးကလေးနှင့် ရေခပ်ပေးပြန်ပါသေး၏။

လူတွေက စည်သထက်စည်လာသည်။ သူက ရေတစ်ခေါက် ပြန်ခပ်ပေးကာ အနားမှာ ညောင်ပင်ကို နှစ်ယောက်အတူ ရေသွန်းလောင်းပြီးနောက် ပြန်ထွက်မရအောင်ပင် လူတွေကျပ်ညပ်လာသည်။ ညောင်ပင် ပလ္လင်ပတ်ပတ်လည်မှ ဝိုင်းဝန်းပက်ဖျန်း သွန်းလောင်းကြသော ရေတွေက သကြၤန်ကျနေသည့်အလား အားလုံးကိုယ်ပေါ် ရွှဲရွှဲစိုနေတော့၏။

ညောင်မြစ်နှင့် အုတ်ပလ္လင်ကလနားကြားမှာ ရေတွေအိုင်ထွန်းနေသည်။ ရေကြည်၊ ရေသန့်တွေချည်း. .။ ထိုအခါ အားလုံးသူငါမှာ ခပ်လှမ်းလှမ်းရှိ သံကန်ကြီးဆီတိုးဝှေ့၍ ရေထွက်



www.burmeseclassic.com

www.burmeseclassic.com



မခပ်ကြတော့ဘဲ ညောင်မြစ်ခြေမှ ရေများကိုပင်အိုးတွေနှင့်ခပ်ကာ ညောင်ပင်ဆီ လှမ်း၍ လှမ်း၍ ပက်ကြတော့၏။

ပင်စည်ဆီမှ ပြန်၍ဝင်လာသော ရေစက်ရေမွှားများကို တော့ ဘယ်သူမှ ရှောင်တိမ်းမရလေတော့ အားလုံးသူငါ ရွှဲရွှဲစိုစေ တော့သည်။ ပြန်ထွက်မရတော့သည့်အတူတူလက်ထဲမှာရှိနေ သော အိုးကလေးကိုနှစ်ယောက်သားအတူကိုင်ကာညောင်မြစ်ခြေ ရေများနှင့် ညောင်ပင်ဆီသို့ မရပ်နားတမ်း အပြိုင်ပက်ဖျန်းကြ သည်။ မမောနိုင် မပန်းနိုင်ဟုဆိုပေမယ့် ကြာတော့သူလက်ပန်းကျ လာ၏။ အရှုံးပေးသွားသူလေးကို အိုးလေးထဲမှ လက်ကျန်ရေဖြင့် ကျောထက် ကုပ်ကလေးဆီမှတစိမ့်စိမ့်လောင်းရင်းမျက်နှာလေးဆီ စိုက်ကာကြည့်လိုက်မိတော့. .၊ ကလေးတစ်ယောက်လိုလွှတ်လပ် ပျော်ရွှင် အပြစ်ကင်းစင်သည့် အားရရယ်မောမျက်နှာလေးမှာရေဥ လေးတွေ ဖွေးဖွေးနုနုစီ။ ထူထဲနက်မှောင် စင်ရော်တောင် မျက်ခုံး ကြော့ထက်ဆီက ဆံစနုနုလေးတွေမှာလည်း ရေကြည်ဥလေးတွေ သီ. . .။

ကဆုန်'နေ'၏ ကျဲတောက်တောက်အပူမှ မဟာဗောဓိ ညောင်ပင်ရိပ်ဆာရာ၌ အေးအေးစိမ့်သည်အထိ ညောင်ရေ သွန်းလောင်း ရေပက်ကစားပြီးသောအခါ နှစ်ယောက်သား ပူးကပ် လက်တွဲ၍ လူအုပ်အား ဖောက်ထွက်လိုက်တော့ မထင်မှတ်ဘဲ တရုတ်စံကားပင်တန်းအောက် ရောက်သွား၏။ လက်လှမ်းမီသော ကိုင်းဆီမှ ကြွေလုဆဲ စံကားပွင့်တစ်ပွင့်ကို ခူးဆွတ်ပြီး သူ့လက်ထဲ ထည့်လိုက်မိတော့ ရေစက်ရေဥ သီးနေသည့် ဆံနွယ်လှိုင်းမှာထိုး



www.burmeseclassic.com

www.burmeseclassic.com



ပန်လိုက်သည်။ ပြုံးရောင်သန်း မျက်နှာလေးက စံကားပွင့်ဖြူဖြူနှင့် လိုက်ဖက်လှလိုက်တာလေ. . .။

"မလေးကလည်းကွယ် . . . ဘယ်လျှောက်သွားနေတာလဲ၊ ကြာလိုက်တာ. . .။ မြင်းလှည်းဆရာ ဦးလေးကြီးက လာလာမေးနေတာ သုံးခေါက်ရှိပြီ" ဟု စိတ်ပူပန်စွာ လှည့်ပတ်ရှာဖွေနေသော အဖော်များက တရုတ်စံကားပင်အောက်မှာ အတွေ့ . . ခရီးမဆိုက် အပြစ်တင်လေမှ. . သူ့မျက်နှာမှာရှက်ရောင်သန်းကာ ပန်းနုသွေးခြယ်တော့သည်။ ခေါင်းလေးအငုံ့ . . . ၊ မျက်လွှာမချလိုက်မီ အမိအရ အားနာအကြည့်ဖြင့် တောင်းပန်မိပါ၏။

"အမလေး. . .၊ လူတွေကြား ညှပ်ပါသွားပြီး မျက်စိလည်သွားတာ၊ ပြန်ကိုမထွက်တတ်တော့ဘူး၊ ဒီက ကူပြီး အပြင်ခေါ်လာလို့သာပေါ့နော်၊ နို့မို့ရင်. . . " ဟု ခြုံထားသော တဘက်ကလေးအား ရေညှစ်ရင်း ပြန်ပြောသည်။ ထူးထူးခြားခြား တစ်ကိုယ်လုံး ရွှဲရွဲစိုနေသူနှစ်ဦးအား ကြည့်ကာ. . .

"ကောင်းတယ်. . . ကောင်းတယ်၊ သင်္ကြန်တစ်တွင်းလုံး ရေတစ်စက်မှ အစိုမခံဘဲ လောဘကြီးပြီး ဆိုင်ဖွင့်ခဲ့တဲ့ မိန်းမ. .၊ အခုတော့ ဘာတတ်နိုင်သေးလဲ. . . " ဟု ကလိ၏။

အဖော်တွေနှင့် တွေ့သွားလေပြီမို့ ကိုယ့်ကဏ္ဍလည်း ပြီးဆုံးလေပြီဟု သဘောပိုက်ကာ သူ့ကို ရည်ညွှန်းသော်လည်း အားလုံးအပေါ် သိုင်းဝိုင်းခြုံငုံ၍နှုတ်ဆက်စကားဆိုလေသောအခါ ခေါင်းဆောင်ဖြစ်ဟန်တူသော ခပ်သွက်သွက် အမျိုးသမီးတစ်ဦးက. . .။



www.burmeseclassic.com

www.burmeseclassic.com



"တို့က ရန်ကင်းတောင်ညောင်ရေသွန်းပွဲကို ခရီးဆက်ကြဦးမှာကွဲ့။ မင်းလိုက်ခဲ့ပါလား. . .။ တို့မြင်းလှည်းက အချောင်ကြီးပါ။ ဘုရားကြီးကို ဦးဆုံးကန်တော့ပြီး အခု ဗောဓိကုန်း ဝင်ကြတာလေ။ ရန်ကင်းတောင်သွားပြီးရင် ပြန်ရုံပါပဲ. . .။ အေး. . . တစ်ခုတော့ရှိတယ်။ ရန်ကင်းတောင်ကနေ ပြန်ရင်တော့ တို့ မြင်းလှည်းက နန်းဦးလွင်အထိပဲ ရောက်မှာ. .။ နေဦး. . နေဦး. . ရန်ကင်းတောင်ထိလိုက်ခဲ့ပြီး အပြန်မှာ ကျားခေါင်း ကားနီစီးပြီး ပြန်ပေါ့" ဟု ဆို၏။

ထိုအမျိုးသမီးစကား မဆုံးမီမှာပင်သူ့ဆီလှမ်းကြည့်လိုက်တော့ မျက်လွှာလေးချပြီး ခတ်မဆိတ်ဖြစ်နေ၏။ ထိုအခါ ဆုံးဖြတ်ချလိုက်ပါတော့သည်။ အားလုံးကို ဒုတိယမွိ နှုတ်ဆက်စကားဆိုပြီးနောက် ခေါင်းငုံ့နေသော သူ့ဆီ ဖျတ်ခနဲကြည့်လိုက်ကာကျောခိုင်းထွက်ခွာလိုက်ပါတော့သည်။ မျက်နှာလွှဲ ကျောခိုင်းပါမှ သူကလှမ်းကြည့်မှာလည်း သေချာပါ၏။ သို့သော် အားတုံ့အားနာမှုကြောင့် ထိုအကြည့်ကို အမိမဖမ်းရက်ပါတော့ချေ။

* * *

ဗောဓိကုန်းဘုရား၏ မြောက်ဘက်မုခ်မှာ အပ်ထားသော စက်ဘီးကို ရွေးယူပြီး မင်္ဂလာလမ်းအတိုင်း ခပ်ဖြည်းဖြည်းလေး နင်းကာ စစ်တပ်ပေါက်နှင့် မျက်နှာချင်းဆိုင်ရှိ 'မြိုင်သာယာ' အဆောင်ဆီ အပြန်မှာတော့ နေပူလေပူဖြင့် ရွှဲရွှဲစို အဝတ်အစားတွေ သွေ့ဖန့်သွားပါ၏။ ခြောက်လုလု. . .။

ရေနီမြောင်း သံတံတားအား စက်ဘီးအကျော်မှာတော့ နောက်မှ ခြူသံတလွင်လွင်ပေးကာ. . . အမိုးဖွင့်ထားသောသူတို့



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းလေးက ဖြတ်ကျော်သွားပါသည်။ အဖော်တွေက 'ဟေး' ခနဲ အော်ပြီး လက်ပြနှုတ်ဆက်သွားကြ၏။

သည်တစ်ခါတော့ သူသည်မြင်းလှည်းပေါ် မှနေ၍ . . . ဟိုး . . အဝေးဆီအထိ၊ ခေါင်းမငုံ့တမ်း ကြည့်သွားပါတော့သည်။ သည်ပြိုင်ပွဲမှာတော့ သူအနိုင်ရသွားပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

“ရွှေနန်းထက်ပျော် တေဇာတော်လင်း
ဘုန်းတော်ရေမြေရှင် ရွှေမြန်မာမင်းများရှိရင်. . .
ကဆုန်တော်သည်ပွဲ. . . ယခုထက်လွန်ကဲ၊
ကျင်းပမြဲခြိမ့်သဲမသွေ. . . .
ဝိသာခါ ကြယ်ရောင် ထွန်းထွန်းထိန်လို့ဝေ. . . .”

သူတို့မြင်းလှည်းလေး အဝေးဆီ ပျောက်ကွယ်သွားမှာ ရောင်ရမ်းမြင်ယောင်ရင်း. . . . အဆောင်ဝင်ပေါက် အဝင်ဝက တရုတ်စံကားပင်ကြီးအောက် စက်ဘီးထောက်ရပ်ကာ ပင်စည် ပတ်လည်ပေါ်သို့ ပစ်ခတ်ထိုင်လိုက်ချိန်တွင် . . . ပင်စည်အား ကျောပေးမီကာ ထိုင်နေနှင့်သော အဆောင်စောင့် ဦးလေးကြီးထံမှ သီချင်းတစ်ပုဒ် ခပ်တိုးတိုး ဆိုညည်းသံကို ကြားလိုက်ရ၏။ သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုလက်စနှင့်ပင် ရပ်ကာ လက်ကြားညှပ်ထားသော ဆေးပေါ့လိပ် တိုကို မီးညှိဖွာလိုက်ပြီး လမ်းမပေါ်မှ ဗောဓိကုန်း ညောင်ရေသွန်း ပွဲလာပွဲပြန်များအား ငေးရီစွာကြည့်ရင်း. . .

"တို့ငယ်ငယ်တုန်းကတော့ ကဆုန်လပြည့်နေ့မှာ လည်း သင်္ကြန်ရေသဘင်အဖွဲ့တွေက တီးမှုတ်ပြီး ညောင် ရေသွန်းကြတာကွ။ ကဆုန်လ ဆိုတော့လည်း သင်္ကြန် အရှိန်က မကုန်သေးဘဲကိုး. . .။ သင်္ကြန်ပြီးတော့ ဖျုတ် ထားတဲ့ကားတွေ ပြန်ဆင်၊ လူတွေပြန်စုပြီး တစ်မြို့လုံးက ဘုရားတွေဆီ တီးမှုတ်ကခုန်ပြီး လှည့်ကြသေးတာ. .။ တောင်မြို့ ပုထိုးတော်ကြီး ညောင်ရေသွန်းပွဲဆိုတာ စည်မှ စည်ပေါ့ကွာ. . .။ တစ်မြို့လုံး တစ်နယ်လုံးပါပဲ။ အိုးစည် ပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲတွေတောင် ပါသေးတာကွ။ အဖိတ်နေ့ ညနေမှာတော့ ရွှေကြက်ယက်၊ ရွှေကြက်ကျ ညောင်ရေ သွန်းပွဲမှာ တစ်နယ်လုံးကရွာတွေ ဝင်းခင်းပြီး ညောင်ရေ သွန်းကြတာ. . .။

ရွှေကြက်ယက်လည်း စည်၊ ပုထိုးတော်ကြီးလည်း စည်၊ ဘုရားကြီးလည်း စည်၊ ရန်ကင်းတောင်လည်း စည်၊ မန္တလေးတောင်လည်း စည်၊ ရွှေကျီးမြင့် စည် အိမ်တော်ရာ စည်၊ သကျသီဟ စည်. . .။ တစ်မြို့လုံး ဆိုင်းသံဗုံသံနဲ့ ခြိမ့်ခြိမ့်သဲ စည်နေတာကို ကိုငြိမ်းတို့က သီချင်းစပ်ပြီး 'လွမ်းလိုက်ကြသေးတယ်. . .' ဘုန်းတော်ရေမြေရှင်. . . ရှေးမြန်မာမင်းများရှိရင်. . . ကဆုန်တော်သည်ပွဲ . . . ယခုထက်လွန်ကဲ. . . ကျင်းပမြဲခြိမ့်သဲ. . . မသွေတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသီချင်းက ပုထိုးတော်ကြီးညောင်ရေသွန်းပွဲမှာတီးမှုတ် သီဆိုခဲ့ကြတာကွ. . .။ ၁၉၃၀ မတိုင်ခင်လောက်က ဖြစ် လိမ့်မယ်။ အခု ၁၉၈၅ ဆိုတော့၊ ဟော နှစ် (၅၀) ကျော် လာပြီး . . မင်းတို့ကာလ မင်းတို့ခေတ်မှာ ညောင်ပင် ရေမသွန်းဘဲ အချင်းချင်းရေပက်နေကြတာမြင်ရင် ကိုငြိမ်း က ဘယ်လိုသီချင်းတွေ စပ်ဦးမလဲဆိုတာ မြင်ချင်စမ်းပါ ဘိကွာ. . " တဲ့။

ဆွေးဆွေးမြည့်မြည့်ပြောနေသောဦးလေးကြီးဆီကျွန်တော် က ဖျတ်ခနဲလှမ်းကြည့်မိတော့ ဦးလေးကြီးသည်လမ်းမပေါ်သို့သာ တူရူစိုက်စိုက် ငေးရီကြည့်နေပြီး တစ်ကိုယ်တည်းရေရွတ်လွမ်းဆွတ် နေပြန်သည်။

ကျွန်တော်က သက်ပြင်းမှျင်းမှျင်းချမိ၏။မြင်းလှည်းခြူသံ လွင်လွင်လေး ကြားလိုက်ရသည်။ မျက်စိအား စုံမှိတ်ပြီး ခေါင်းငုံ့ ထားမိသည်။ နုညက် မျက်နှာလေးပေါ် ရေဥလေးတွေစီရရီ. . .။ ထူထဲနက်မှောင် မျက်ခုံးစင်ရောင်တောင်ထက် နဖူးဆံစနုလေး တွေဆီမှာလည်း ရေကြည်ဥလေးတွေ သီ. .။ ကပျာကသီထိုးစိုက် ပန်လိုက်သော တရုတ်စံကားပွင့်လေးလည်း ဆံလှိုင်းထက်မှာ လှုပ်လဲ့လှုပ်လီ။

ရန်ကင်းတောင်ဆီလိုက်မသွားမိသည်မှာမှားလေပြီလား ဟူသော အတွေးကလည်း ဝေ့ထက်လာလေ၏။ ဒါပေမဲ့လေ ဣန္ဒြေမရ သည်းသည်းလှုပ်သည်ဟု အထင်ခံရမှာလည်း စိုးရိမ် မိပြန်၏။ ပြောသွား သော စကားတွေအရဆိုလျှင်. . "နန်းဦးလွင်"



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိနေမှာသေချာသည်။ ဒီလိုဆိုတော့လည်း ရင်ထဲမှာ နီးနေပြန်လေ၏။

သက်မမျှင်းမျှင်း ပင့်တင်ရင်း ခေါင်းထက်ဟို. . . အမြင့်ဆီက စံကားပွင့်ရွက်တွေဆီ မော့ကြည့်မိသည်။ စံကားပင်အိုရဲ၏ ငယ်မူပြန် စိမ်းနုရွက်သစ်ကျိုးကျဲကြားမှ မွန်းတည့်နေခြည်ရေတံခွန်က ဖြာဆင်းကျလာသည်။

ရေတံခွန် နေခြည်တန်းနောက်ခံတွင် စံကားပွင့်ငုံဖူးစီရရီက နေခြည်နေပြောက် ရေသောက်ဆင်းကြ၏။

မြင်ကွင်းတွေက ယောက်ယက်ခတ်ယိမ်းထိုးပြိုဆင်းသွားသည်။

မြင်းလှည်းခြူသံလေးတွေ လွင်လွင်ညံလာပြန်လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

ရိုးပြတ်တင် မြင်းလှည်းက ခြူသံညံ့ညံ့ ခွာသံပြင်းပြင်း ခရီးနှင်သွားသည်။ မန္တလေးမြို့ အရှေ့စွန်း တောရိပ်တောင်ရိပ် လွှမ်းသော နန်းဦးလွင်ရွာကလေးရှိ အောင်ပင်လယ်ကန်ပေါင်ရိုး အောက်က သစ်ရိပ်ဝါးရိပ် ရေရိပ်ပွမ်းသော လက်ဖက်ရည်ဆိုင် လေးမှာမျှော်လင့်ခြင်းနှစ်ပတ်လည်ကိုသည်နှစ်မှာလည်းတစ်ကိုယ် တည်းကျင်းပဖြစ်ခဲ့ပြန်ချေပြီ။

သစ်သားခုံရှည် ကျောမှီတန်းအား လက်ဆန့်တန်းတင် ကာ ခပ်လျှော့လျှော့ထိုင်ရင်း. . .။ ခေါင်းပေါ်မှ စံကားပင်အို၏ ရွက်သစ် စိမ်းနုဖန်သားပြင်ကို မော့ကြည့်နေမိဆဲ ဆူဆူညံညံအသံ အချို့ကြောင့် သစ်ရွက်ကြို သစ်ရွက်ကြားမှ နေခြည်မှန်ကူကွက် တို့ ဆက်စပ်ကိုယ်ထင်ပြခဲ့သော အတိတ်ပုံရိပ်ကားချပ်တွေလည်း လန့်ဖျပ် ပျောက်ကွယ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်ပေါင်ရိုးပေါ်သို့ ကုမ္ပဏီတံဆိပ်ပါ ကွန်တိန်နာကားငယ်လေး သုံးလေးစီးက ခေါင်းချင်းဆိုင်ကာ ဝရုန်းသုန်းကားထိုးဆိုက်လာ၏။ ကားတံခါးတွေ ခပ်ပြင်းပြင်းဖွင့်သံ ပိတ်သံတွေနှင့်အတူ ဆူဆူညံညံဟစ်အော်သံပေးကာ ဝန်ထမ်းအမျိုးသား အမျိုးသမီးငယ်လေးတွေ ထမင်းဗူးကိုယ်စီကိုင်ရင်း လက်ဖက်ရည်ဆိုင်လေးဆီ ခပ်သွက်သွက်ဆင်းလာကြသည်။ထိုအခါ သောက်လက်စကော်ဖီလက်ကျန် အေးစက်စက်ကို ခပ်မြန်မြန်မော့ချကာ "၂၀၀၂ ခုနှစ်၊ မေလ (၂၆) ရက် ကဆုန်လပြည့်နေ့၏ (၁၇) ကြိမ်မြောက်မျှော်လင့်ခြင်း နှစ်ပတ်လည်" ကို လက်စသတ် ရုတ်သိမ်းပြီး သူတို့ကလေးတွေ နေ့လယ်စာစားရင်း နားနေနိုင်ကြဖို့ စားပွဲလေးမှ နေရာပေး ဖယ်ခွာလိုက်ရတော့သည်။

ကလေးတို့ရယ် . . .

စားပွဲလေးပေါ် ကျန်ရစ်ခဲ့တဲ့ "အလွမ်းရသ"တွေကိုတော့ မင်းတို့အသုံးမကျပေမယ့်ဖယ်ရှားမပစ်လိုက်ကြပါနဲ့လားကွယ် . . .။

■

People - ၂၀၀၂ ခု၊ ဇွန်လ



www.burmeseclassic.com

www.burmeseclassic.com

# အုံ့ပုန်း . . . ပုန်းညက်၊ ဆံထက်စံပယ်

www.burmeseclassic.com

www.burmeseclassic.com



# အုံ့ပုန်း..ပုန်းညက် ဆံထက်စံပ



www.burmeseclassic.com

www.burmeseclassic.com

# အို့ပုန်း . . . ပုန်းညက်၊ ဆံထက်စံပယ်

"တောလားမှ တောင်ပြင်၊
ပုန်းညက်အနန်း . . .
နှင်းဆီပန်းနှင့် စခန်းကြိုင်သင်း
ရဂုံတွင်းမှာ ငှက်မင်းသားနှယ်
ရွှေစလွယ်ကို သုံးသွယ်ဆင်လို့ . . ."

ကရကဋ်ရာသီ ရောက်ပေပြီ။ ပြဟ္မာန်သန်ကြယ်တာရာလည်း ထွန်းလင်း၏။ ညဥ့်ဦးယံရောက်သည်နှင့် ဇွန် စံပယ်ရနံ့တွေ ပျံ့နှံ့လှိုင်ကြူသည်။ ဓမ္မာရုံထောင့်က ပုန်းညက်ပင်လည်း အပွင့် ခေါင်းပြူလာတာ အစီအရီ . . .။ မကြာမီ . . . ဝါဝင်တော့မည်။

မနက်ကတည်းက လေးဉာဏ်သိန်းသည် တစ်အိမ်တက်ဆင်း လူစုနေ၏။

ချမ်းမြေ့ရတနာ

www.burmeseclassic.com

www.burmeseclassic.com



ညနေရောက်လျှင် ဓမ္မာရုံကို သန့်ရှင်းဆေးကြောကြမည်။ ပြီးတော့ နေမဝင်မီ ဆွမ်းတော်ကြီးခံ ထွက်ကြမည်။ ဝီရိယ ကောင်းသော ကိုကြီးစံကတော့ သူ့ဗိုထောင် ပလုတ်တုတ်ကို ပြီးခဲ့သည့် ဥပုသ် ကတည်းက သားရေကြိုးတင်း နေပူပြကာ အသံစမ်းကြည့်ပြီးပြီ။ ပြီးတော့ မောင်းဆိုင်းဘောင်ကိုလည်း သဘော်ဆေး အပြာရောင် သုတ်ပြီးပြီ။ ထို့နောက် သံသေတ္တာအောက်ဆုံးမှာ သိမ်းထားသော ကမြစ်လက်ရှည်အဖြူအင်္ကျီနှင့် ပိတ်လုံချည် အဖြူလေးကို ထုတ်ပြီး ဖွတ်လျှော် မီးကြွေထိုးပြီးပြီ။

ဓမ္မာရုံဇရပ်ကလည်း နင်လားငါလား သန့်ရှင်းရေးလုပ် စရာမလို။ သကြၤန်အပြီး နှစ်ဆန်းတစ်ရက်နေ့ကသေချာဆေးကြော ပြီး ဆင်းတုတော်များလည်း ရေသပ္ပာယ်ထားပြီဖြစ်၏။ ဇရပ် အမကြီးသမီး လက်ဖက်သုပ်တွေ လာပို့တော့ ဓမ္မာရုံ သန့်ရှင်းရေး လုပ်ငန်းက ပြီးစီးနေပြီ ဖြစ်၏။ ဘယ်သူမှ အိမ်မပြန်ကြတော့။ ဓမ္မာရုံဘေး ရေတွင်းမှာ တွင်းရေစိမ့်စိမ့်အေးအေးကို ချိုးပြီး ဆွမ်းတော်ကြီးခံထွက်ဖို့ ပြင်ဆင်ကြတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



(၁)

*"မင်းကွန်းခေါင်းလောင်းကြီးကို*
*ရောက်အောင်ဘယ်လိုတည်. . .*
*ဩော်. . . ခွေးတိုးစက်က ဘယ်မှာရနိုင်မည်၊*
*ကြိုးနဲ့လက်နဲ့ဆွဲကာ နွဲ့ကာမြဲရရှာလေသည်. . .။*
*ရသေ့ရှင်ခန့်ီ. . ."*

ဆွမ်းတော်ကြီးခံအဖွဲ့က ပုံထောင်ခေါက်ပြီး မောင်းသံ တဒူဒူဖြင့် "မြန်မာ့ဂုဏ်ရည်" သီချင်းကို တီးမှုတ်ကာ ရပ်ကွက်ထဲ "ပြ"တိုင်းလှည့်ပြီး ဆွမ်းကြီးခံ၏။ ဦးလေးခ၏ စက်ဘီးနောက် ကယ်ရီယာမှာ မောင်းဆိုင်းကိုတင်ပြီး ကိုမွတ်စိကတီးသည်။ပုပုက ပုလွေမှုတ်၏။ ကိုကြီးစံက ပုံထောင်ခေါက်သည်။ကိုတင်ကသံလွင် လင်းကွင်းလေးနှင့် စည်းလိုက်သည်။ ကလေးနှစ်ယောက် ရှေ့ နောက် ထမ်းထားသော ကြေးမောင်းကြီးကို ကျွန်တော်က အချက်



www.burmeseclassic.com

www.burmeseclassic.com



ကျကျ တဒူဒူထုရသည်။ ကြေးမောင်းကြီးကို ရွှေချထားရုံသာမက မောင်း လက်ရုံးကလည်း ပန်းခက်၊ ပန်းပုများနှင့် မွမ်းသထား၏။ ကတ္တီပါ လက်ခတ်ကြီးနှင့် အမြိတ်ီးခတ်နေ၍ ရွှေတွေ ပွန်းပါးကာ ကြေးသားပေါ်နေသော မောင်းထုကြီးအပေါ်မှာ ဝိုက်ပြီး ကနုတ် လက်ရေးဖြင့် . . . . "ပုညကာရီဓမ္မာရုံ" ဟူသော စာတန်းလည်း ရေးထိုးထားသည်။

ကာလသား လူပျိုပေါက်များက ဆွမ်းကြီးခံဗျပ်ဆိုင်များ၊ ဒေါင်းလန်းကြီးများ ဆွမ်းအုပ်ကြီးများကို ဟသ်ပြဒါးဆေးသုတ်ဆိုင်း ထမ်းများဖြင့် ထမ်းကြသည်။ ရှေ့ဆုံးမှာက ကြေးစည်ကြီးတစ်လုံး ကို နှစ်ယောက်ထမ်းကာ တဝေဝေထုရသည်။လေးညာဏ်သိန်းက ရုပ်စုံငွေဖလားကြီးတစ်လုံး ကိုင်ကာ သူ့လူတွေ ကြည့်ပြီးကွမ်းတမြုံ့ မြုံ့ဖြင့် ကျေနပ်နေတတ်ပါသည်။

ကျွန်တော်တို့ဆွမ်းကြီးခံအဖွဲ့က ဓမ္မာရုံမှထွက်ပြီး ဒေါင်း ရိုး၊ ကိုင်းတန်းဈေး၊ သက်န်းတန်း၊ ပန်းဆိုးတန်း၊ ဆိုင်းတန်းဘက် လှည့်ပြီး မိကျောင်းတံတားမှ ပြန်လာသည့်အခါ ပြန်သည်။ ဒေါင်းရိုး၊ ဝါးတန်း၊ ယွန်းတန်း၊ ကျောက်သွေးတန်း၊ ဆေးရိုးဝင်း၊ ဒီဘိုးလမ်း၊ ထုံးဘူးတန်းမှ ပြန်သည့်အခါ ပြန်၏။ သို့မဟုတ်က အနောက်ဘက် မိကျောင်းတံတားမှထွက်ပြီး ဥယျာဉ်တန်း၊ ဦးတာရဲ ဈေး၊ ကျောက်ဆစ်တန်း၊ ပဲဝင်း၊ ပေါက်ပေါက်တန်း၊ ဓာတ်နန်း၊ ပုဏ္ဏားစုမှလည်း လှည့်ပြန်တတ်ပါသည်။

ဤခရီးစဉ်သုံးခုတွင် ဓမ္မာရုံထွက်ကာ ဒေါင်းရိုးဘက် တက်ပြီး၊ ဒေါင်းရိုးဦးလေးပေါ်တိုက်မှ မြောက်ချိုးလျှင်ကိစ္စမရှိ . . ။ ဒေါင်းရိုးမှ အရှေ့ဘက်တက်ပြီး ရေချိုဦးအေးမောင်တိုက်ရှေ့မှ ဝါးတန်းဘက် တက်လိုက်လျှင် . . ရင်တွေခုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ပလုတ်တုတ်တုတ်. . . တုတ်. . . တုတ်
ပလုတ်တုတ်. . . တုတ်
ပလုတ်တုတ်. . တုတ်. . . တုတ်” ဟူသော ဗုံထောင်ခေါက်အပြီး စည်းချက်ဝါးချက်အကျ. . .

“ဒူ. . . ဟူ. . . ဟူ. . . ” ဟူ၍ ကြေးမောင်းကြီးကို ထုရသူ ကျွန်တော်မှာ ရေချိုဦးအေးမောင်တိုက်ကျော်ကတည်းက ရင်တွေခုန် စိတ်တွေလှုပ်ရှားကာ အယောင်ယောင်အမှားမှားဖြစ်ရ၍ လေးညာဏ်သိန်း၏ မျက်စောင်းထိုးခြင်း မကြာခဏခံရပါ၏။

၈၅ လမ်းနှင့် ၂၉ လမ်းထိပ်ရောက်လျှင်ယွန်းဗျပ်ကလေးနှင့် အမောက်. . . သရက်သီးတွေ၊ သုံးငါးဘီစကွတ်မုန့်ထုပ်တွေ၊ ဦးကာက လက်ဖက်ခြောက်ထုပ်တွေ ထည့်ပြီး ဆွမ်းတော်ကြီးခံအဖွဲ့ကို လှမ်းမျှော်ကြည့်နေသူလေးကို မြင်ရလိုက်ပြီဆိုလျှင်ဖြင့် ကျွန်တော့်မောင်းသံတဒူဒူက ရင်ထဲမှာဒလစပ် ပဲ့တင်ထပ်ပြီး တလှုပ်လှုပ် ရင်ခုန်တော့သည်။ တိုင်းရင်းသားနှင့် ပြည်ကြီးသွေးရောစပ်ထားသူလေးမို့ အသားအရေက အဝေးကကြည့်လျှင်ပင်ဝင်းနေ၏။ တိုင်းရင်းသားနှင့်ပြည်ကြီးသွေးပေမင့်. . နှာတံက စင်းပြီး ထင်ပေါ်သည်။ မျက်ဝန်းက ဖြူစင်းသောအသားနှင့် ဘာမျှမဆိုင်သလို ညို့သည်။ သို့သော် နှုတ်ခမ်းက ဆေးမတင်ရပါဘဲ ပန်းသွေးပြေးနေ၏။ ထို့အတူ အရပ်အမောင်းက ကောင်းသည်။ ကိုယ်လုံးကိုယ်ပေါက်က အရပ်အမောင်းနှင့် လိုက်ဖက်ရုံ ပြည့်သည်။ ဆံပင်ကတော့ ထိုအချိန်ကခေတ်စားနေသောသရီးစတက်ဖြစ်မှာပေါ့။ သို့သော် ကုပ်ပေါ်ဝဲကျနေသော ဆံပင်အထပ်ကို



www.burmeseclassic.com

www.burmeseclassic.com



နဖူးနှင့် နားသယ်စပ်ဆီ ဆံမျှင်တစ်မျှင်မကျန်ရဘဲ တင်းနေအောင် စုကာ အော်တိုမစ်တစ်ဆံညှပ်လေးဖြင့် စည်းနှောင်ထား၏။

ဆွမ်းတော်ကြီးခံအဖွဲ့က သူ့ရှေ့ရောက်လျှင် ဒေါ်င်းလန်းဆိုင်းထမ်းကြီးဆီသို့ ခပ်ရှိုရှို့လာပြီး ယွန်းဗျပ်လေးထဲက လျှူဖွယ်ပစ္စည်းတွေ တစ်ခုချင်းထည့်၍ လှူသည်။ ဒေါင်းလန်းဆိုင်းထမ်းက ကျွန်တော့်ရှေ့မှာဆိုတော့ ခေါင်းလေးငုံ့ကာ လှူဖွယ်တွေ ထည့်နေသည့် သူ့နဖူးလေးကို ငေးကြည့်နေမိသည်။ ပစ္စည်းတွေထည့်ပြီး ခေါင်းလေးပြန်အမတ် ကျွန်တော်က အကြည့်ပြန်အလွှဲ. . .၊ သူ့မျက်ဝန်းညို့၏ ဖျတ်ခနဲ လျှပ်တစ်ပြက်ရောက်အလာ. . .။ ဒါပါပဲလေ. . .။ ဒီလိုနဲ့. . . .။

* * *

ဝါဆိုလပြည့်နေ့ရောက်လျှင် မနက် အရုဏ်မတက်ခင် မဟာမုနိဘုရားကြီး မျက်နှာသစ်တော်အမီ လမ်းလျှောက်သွားကြတော့ လမ်းမီးတွေ ပျက်နေတတ်သည့် ၈၄ လမ်းတစ်လျှောက်မှာ ဘုရားကြီးဆီ ဦးတည်နေသော ခြေကျင်ဘုရားဖူးများဖြင့် စည်ကားနေတတ်၏။ လမ်းမကြီးပေါ်တွင် ဘုရားဖူးများ၏ စကားသံဖြင့် စီစီညံနေတတ်ပါသည်။ မနက် (၄) နာရီပင် မထိုးသေးတာကြောင့် လမ်းမကြီးပေါ်မှာ ယာဉ်အသွားအလာကလည်း မရှိသလောက် ရှင်းလင်းနေ၏။ တစ်ခါတစ်ရံ ဒေါနခြံရပ်ဆီမှ ကုန်စိမ်းမြင်းလှည်း တစ်စီးစ နှစ်စီးစကို ခွာသံတဖြောင်းဖြောင်းနှင့် ဈေးချိုသို့အသွား ဆုံရတတ်သည်။

အေလမ်းကျော်လျှင် ပေါက်ပေါက်တန်း အရုဏ်တော် အဖွဲ့ကြီးက ရှေ့ဝင်း နောက်ဝင်းခင်းပြီး ဘုရားကြီးဆီ အရုဏ်ဆွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကပ် ဝတ်တက်ဖို့အသွားနှင့် အမြဲကြုံရပါ၏။ ကြေးစည်သံ တဝေဝေ . . .။ မောင်းသံတဒူဒူနှင့် ရေကင်းနရည်းတီးလုံးကို ခပ်ညက်ညက်လေးတီးကာအရုဏ်တော်အဖွဲ့ကြီးလှည့်သွားပုံမြင်ရသည်မှာ ကြည်နူးစရာကောင်းလှပါသည်။

"အောင်ရုံ" ပေါက်ကျော်ပြန်တော့ ၈၄ လမ်းအတိုင်း မြောက်ဆီမှ ဖောက်ဝက်စ်ဂွန်း အင်ဂျင်စက်သံ တဒီးဒီးကြားရလျှင် ကျွန်တော့်မှာ နောက်ဆီ လည်တပြန်ပြန် ဖြစ်ရသေးသည်။ ကားစက်သံ ဖြည်းဖြည်းချင်း ဝေးရာမှ နီးလာ၏။ နီးလာသော ကားစက်သံနှင့်အတူ ကျွန်တော့်ခြေလှမ်းတွေလည်း နှေးနှေးလာသည်။ နောက်သို့ လှည့်လှည့်ကြည့်ရတာ အမော. .။

ဖောက်ဝက်စ်ဂွန်းကား အင်ဂျင်သံက အခြားကား အင်ဂျင်သံနှင့်မတူ ကွဲပြားသည်။ ဒါကြောင့် ဟို. . . ခပ်ဝေးဝေးကတည်းက အင်ဂျင်သံကို ခွဲခြားသိပြီး လည်တပြန်ပြန်ဖြစ်မိသည်။ ဝတ္တုဆန်ဆန်ပြောလျှင်တော့. . . မည်သည့်နေရာကဖြစ်စေနှလုံးသားက ရုတ်ချည်းသိသည်ဆိုပါတော့. . .။

ကားအင်ဂျင်စက်သံသည် တဖြည်းဖြည်း နီးကပ်လာပြီး နောက် အနားသို့ ရောက်လုရောက်ခင်တွင်ကျွန်တော့်ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားကာ ကားကလေးကို တမေ့တမော ငေးကြည့်မိသည်။ ပေါင်မုန့်ပုံစံ ဖောက်ဝက်စ်ဂွန်းကားကလေးဖြတ်သွား. . .။

ပြီးတော့ တောင်ဘက်ဆီ ဝေး ဝေးသွား . . .။

ထိုကားလေးပေါ်မှာ ဝါးတန်းသူလေးပါသွားတာသေချာသည်။ သူတို့မိသားစုလည်း ဘုရားကြီးသွားကြတာဖြစ်၏။ဆွမ်းကြီးခံစဉ်တုန်းကတော့ မျက်ဝန်းအညို့ကို ဖျတ်ခနဲ ခံစားရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အခုလို မနက် (၄) နာရီမထိုးမီ မှောင်တိမှောင်မည်းလမ်းမပေါ်မှာ တော့ . . . ဖြတ်သွားသော ကားပေါ်မှ "သူ့" ကို လမ်းဘေးမှ ကျွန်တော်က လူလုံးလူဖန်ပင် သဲကွဲစွာ မသိ။ ကားသံလေး . . .၊ ကားကလေးမြင်ရရုံဖြင့် . . . ဝမ်းသာကြည်နူး ခံစားခဲ့ဖူးပါ၏။

ဘုရားကြီးရောက်ပြန်တော့ ဂန္ဓကုဋီတိုက် အပြည့် . . .၊ ရင်ပြင်တော်အပြည့် . . .၊ လူချင်းထပ်မျှ ဖြစ်နေသည့်အပြင် . . . မြို့မျက်နှာဖုံး၊ ဘုရားဒကာ၊ ကျောင်းဒကာ မိသားစုမို့ . . . ပလ္လင် တော်အနား နီးကပ်စွာရှိနေကြမှာမို့ . . . စောင်းတန်းထိပ် အာရုံခံ ဆီမှ လှမ်းမျှော်ဖူးရသူ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်နိုင်ဖို့ ခဲယဉ်း လှပါ၏။

သို့သော် . . . ဝါဆိုလပြည့်နေ့တိုင်းမနက်အရုဏ်မတက် မီကပင် စိတ်လက်ကြည်နူးလန်းဆန်းကာ စိတ်ဆိုးစိတ်ညစ် မြူမျှ မထင်ဘဲ သန့်ရှင်းနေတာတော့ အမှန် . . .။

* * *

ဝါဆိုလပြည့်ကျော် (၁) ရက်နေ့မှာတော့ မန္တလေးမြို့ရှိ ဘုန်းကြီးကျောင်းတိုက်ကြီးများမှာ ဝါဆိုပွဲနှင့် ဝါဆိုပန်းကပ်ပွဲ ဆင်နွှဲကြသည်။ မွန်းတိမ်းကတည်းက ကျောင်းတိုက်ကြီးများတွင် ဝါဆိုပန်းကပ်ကြပြီး အကျွေးအမွေးဖြင့် ဧည့်ခံ၏။ တချို့ကျောင်း တိုက်ကြီးများက အသံချဲ့စက်များဖွင့်သည်။အချို့ကတီးဝိုင်းများပင် ပါ၏။

ကျွန်တော်တို့ ဆွမ်းတော်ကြီးခံအဖွဲ့က နဲ့၊ စခွန့်နှင့် သံ ပတ္တလားပါ တိုးချဲ့ကာ ခါးပြတ်တီးဝိုင်းလေးဖြစ် ရတနာပုဂံတိုက် ထဲမှ စိန်ရွှေရတနာကျောင်းမှာ ဧည့်ခံသည်။ သည်ကျောင်းက



www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုပန်းကပ်ပွဲမှာ နှစ်စဉ် တီးဝိုင်းပါတတ်တာမို့ . . . ပရိသတ်များဖြင့် စည်ကားနေပါ၏။ ကျောင်းနောက်မှာ ညချင်းသုပ်ကို ဇလုံကြီးတွေနှင့် သုပ်လို့မနိုင် . . .။ ရှလပတ်ရည်ကလည်း ဒန်အိုးကြီးများနှင့် ဖျော်လို့မလောက် . . .။

လာသမျှ မိန်းမပျိုလေးတွေမှာလည်း တီးဝိုင်းနှင့် ကလို့ခုန်လို့ မပြီး . . .။ ပွဲကုန်းသူ၊ ထန်းမြင့်သူ၊ ဥယျာဉ်တန်းသူ၊ ဓာတ်နန်းသူ၊ ဈေးချိုသူ အချောအလှတွေ တစ်စုတစ်စည်းတည်း၊ တစ်နေရာတည်း ကကြတာမို့ ကာလသားများက တရှုန်းရှုန်း . . .။ ပွဲအုပ်လေး ဉာဏ်သိန်းပင် စိတ်ညစ်ယူရတတ်သည်။

ဝါဆိုလပြည့်ကျော် (၁) ရက် . . . ဝါဆိုပန်းကပ်ပွဲမှာ ကျွန်တော်တို့ကျောင်းက သည်နားတစ်ဝိုက် ဖေးဖရိတ်အဖြစ် ကျိတ်ကျိတ်တိုးနေတတ်သော်လည်း ကျွန်တော်က လေးဉာဏ်သိန်းလစ်သည်နှင့်တစ်ပြိုင်နက် မြောက်ဘက် ထီးလင်းတိုက်က ရွှေဒဂုံ်းကျောင်းသို့ အပြေးအလွှားကူးသည်။ ရွှေဒဂုံ်းကျောင်းမှာ သူငယ်ချင်း ကိုရင်ဝင်းမြင့် ရှိသည်။ ရွှေဒဂုံ်းကျောင်း ဒကာ၊ ဒကာမများက ဝါးတန်းမှချည်းဖြစ်ပါ၏။ ထိုနေ့တွင် ကျောင်းဝင်းအတွင်း ကားတွေပြည့်နေတတ်သည်။ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ ဝါးတန်းအဖွဲ့မှလွဲပြီး အပြင်ပရိသတ် သိပ်မရှိလှ . . .။

ရတနာပုဂံတိုက်မြောက်ပေါက်သံတံခါးဖြတ်ကျော်လိုက် ပြီးကပ်လျက် ရွှေဒဂုံ်းကျောင်းဝင်းထဲကို တစေ့တစောင်း လှမ်းအကြည့်မှာ ဖောက်ဝက်စ်ဂွန်း ပေါင်မုန့်လေးတွေ့ ရလျှင် ကျက်သရေခန်းထဲ ခပ်သွက်သွက်ဝင်ပြီး ကိုရင်ဝင်းမြင့်ထံမှ ဘိလပ်ရည်တွေ၊ ဆန္ဒွင်းမကင်းတွေ၊ ကျောက်ကျော၊ မာစကတ်မုန့်ပွဲတွေပြင်ခိုင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ဝါးတန်းမမတို့ဝိုင်းအား လောကွတ်ပြုကာ ဧည့်ခံ၏။ ကိုရင်ဝင်းမြင့်က "တို့က ဧည့်ခံထားပြီးပါပြီဟ" ဟု စပြောင်တတ်သည်။ မည်သို့ဆိုစေ . . ကျွန်တော်ကိုယ်နှိုက်က . . သူတို့ဝိုင်းမှာ မုန့်ပွဲတွေ ချပေးလိုက်ရဖို့က အဓိကမဟုတ်ပါလား။

"ဩော်. . . ဩော်. . . ရပါပြီကွာ၊ ဒီမှာ ဘာမှတောင် မစားကြရသေးလို့ မကုန်သေးပါဘူးကွ. . ." ဝါးတန်းမမ လှမ်းပြောကာ မှတ်မိသည့်အမူအရာဖြင့် ပြုံးကြည့်လိုက်လျှင် ပြီးတော့ သူ့ခေါင်းမှာ တစ်ကုံးတည်း ပန်ထားသည့် စံပယ်ပန်းလေးတွေဆီက ပန်းရနံ့လေး အသက်မျှင်းမျှင်းရှူကာ ခံစားလိုက်ရလျှင်ကျေနပ်ပါပြီ. . .။ ရွှေဒဂုံကျောင်းပေါက်မှ ပုန်းညက်ပင်ကလည်း စံပယ်နှင့်အပြိုင် အပွင့်တွေဝေနေ၏။

ဒါပါပဲ. . ပြီးပါပြီ. . ။ ဒီလိုနှင့် ဝါဆိုပေါင်းများစွာကို ဖြတ်သန်းခဲ့ပါတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

တလောကအောင်တော်မူရပ်ရှိအိုရီယမ်တယ်ဟောက်စ်မှာ မမအတွမ်းနှင့်တွေ့သောအခါ ကျွန်တော့်မိသားစုအကြောင်းမေးရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောဖြစ်ကြတော့ . . . အမှတ်မထင်ဘဲ မြန်မာ့ခေမဂ္ဂဇင်းမှာ ကျွန်တော်ရေးနေသည့် မန္တလေးမျဉ်းဖြောင့်ထဲက ဝါးတန်းသူလေးအကြောင်း ရောက်သွားသည်။ မမအတွမ်းက. . .

"ငါနဲ့အဗွီးနဲ့တောင် နင့်ဆောင်းပါးဖတ်ပြီး ပြောဖြစ်သေးတယ်။ အဲဒီကောင်မလေး ငါတို့ဘွဲ့ရတဲ့နှစ်မှာပဲ အိမ်ထောင်ကျပြီး တောင်ကြီး ပြောင်းသွားတာဟ. . .။ သူက ကျောင်းတောင်မပြီးလိုက်ဖူးတူပါတယ်။ နင်တို့ဆွမ်းတော်ကြီးခံလာရင် တစ်ဖွဲ့လုံးက အဲဒီကောင်မလေးပဲ ငမ်းကြတာမဟုတ်လား. . .။ ငါတို့က သိပါတယ်နော်. . .။ တို့ကတောင် ဒီဘက်က ခံပြင်းနေကြတာ၊ အမလေး. . . တို့လည်း အပျိုနုနုထွတ်ထွတ် လှလှပပလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲနော်. . . လို့ပေါ့ဟာ။ ပြီးခဲ့တဲ့ သင်္ကြန်တုန်းကတောင်. . . သူတို့မိသားစု မန္တလေးလာသေးတယ်ဟ. . . ။ အခု သူ့ပုံစံ နင်မြင်စေချင်တယ်။ ဝဝဖိုင့်ဖိုင့် အကြီးကြီး၊ အခုနေ နင်နဲ့ သားအမိဆိုရင် ယုံတယ်။ ဒါထက် အဲဒီတုန်းက နင်နဲ့က"သမီးရည်းစားလည်းမကျ၊ ဘာမှလည်းမဖြစ်" အခြေအနေမဟုတ်လား. . ဟ. . . "

မမအတွမ်းက ပြောရင်းရယ်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ သည်တုန်းက ကျွန်တော့်ကိုသူကသိမှာမဟုတ်. . . ။ ကျွန်တော်ကသာ စိတ်ထဲ တစ်ဖက်သတ် ကျိတ်ခံစားနေမိခြင်း ဖြစ်သည်။

ဒီခံစားမှုကလည်း "ဝါဆိုလ" ရောက်လို့ ဆွမ်းကြီးခံထွက်ကြမှသာ. . .

ဒီလိုနဲ့. . . ၊

"ဝါဆို" သည် အကြိမ်ကြိမ် ဖြတ်ကျော်ပြီးသွားခဲ့သော်လည်း ဤသို့သော "ဝါဆို" များကတော့. . . အဝေးကြီးမှာ အဝေးကြီးမှာ . . . ကျန်ရစ်ခဲ့ပါပြီ။

ဒါပေမဲ့. . .

စံပယ်နှင့် ပုန်းညက်ကတော့ ပွင့်နေပါလိမ့်ဦးမည်။

■

People - ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ



www.burmeseclassic.com

www.burmeseclassic.com

# ဖန်ပြွန်သစ္စာပန်း

www.burmeseclassic.com

www.burmeseclassic.com

# ဖန်ပြွန်သစ္စာပန်း



www.burmeseclassic.com

www.burmeseclassic.com

# ဖန်ပြွန်သစ္စာပန်း

*"ကမ်းစတွင်၊ ပိန်းပင်ကလေးတွေ*
*ဟိုယိမ်း သည်ယိမ်း*
*စိမ်းလဲ့လဲ့ အလှဆောင် စိုစိုပြေပြေ*
*မြရောင်မှိုနတိုတွေ. . ."*

သီချင်းကလေး တိုးတိုးညည်းရင်း စမ်းချောင်းကလေးက တက်လာတော့ နံနက်ခင်းနေခြည် တစ်စွန်းတစ်စသည် သစ်ရွက်ကြို သစ်ရွက်ကြားမှ ချောင်းကြည့်စ ပြုနေပြီ။ မနေ့ညက သည်းကြီးမည်ကြီး ရွာထားသော မိုးကြောင့် ချောင်းစပ်ကမ်းစသည် တလင်းလို ညီညာပြေဆင်းနေ၏။ စောစောက ချောင်းထဲဆင်း ရေးချိုးသော ခြေရာတစ်စုံပဲ ထင်းထင်း ပေါ်နေသည်။

ချမ်းမြေ့ရတနာ

www.burmeseclassic.com

www.burmeseclassic.com



ယခုရက်ပိုင်းမှ မိုးက တော်တော်ကောင်းနေ၏။ ညနေစောင်းသည်နှင့် စနေထောင့်ဆီမှ မိုးသားမည်းညို့ညို့တွေ တလိပ်လိပ်တက်လာကာ အချိန်မဆိုင်းဘဲ ဝုန်းဒိုင်းကြဲ ရွာချလိုက်သည်။ တစ်ညလုံးဆိုပါတော့။ မနက်လင်းလာလျှင် မနေ့ညက သူမဟုတ်သလို မျက်နှာပြောင်တိုက်လာသော နေသည် တစ်နေ့လုံး အစွမ်းကုန် ပူပြင်းတော့မည်။ ထို့နောက် ညနေစောင်းသည်နှင့် သုန်မှုန်ညိုမည်းလာကာ ဒေါသကြီး၊ စိတ်ဓာတ်ပြင်းထန်လာကာ သူ၏ဘယ်လက်ရုံး၊ ညာလက်ရုံးဖြစ်သော မိုးနှင့်လေဖြင့် ဒလကြမ်းတိုက်စစ်ဆင်တတ်လာတာလည်း နေ့စဉ်အမျှလိုဖြစ်နေ၏။

'နယုန်မိုးသေး၊ မြက်သားမွေး' ဟူသောဆိုရိုးစကားသည် နယုန်ဆန်းကတည်းကပျက်ပြယ်ခဲ့ပြီးနောက် ဆက်တိုက်ဆက်တိုက် ရွာချလိုက်သော မိုးကြီးလေကြီးက ယခု ဝါဆိုလဆန်းလုတိုင်ဖြစ်သောကြောင့် 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်' နှင့် စင်းလုံးချောဆက်စပ်သွားတော့မည်။

ဘာပဲပြောပြော ဒီနေ့လည်း ထုံးစံအတိုင်း မနက်ပိုင်းမှာတော့ နေသာလာ၏။ထုံးစံအတိုင်းကိုယ်လက်သန့်စင်ပြီးနောက် ရေမိုးချိုးကာ ထုံးစံအတိုင်း ရေဒီယိုလေးဖွင့်ကာ နားထောင်ဖြစ်သည်။ တကယ်တော့ ရေဒီယိုလေး ဖွင့်နားထောင်နေချိန်တွင် သဘာဝကော်ဖီစစ်စစ် ပူပူလေးတစ်ခွက် တဖူးဖူးမှုတ်ကာ သောက်သင့်နေသည်ပေါ့။ သို့သော်. . မီးက မမှန်တော့ ရေနွေးအိုးလည်း မတည်ဖြစ်. . .။ ထို့ကြောင့် ရေဒီယိုကလေး ကမန်းကတန်းနားထောင်ပြီး သပြေခြံကြီးများ၏ နောက်ဖေးလမ်းကြားကလေးအတိုင်း အဝေးပြေးလမ်းမကြီးဆီသို့ လမ်းလျှောက်ထွက်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁)

တကယ်တော့ ခြံဝင်းကျယ်တစ်ခုမှာ တစ်ထပ်အိမ်ကလေး တစ်လုံးနှင့် သရက်လေးစိုက် သပြေလေးစိုက် နှင်းဆီလေးစိုက်ပြီး ဖတ်ချင်သောစာဖတ် ရေးချင်သောစာကလေးရေးနိုင်လျှင်နေပျော်ပြီဟု ထင်မှတ်ခဲ့သော်လည်း မိုးကလေး တစ်ပြိုက်နှစ်ပြိုက်လောက် ရွာလာတာနှင့် ခြံရှေ့လမ်းပေါ် ရေတွေဝပ်လို့ ရွှံ့စေးဖြစ်သွားတာတွေ၊ ခြံထဲ အင်္ဂါထောင့်မှာ ရေအိုင်ကြီးတစ်အိုင် ဖြစ်ကျန်ရစ်ပြီး မြေကား ၃ စီး၊ ၄ စီး အနည်းဆုံး လိုအပ်တာတွေ၊ ရွှံ့စေးကျစ်မြေမို့ သစ်ပင်တွေ အမြစ်မစွဲဘဲ သေသေသွားတာကြောင့် နှုန်းမြေ၊ ဖွဲပြာနှင့်သဲနှုတို့ ရောစပ်ကာ ထုထည်ကြီးကြီးချသင့်တာတွေ၊ သောက်ရေအတွက်က ပေ ၁၅၀ ကျော် တူးထားသော်လည်းနေ့စဉ် အင်ဂျင်နှင့် မောင်းနှင်ခုတ်တင်ပါမှ ပိုက်ခေါင်းဖွင့်လျှင် လျှံထွက်လာသောရေသည် အထားကြာလာလျှင်ရေအိုးနှုတ်ခမ်းမှာ ဆားကလေးတွေ ပွင့်လာတတ်တာတွေ၊ဂရမ်မီဆုရခာတ်ပြားချပ်ကလေးတွေ နားထောင်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အော်စကာဆုရ ရုပ်ရှင်ကားကြီးတွေကြည့်ဖို့အတွက် ဓာတ်ပြား စက်ကလေးဖွင့်ဖို့ကလည်း လျှပ်စစ်မီတာလေးတစ်လုံးရှိဖို့ လိုအပ်တာတွေ. . .။

ဖောင်ပိတ်ရက်အမီ ပို့ရမည့် စာမူတချို့ နေ့ခင်း၂ နာရီ မတိုင်မီ အမြန်ချောပို့မီရန်အတွက် မြို့ဆင်ခြေဖုံးနှုတ်ခမ်းဆီအထိ ပင် ၁၅ မိနစ်ခန့် စက်ဘီးနင်းနိုင်မှ ရောက်သော နေရာလေးမှ မြို့လယ်စာတိုက်ကြီးဆီသို့ ရေးကြီးသုတ်ပျာခရီးအတွက် ဆိုင်ကယ် ကလေးတစ်စီးတစ်လေ လိုအပ်တာတွေ. . ။

သည်လိုသာ စဉ်းစားရလျှင်ဖြင့် ‘လူ့အလို နတ် မ,မနိုင်’ ဖြစ်ရပေတော့မည်။ မတတ်နိုင်။ ဖြစ်သလိုပဲ စခန်းသွားရုံပေါ့။ သည်အတွေးတွေကဖြင့် ဘာမဟုတ်သည့် ကော်ဖီလေးတစ်ခွက် အတွက်ပင် အိမ်မှာ အဆင်သင့်မဖြစ်နိုင်သဖြင့် ကော်ဖီဆိုင်လေး တစ်ဆိုင်ဆီ လမ်းလျှောက်သွားရတိုင်း စိတ်ထဲမှာ နေ့စဉ်နှင့်အမျှ ပေါ်ပေါက်လာသော အတွေးများပဲ ဖြစ်ပါသည်။ နောက်ဆုံးတော့ ထုံးစံအတိုင်း ‘သည်လိုပါပဲလေ’ ဟုသာ ဖြေသိမ့် ပြည်ဖုံးကားချရ သည်ချည်း ဖြစ်၏။

သပြေခြံကြီးတွေနောက်ကျောမှ ရေအိုင်စပ်စပ်ကလေး တွေရှိသော မြေလမ်းကလေးက သစ်ခွခြံကြီးတွေရှေ့ရောက်တော့ ကျောက်မှုန်များချကာ ခင်းကျင်းထားသဖြင့် အတန်အသင့် ပြန့်ပြူး ကောင်းမွန်ပါ၏။ညှော်ခံပွဲအမီသတို့သမီးပန်ဆင်ရန်အတွက် သစ်ခွ ပန်းတွေလာဝယ်သူတချို့ပင်သစ်ခွခြံကြီးများတံခါးပေါက်မှာ ရောက်နေကြပါပြီ။ ပိတ်ထားဆဲဖြစ်သော ခြံကြီးအတွင်းမှ ရွှေညို ရောင်ခွေးကြီး တစ်ကောင် နှစ်ကောင်က လူစိမ်းနံ့ရသဖြင့် ဂဏှာ



www.burmeseclassic.com

www.burmeseclassic.com



မငြိမ် ပြေးလွှားရင်း တဝုန်းဝုန်း ပေါင်နေကြ၏။ ခဏကြာမှ သံကြိုးသံ တချောင်းချောင်း အင်္ဂလိပ်နာမည်ဖြင့် ခွေးများ တကြော်ကြော်ခေါ် သံကြားကာ တုတ်နှောင်လိုက်ပြီး သစ်ခွပန်းဝယ်သူများ အတွက် တံခါးကြီးကို တဂျိန်းဂျိန်း တွန်းဖွင့်လိုက်တော့သည်။ ထိုအခါ . . .

ကိုယ့်အတွက်တော့ ဘယ်သောအခါမှ လိုအပ်လိမ့်မည်ဟု မထင်မှတ်ခဲ့ပေမယ့် လူများစွာအတွက် သစ်ခွပန်းတွေလည်း လိုအပ်နေကြောင်းကို နေ့စဉ်နှင့်အမျှ စဉ်းစားမိပါ၏။

မြောက်ဘက်နားကသရက်ခြံကြီးတစ်ခြံရှေ့ရောက်တော့ ခွေးသားအုပ်မတစ်ကောင်က စည်းရိုးကြားမှ ခေါင်းထောင်မကာ သွားဖြီးမာန်ဖီပြသည်။ ခွေးမ၏ နို့ပျဉ်းတွဲကို တပြွတ်ပြွတ် စုပ်ယူစို့နေကြသော ခွေးသားပေါက်လေးတွေက မျက်စိအောက်မှာပင် ခွေးလားမြောက်လာကြပြီဖြစ်၏။ ၄၊ ၅ ကောင်မကသော ထိုသတ္တဝါလေးများမှာ အားလုံးလိုလိုကမအေ၏အသွေးအမွေးပုံပန်းမျိုး မဟုတ်ဘဲ နှုတ်သီးချွန်ချွန်အချို့၊ နှုတ်သီးပြားပြားတချို့၊ ညိုညို အမွေးတချို့၊ ဖြူဖြူအဆင်းတချို့၊ အယ်လဇေးရှင်းလိုလို၊တယ်ရီယာလိုလို 'ကပြား' သားပေါက်လေးတွေဖြစ်နေ၏။ နို့ခွဲလျှင်ဖြင့် ဟောဟိုရွှေညိုရောင်အသွေးနှင့် နှုတ်သီးချွန်ချွန် အမြီးဖွားဖွား အထီးလေး တစ်ကောင် မ,သွားဖို့ စိတ်ကူးထား၏။

သည်စိတ်ကူးကလည်း ခွေးသားအုပ်မမြင်တိုင်း နေ့စဉ်နှင့်အမျှ တွေးကြံမိသည့် စိတ်ကူးဖြစ်ပါ၏။

ရွှေ့ဆက်အသွားလမ်းကလေးအချိုးအကွေ့ရောက်တွင် ကောက်ရိုးစင်ကြီးအောက်က ဝါးကွပ်ပျစ်ပေါ်မှာ ထမင်းပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီနှင့် မိသားစုကိုလည်း နံနက်ခင်းတိုင်း တွေ့နေရသေးသည်။ ဟင်းတစ်ခွက်ကို အလယ်မှာချကာ ထမင်းပန်းကန် လက်ဝါးပေါ်တင်ပြီး အားပါးတရ စားနေကြပါ၏။ သူတို့ကိုကြည့်တိုင်း မြင်တိုင်းလည်း ဘာလို့များ မနက်လင်းရင် ကော်ဖီတစ်ခွက်အတွက် သောကများနေရတာလဲ၊ ထမင်းကြမ်းတစ်ပန်းကန်နဲ့ ကိစ္စမပြီးပေဘူးလားဟု မိမိကိုယ်မိမိ ဆုံးမနေမိသည်မှာလည်း နေ့စဉ်ဖြစ်ပါသည်။

အဝေးပြေးလမ်းမကြီးနှင့် နီးလာသည်နှင့်အမျှ ခြံကျယ်ကြီးများက တဖြည်းဖြည်း အစိတ်အပိုင်း အစုအစည်းများအသွင်ပြောင်းလာ၏။ အိမ်ခြေက စိပ်လာသည်။ ဘောလုံးပွဲကြော်ငြာဆိုင်းဘုတ်နှင့် ဗီဒီယိုရုံ လမ်းညွှန်ပိုစတာကိုလည်း တွေ့လာရပါပြီ။ သည်ပိုစတာကို မြင်တိုင်း ကမ္ဘာ့ဘောလုံးပွဲ စကတည်းက ပြီးသာသွားရော တစ်ပွဲတစ်လေမှ မကြည့်ဖြစ်ခြင်းအပေါ် မိမိကိုယ်မိမိ စိတ်ပျက်မဆုံး ဖြစ်နေမိ၏။ နောက် (၄) နှစ်ကြာလျှင် တစ်ပွဲမှ မပြတ်အောင် ကြည့်နိုင်ရန် အိမ်၌ စလောင်းဆင်ဦးမည် ဆိုတာလည်း နေ့စဉ် စိတ်ကူးဖြစ်ပါသည်။

ဗီဒီယိုပိုစတာလေးကျော်တော့ ရှေ့ခပ်လှမ်းလှမ်းအိမ်ဝင်းကလေးတစ်ဝင်းဆီ လှမ်းမျှော်ကြည့်မိပြန်၏။ ထိုအိမ်ဝင်းကလေးအတွင်းမှာ စိမ့်ရေတွင်းလေးတစ်တွင်းရှိသည်။ ထိုရေတွင်းလေးမှာ Kanebo အလှကုန် ကြော်ငြာမင်းသမီးလေးနှင့် တူသောကောင်မလေးတစ်ယောက် မျက်နှာသစ် ရေချိုးနေရော့မည်။ သူကမြို့ထဲမှ နာမည်ကျော် ဆေးဝါးကုမ္ပဏီအရောင်းဆိုင်ခန်းတစ်ခန်းမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။ သူ့ရုပ်ကလေးက သည်လိုအစွန်အဖျားရပ်ကွက်လေးထဲမှာ ထူးထူးခြားခြား ဘိုဆန်လှပနေသည်။ ပင်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အလှရှိနေသောကြောင့် (ပင်ကိုယ်ဆံပင်အရောင် မဟုတ်ပါလျှင်) သူ့ဆံပင်ကို ရွှေရောင်ဆေးမဆိုးဘဲ ပင်ကိုယ် ပိတုန်းရောင်ကေသာ အနက်လေးနှင့်ဆိုပါက 'ဖြန့်လိုက်လျှင်' တစ်ကိုယ်လုံး ပိုမိုဝေဆာနေမည်ဟု မဆီမဆိုင်လည်း တွေးမိနေပါသည်။ (မြို့ထဲရောက်၍ မြို့သားစိတ် အနည်းငယ်စိမ့်ဝင်လာမှ ကိုယ့်အတွေးက တော်တော်တောကျနေတာ သတိထားမိပြီး ရှက်မိတာလည်းအကြိမ်ကြိမ်. . )

အဝေးပြေးလမ်းမကြီးကို လှမ်းမြင်ရသောအခါဘက်ထရီအားသွင်းပြီး ထင်းမီးသွေးများရောင်းချသော အိမ်တစ်အိမ်က မနက်ခင်းတိုင်း ဖွင့်နေသော ဦးဥတ္တမသာရ၏ ပရိတ်တရားတော်ကို နာယူရပါ၏။ ထိုသို့ နာယူရတိုင်း သတိရမိသည်က မိမိဒိုင်ယာရီထဲတွင် ရေးမှတ်ထားသော ဂါထာလေးတစ်ပုဒ်ပင်ဖြစ်သည်။ ထိုဂါထာလေးကို မဂ္ဂဇင်းတစ်အုပ်ထဲမှ တကူးတကန့်ကူးပြီး မိမိကို နေ့စဉ် ညနေ နေဝင်ရီတရောအချိန်တိုင်း (၄၅) ခေါက် ရွတ်ဆိုရန် ပေးလာသော အစ်မတစ်ယောက်အား ရွတ်ဆိုဖြစ်အောင် ရွတ်ဆိုပါမည်ဟု နေ့စဉ် အကြိမ်ကြိမ်ကတိပေးခဲ့မိသည်ကိုလည်း သတိရမိပါ၏။ ထိုကတိကို ယခုညနေမှစ၍ စတင် အကောင်အထည်ဖော်မည်ဟု ဆုံးဖြတ်မိတာလည်း နေ့စဉ်ဖြစ်ပါသည်။

အဝေးပြေးကားလမ်းကကြီးပေါ် ရောက်သောအခါ ရှေးကတည်းက စိုက်ထားခဲ့၍ အရိပ်ကြီးကြီး မိုးပေးထားသော လမ်းနံဘေး ကုက္ကိုပင်တန်းကြီးအောက်တွင် ဆိုင်ကလေးတစ်ဆိုင်က အမြဲတမ်း လူစည်နေတာတွေ့ရသည်။ သုံးထပ်ပြားဖြတ်စလေးပေါ်တွင် မြေဖြူဖြင့် သပ်ရပ်စွာ 'ရှမ်းခေါက်ဆွဲသက်သတ်လွတ် တစ်ပွဲ ၃၅ ကျပ်' ဟု ရေးထားသည်။ ဆိုင်ကလေး ခင်းကျင်းထားပုံက



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်ရှင်းရှင်း . . ။ အငွေ့တထောင်းထောင်းထနေသော ဟင်းချို အိုးကို ဟင်းချိုခပ်ရန် အဖုံးဖွင့်လိုက်တိုင်း ဟင်းချိုနံ့ သင်းသင်းက မွှေးလာသည်။ စားနေသူများဆီ လှမ်းကြည့်လိုက်တော့လည်း မြိန်ရေယှက်ရေ . . . ။ 'သက်သတ်လွတ် ရှမ်းခေါက်ဆွဲ' တစ်ပွဲတော့ စားကြည့်စမ်းဦးမယ်ဟု ကြုံးဝါးချက်ကလည်း နေ့စဉ် ဖြစ်ပါ၏။ အခုတော့ ထိုကြုံးဝါးချက် မအောင်မြင်သေး။

အဝေးပြေးလမ်းမကြီးပေါ်တွင်Taxiတံဆိပ်တပ်ဗင်ကား ဖြူလေးတွေ ရိပ်ခနဲ ရိပ်ခနဲပြေးကာတောင်ပေါ်တက်သွားကြသည်။ (သို့မဟုတ်) တောင်ပေါ်က ဆင်းလာကြသည်။ တစ်ခါတစ်ရံတော့ ကုန်တင် ၁၀ ဘီးကားကြီးတွေ ကုန်အပြည့်အမောက်တင်ပြီး တအိအိ မောင်းနှင်လာတတ်၏။ ဗင်ကားလေးတွေပြီးလျှင် အတွေ့ များတာက ကုမ္ပဏီတံဆိပ်ပါ ကွန်တိန်နာ ကားသေးလေးများပဲ ဖြစ်ပါ၏။ ဘာပဲပြောပြော အဝေးပြေးလမ်းမကြီးဘေးမှာ ကျယ်ဝန်း သော လူသွားလမ်းလေးရှိသည်။ လူသွားလမ်းလေးကကုက္ကိုပင်နှင့် ယူကလစ်ပင်တန်းကြားမှာမို့ အရိပ်ကောင်းသည်။ ထိုလမ်းကလေး အတိုင်းသွားလျှင် မူလတန်းကျောင်းကျော်လိုက်သည်နှင့် လယ်ကွင်း တွေကို ဖြတ်ရမည်။ အရှေ့ဆီသို့ လယ်ကွင်းတွေကို ကျော်ပြီး ကြည့်လိုက်လျှင် ရိုးမတောင်တန်းပြာပြာကြီးအား တစ်မျှော်တစ်ခေါ် မြင်ရ၏။ လယ်ကွင်းတွေနှင့် လမ်းလေးကြားမှာ ဗေဒါတို့ဖြင့်စိမ်းကာ ကြာပွင့်နီနီလေးတွေ ရှိတတ်သော ရေမြောင်းလေးလည်း ရှိနေ သည်။ ထိုလမ်းကလေးအတိုင်း ဆက်လျှောက်သွား၊ လယ်ကွင်း တွေကို ဖြတ်ပြီး ဘုန်းကြီးကျောင်းဝင်းတစ်ဝင်းရောက်လျှင် ကျောင်း ရှေ့ မန်ကျည်းပင်ကြီးအောက်က ခုံတန်းမှာ ထိုင်ကာ အနားယူ၊



www.burmeseclassic.com

www.burmeseclassic.com



လာလမ်းအတိုင်း လှည့်ပြန်ရုံဖြင့် နှစ်မိုင်ကျော် သုံးမိုင်နီးပါး လမ်းလျှောက်ပြီးသားဖြစ်မည်။ လတ်ဆတ်သော သဘာဝလေကိုလည်း အားပါးတရ ရှူသွင်းနိုင်မည်။ စိမ်းမြသော သဘာဝ ပတ်ဝန်းကျင်ကိုလည်း တမေ့တမော ခံစားနိုင်၏။ ထို့ကြောင့် ကျောင်းဝင်းကလေးဆီအထိ ရောက်အောင် လမ်းလျှောက်မည်။ နေ့စဉ်မပျက် မကွက်ဆောင်ရွက်ရမည်။ သည်လိုပဲ အားတင်းခဲ့တာ မနှစ်က ဆောင်းမဝင်မီကတည်းက ဖြစ်ပါ၏။ အခုထိတော့ မအောင်မြင်သေး. . .။

လမ်းလျှောက်လိုက်မည်ဟု ကြံလေတိုင်း ကနဦးအောင်မြင်သည်က ကော်ဖီတစ်ခွက်သောက်ဦးမှဟူသော စိတ်ကူးပင် ဖြစ်သည်။ ထို့ကြောင့် လမ်းမကြီးဘေး ဆိုင်ကလေးက စားပွဲတစ်လုံးမှာ ထိုင်ရင်း ကော်ဖီတစ်ခွက်ကို မှာကာ တစိမ့်စိမ့်သောက်လိုက်မိတော့ ဝင်လာသည့် အတွေးတွေက လမ်းလျှောက်ဖို့ အစီအစဉ်ကို မေ့လျော့သွားစေပြန်၏။ သို့သော် ထိုအတွေးများ၏ အဆုံးသတ်သည် 'ဝတ္ထုတစ်ပုဒ်တော့ ဒီနေ့ မဖြစ်ဖြစ်အောင် ရေးလိုက်ဦးမယ်' ဟူသော ဆုံးဖြတ်ချက်ကြောင့် ရှေ့သို့ ဆက်၍ လမ်းမလျှောက်ဖြစ်တော့ဘဲ အိမ်သို့ လှည့်ပြန်ခဲ့ရသည်။

ဆိုင်ကလေးမှ အဝေးပြေးလမ်းမကြီးပေါ် အတက်တွင် အနောက်ဆီမှ ဝေါခနဲ၊ ဝေါခနဲ ဆူညံသံကြောင့် လှမ်းလက်စ ခြေလှမ်းများ တုန့်ရပ်သွားပြီး အသံလာရာဘက် ငေးမျှော်ကြည့်မိသည်။

သူတို့တစ်တွေကို သာမန်မျှလောက်သာ စောင်းငဲ့ကြည့်ပြီး ကိုယ့်လက်ဖက်ရည်ကိုယ် ဆက်သောက်နေကြသည့် ဆိုင်လေး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ပရိသတ်ဆီမှ ဒီနေ့ ဝါဆိုလပြည့်နေ့လေ. . . ပြင်ဦးလွင် တက်တာနေမှာပေါ့’ ဆိုသော စကားသံ ကြားလိုက်ရမှ သည်မြင်ကွင်းကို အံ့အားတသင့်ကြည့်ပြီး ကိုယ်လိုရာဆုံးဖြတ်ချင်သော မိမိမှာ ‘ဩော်’ ဟုသာ ရေရွတ်ပြီးနောက် . . . ဖျတ်ခနဲ ဝါဆိုလပြည့် ဆိုသည်ကို သတိရမိတော့သည်။

တစ်ဆက်တည်းပင်. . . .

ငယ်စဉ်က ဝါဆိုလပြည့်နေ့ရောက်လျှင်စတင်လှည့်လည် ဝတ်တက် အရုဏ်ဆွမ်းကပ်ကြသော၊ အရုဏ်ဆွမ်းကပ်ကြသော အရုဏ်တော်အဖွဲ့ကြီးများကို သတိရမိသည်။

ဝါဆိုလပြည့်နေ့တိုင်း ကျိတ်ကျိတ်တိုး စည်ကားသော ဘုရားကြီးနှင့် မန္တလေးတောင်စောင်းတန်းတစ်လျှောက် မြင်ကွင်းတွေကို မြင်ယောင်မိသည်။

ဝါဆိုပန်းကပ်ကြသော မန္တလေးကျောင်းတိုက်ကြီးများမှ အကျွေးအမွေးနှင့် တီးဝိုင်းအဖွဲ့တွေ လွမ်းဆွတ်မိသည်။

ဝါးတန်း (၈၅) လမ်း ပန်းတန်းထိပ်မှာ MMTA ဂျစ်ကားတွေနဲ့ စင်းလုံးပြည့် တစ်စင်းပြီးတစ်စင်း ထိုးဆိုက်လာသော သစ္စာပန်းတွေကို သတိရမိသည်။

ဘုရား. . . ဘုရား. . . . ။

သစ္စာပန်းဆိုတာ သတိရလိုက်မိသည်နှင့်လွန်ခဲ့သည့်နှစ်သည်လိုအချိန် အိမ်ကလေးဆောက်အပြီး အိမ်သစ်မှာပူဇော်ဖို့ မိတ်ဆွေတစ်ဦးက မဟာမုနိပုံတော် ဓာတ်ပုံကားချပ်ကို ရွှေဘောင်နှင့် အကျအနထည့်သွင်းပြီး လက်ဆောင်ပေးထားတာ ဒီကနေ့ အထိ မြို့ထဲရှိ အလုပ်တိုက်မှ အိမ်သို့ မယူဖြစ်သေး. . ။ နက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲရောက်လျှင် ယူဖြစ်အောင်ယူရမည်။ ဩော်. . . မေ့လို့၊ နက်ဖြန် မီတာကိစ္စနဲ့ ရုံးသွားရဦးမှာပဲ။

ဒါပေမဲ့ သည်ကနေ့ နေ့ထူးနေ့မြတ်ဆိုတော့ ဘုရားပန်း အသစ်ထိုးမည်။ အပြန်မှ သပြေခြံထဲက သပြေညွန့်တွေ ဝင်ဝယ် မည်။ အခန့်သင့်လျှင် စံပယ်ကုံးတွေလည်း ရနိုင်သေးရဲ့။ဘုရားပန်း အိုးမှာ စံပယ်နှင့် သပြေညွန့်တွေ ဝေနေအောင် ထိုးလိုက်ဦးမှာ ပေါ့. . .။

ဝတ္ထုလေးတစ်ပုဒ်ရေးမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် အိမ်ပြန်အလာမှာ တစ်လမ်းလုံး ဝါဆိုလပြည့်အတွေးတွေယောက် ယက်ခတ်နေမိ၏။ ပြောခဲ့ပြီပေါ့။ အရုဏ်တော်တွေ၊ မဟာမုနိ ရင်ပြင်၊ မန္တလေးတောင် စောင်းတန်း၊ ဥပုသ်ဇရပ်၊ မိုးကောင်း အလယ်တိုက်ကြီးပေါ်က ညချင်းသုပ်နှင့်ရှုလပတ်ရည်၊ ပန်းတန်း ထိပ်က သစ္စာပန်းဂျစ်ကားများ၊ ရွှေပိန်းချ ဘုရားဆောင်ရှေ့က ဝါဆို ပန်း တောင်ပုံယာပုံ. . .။

ထို့နောက်. . . .

သပြေညွန့်နဲ့ စံပယ်ပန်းကုံးတွေ. . .။ သပြေညွန့်နဲ့ စံပယ်ပန်းကုံးတွေ. . . .

ဟုတ်ပြီ. . .၊

သပြေညွန့်နဲ့ စံပယ်ပန်းကုံးတွေဝယ်ရန် သပြေခြံဆီဝင်ဦး မှဟု သတိရလိုက်ချိန်တွင် မိမိမှာ အိမ်သို့ချိုးကွေ့ဝင်ရောက်နိုင်မည့် မြေလမ်းကလေးအား မေ့လျော့ကာ ကျော်လွန်လာပြီး အဝေးပြေး လမ်းမကြီးအတိုင်း ဆက်လျှောက်မိသဖြင့် မြို့ပတ်ရထားလမ်းအနီး သို့ပင် ရောက်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာရောက်မှတော့ မထူးတော့ပြီ. . .။ဈေးကလေးအထိသွားပြီး သစ္စာပန်းများပဲ ဝယ်တော့မည်ဟု စိတ်ကူးပြီး ဆိုက်ကားတစ်စီးခေါ်ယူရန် ဘေးဘီကြည့်လိုက်ရာတွင်. . ပြီးခဲ့သည့်အပတ်က ထူးထူးခြားခြား သိန်း ၃၀၀ ဆုကြီး ဆွတ်ခူးပေးသော ထီဆိုင်ကြီးတစ်ဆိုင်ကို မြင်သောကြောင့် စဉ်းစားမနေတော့ဘဲ မင်္ဂလာစုံတွဲ ထီအုပ်တစ်အုပ်ထိုးလိုက်သည်။ ထီထိုးပြီးပါမှဆိုက်ကားတစ်စီးက အနားရောက်လာသောအခါ အခန့်သင့်တက်ထိုင်လိုက်မိတော့. . . ဆိုက်ကားဆရာက 'ဘယ်လဲဆရာ' ဟု အမေးမှာ ဈေးလို့ပြောရမည့်အစား အိမ်အနီးက သစ်ခွခြံနာမည် ပြောလိုက်မိသဖြင့်။ သစ်ခွခြံပေါက်ထိပို့ကာ ချထားခဲ့သည်။ ဆိုက်ကားခပေးပြီး သစ်ခွခြံထဲဝင်မှာလေလား စောင့်ကြည့်နေသော ဆိုက်ကားဆရာအား ကျောခိုင်းကာ တောင်ဘက်မြေနီလမ်းအတိုင်း အိမ်သို့လမ်းလျှောက်၍ ပြန်ခဲ့သည်။ တကယ်တော့ ကျွန်တော့်အိမ်ကိုပြောလျှင် ဘယ်ဆိုက်ကားဆရာမှ သိမှာမဟုတ်သဖြင့် သစ်ခွခြံ နာမည်ပြောကာ ထိုခြံရှေ့အထိ ဆိုက်ကားစီးပြီး အိမ်သို့ လမ်းလျှောက်ပြန်နေကျဖြစ်သည်။ အိမ်ရောက်ရောက်ချင်း . . . ထီလက်မှတ်လေးတွေ ဘုရားစင်ပေါ်တင်လိုက်သောအခါမှ. . .

သပြေညွန့်နှင့် စံပယ်ပန်းကုံးတွေ သတိရမိသည်။

နောက်ရက်မှပဲ စောစောထပြီး ပန်းကပ်တော့မည်ဟု ဆုံးဖြတ်ကာ. . စာရေးစားပွဲထိုင်ပြီး ဝတ္ထုတစ်ပုဒ်ရေးမည်ဟုစာရွက်ပြင်၊ ဘောလ်ပင်ပြင် ဟိုစာအုပ်လှန်၊ ဒီစာအုပ်လှန်နှင့်ခေါင်းနောက်လာသောကြောင့် ခဏလှဲရန် အိပ်ရာပေါ် ခေါင်းချလိုက်စဉ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား မေ့းခနဲ အိပ်ပျော်သွားတော့၏။ မထင်မှတ်ဘဲ မိုးတွေအုံ့နေလို့ဖြစ်မည်။

သို့သော် အခါတိုင်းနေ့တွေလို မိုးတွေရွာမလာဘဲ နေက ခြစ်ခြစ်တောက်ပူလာလို့ ချွေးတွေနစ်နေအောင်ထွက်ကာ အိပ်ရာက လန့်နိုးတော့ ညနေစောင်းနေပါပြီ။ စာရေးဦးမလား. . .၊မဖြစ်နိုင်တော့၊ ခဏနေရင် မှောင်တော့မည်။

မထူးတော့ပြီမို့ . . .

အင်္ကျီချွတ်၊ ပုဆိုးအပိုကလေး ပခုံးတင်ကာ အိမ်နောက်ဖေး စမ်းချောင်းကလေးဆီ ဆင်းပြီး ရေကို စိမ်ပြေနပြေ ချိုးလိုက်တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ကမ်းစတွင်. . .၊ ပိန်းပင်ကလေးတွေ
ဟိုယိမ်းသည်ယိမ်း စိမ်းလဲ့လဲ့အလှဆောင်. . .၊
စိုစိုပြေပြေ
မြရောင်မှိုနတိုတွေ. . . ."

စမ်းရေစိမ့်စိမ့်လေးနှင့် ထိတွေ့လိုက်ရပါမှ နှုတ်ဖျားမှာ သီချင်းလေးတွေ အဆင်ပြေပြေသီးလာတော့သည်။

တော်ပါသေးရဲ့ စမ်းရေနဲ့သီချင်းရှိပေလို့. . .။

■

Idea - ၂၀၀၇ခု၊ဇူလိုင်လ



www.burmeseclassic.com

# မှော်ရုံခွင် သမင်မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



# မှော်ရုံခွင်သမင်မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com

# မှော်ရုံခွင် သမင်မျက်လုံး

"ချော့မြူစားလို့
သွေးသူဝေးဆောင်
တောင်မြိုင်ချောင်
မြအရောင်ဖြာ
မြေတလက်တော်ကမ်း. . . "

သမင်လိုက် 'ချွတ်ချံ' ကို စခွန့် ဒိုးဆစ်အဆို့အပိတ်များနှင့် သပ်ရပ်ပိရိစွာ တီးမှုတ်နေသည့် ဆိုင်းသံကလေအေးစက် ရှိန်းမြမြ အတွေ့အထိနှင့် လွင့်မျောလာသည်။

မိတ်ဆွေသည် မန္တလေး ၆၂ လမ်းပေါ်က သူ့နေအိမ်မှ ရှေးဟောင်းပစ္စည်း ပန်းချီပန်းပု၊ ရွှေချည်ထိုး ကားချပ်များ

ချမ်းမြေ့ရတနာ

www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆွဲထားသော မှန်လုံအအေးခန်းအတွင်း ဖိတ်ခေါ်ကာ သကြန်ကာလ အားလပ်ရက်များအတွင်း သူရေးဆွဲပြီးစီးခဲ့သော ‘၃၇ မင်းနတ်’ ခံစားမှု ပန်းချီကားကြီးများကို ပြသနေ၏။ လှုပ်ရှားယိမ်းထိုးကခုန်နေသော အရောင်များ၊ ဖွဲ့စည်းမှုများ၊ စုတ်ချက်များတွင် တီးလုံးသံကာ ‘နတ်ဒိုး’ များသာ ဖြစ်သင့်သော်လည်း မိတ်ဆွေသည် ရှားရှားပါးပါးရရှိထားသော ရှေးဟောင်း တိပ်ခွေလေးတစ်ခွေမှ မြန်မာ့ဆိုင်းဝိုင်းတစ်ဝိုင်း၏ သမ္ဘာစဉ်တီးလုံးလေးကို ဖွင့်ထားခြင်းဖြစ်သည်။

တာပင်တိုင်နှင့် ငါးကြီးဆီရနံ့ပင် မပြယ်သေးသော အသစ်စက်စက် ဆီဆေးပန်းချီကားကြီးများကိုအားပါးတရကြည့်ပြီးနောက် ရှေးဟောင်းလက်ရာ ရွှေချည်ထိုးကားချပ်ကြီးများ၊ ပန်းပုရုပ်လုံးများ၊ ခတ်ပုံများကို တစ်ကားချင်း၊ တစ်ခုချင်း၊ တစ်ပုံချင်း ကြည့်ရှုနေမိ၏။

တိပ်ခွေမှ ထွက်ပေါ်လာသောဆိုင်းသံတွင် ချွတ်ချုံတီးလုံးက လင်းကွင်းလတ်လေး ဖိအုပ်တီးသော စည်းချက်သံလေးဖြင့် ခပ်ညက်ညက်လေး ထွက်ပေါ်လာသည်။

*အိုး . . ပန်းစေဖို့ဖွယ်ပင်*
*ဆန်းရွှေသမင်ငယ်လေ*
*ရှုပ်သွင်ရွှေသား*
*ထင်မှားအောင်ကြံ။*
*လေးသွဲ့ငယ်ရိုက်ဟန်*
*ညိုးမာန်ထပ်ဆင့်ပြန်။*



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှိန်မှိန် ထွန်းညှိထားသော မတ်တပ်မီးလုံး၏ အုပ်ဆောင်းမှဝေးရာ ခပ်လှမ်းလှမ်းနံရံသည် အလင်းရောင်လဲ့လဲ့နှင့်လက်လှမ်းမမီသဖြင့် အမှောင်ကန့်လန့်ကာပါးပါး ကာဆီးထား၏။ ရှေးဟောင်းဓာတ်ပုံများကို တစ်ပုံပြီးတစ်ပုံ စိတ်ဝင်တစားကြည့်ရင်း အမှောင်ကန့်လန့်ကာနံရံဆီအရောက် မျက်စိတူရူရှေ့မှောက်မှ ရှေးဟောင်းပန်းချီကားကြီးတစ်ချပ်ကို ပန်းချီဦးဘအေး၏လက်မှတ်နှင့်အတူ ပျက်ပြယ်လု မှိန်ဖျော့စွာ ရုတ်ခြည်းမြင်လိုက်ရ၍ အံ့အားတသင့် မော့ကြည့်လိုက်. . .

ပြည့်တင်းပြန့်ပြူးသော မဟာနဖူး၊ သွယ်လျညီညာသော မျက်နှာကျ၊ ရှည်လျားနက်မှောင်သော ဆံပင်၊ ကျော့ရှင်းသော ကိုယ်ဟန်နေထား၊ ထို့နောက်. . . ထို့နောက်. . .

"အဲဒါ မယင်းတော်ပုံလေဗျာ"

မိတ်ဆွေ၏အသံက နှလုံးသားဆီ ဖြတ်ရိုက်စီးသွား၏။

'ဗျာ. . . မယင်းတော်'

ကျွန်တော် အံ့အားတသင့်ဖြစ်သွားသည်။ အအေးခန်းထဲမှာပေမင့် ရုတ်ချည်းစိမ့်ထွက်လာသာ ချွေးစေးများဖြင့်ကျွန်တော့်လက်ချောင်းလေးတွေ တုန်ရီလာသည်။ မယင်းတော် ဟူသော အသံနှင့်အတူ တုန်ရီသောလက်များဖြင့် ပန်းချီကားကြီးကိုပွတ်သပ်ကြည့်ဖို့ အားယူလိုက်၏။

မိတ်ဆွေက အနားရောက်လာသည်။ ပီသသော အသံဖြင့်. . .

'မကွမ်းငုံတို့၊ ဆင်ခိုးမလေးတို့နဲ့ ခေတ်ပြိုင် ယင်းတော်မလေးပေါ့ဗျာ။ မယင်းတော်လို့ ခေါ်ခဲ့ကြတာ'



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ရပ်နီးပါးခန့် မြင့်သော ပန်းချီကားကြီးက နံရံထက်မှနေ၍ ဆီးမိုးကြည့်နေသည်။ ခပ်လျားလျား မျက်ဝန်းများက ခပ်စင်းစင်း စိုက်ကြည့်နေ၏။

တုန်ရီသောလက်များက ပန်းချီကားမှ မယင်းတော်၏ ရှည်လျားသော ဆံပင်များကို ထိတွေ့ကြည့်ရန် ကြိုးစားရင်း ကျွန်တော့်နှုတ်ဖျားမှ စကားလုံးတချို့ ရုန်းထွက်သွားပြန်သည်။

'မယင်းတော်ကို ကျွန်တော်သိတယ်။ တွေ့လည်း တွေ့ဖူးတယ်။ ပြီးတော့. . . ပြီးတော့. . . '

စကားလုံးတချို့က ကျွန်တော့်နှုတ်ဖျားမှ ဆက်ထွက်ဖို့ အင်အား မရှိတော့။ ဆက်ထွက်ရန်အတွက် မဝံ့မရဲ ဖြစ်ရသည် ဆိုတာက သေချာသည်။ သို့သော်. . .

'. . . . . . .'

■



www.burmeseclassic.com

www.burmeseclassic.com



(၁)

ရတနာပုံခေတ်က ထင်ရှားကျော်ကြားခဲ့သော အငြိမ့်မင်းသမီးတစ်လက်ကို သူ့ထက် အသက်များစွာငယ်သော ကျွန်တော်က 'သိတယ်' ဟူသည်သာမက 'တွေ့ဖူးတယ်' ဟူသော အလေးအနက်စကားအပေါ် မိတ်ဆွေသည် အံ့အားသင့်သော အမူအရာဖြင့်ကြည့်ကာ အသံမထွက်သော ရေရွတ်ခြင်းမျိုးဖြင့် ရေရွတ်ကာ စိတ်ရှုပ်သွားပုံရ၏။ ခေါင်းတရမ်းရမ်း။

ကျွန်တော်ကတော့ ဒါတွေ သတိမထားမိ။ ရှေ့တူရူရှိ ပန်းချီကားကြီးကိုသာ မျက်တောင်မခက်တမ်း စိုက်ကြည့်နေမိသည်။ ကြည့်ရင်း ကြည့်ရင်း ခပ်ပျပျအလင်းရောင်အောက်မှမြေဝါ၊ မီးခိုးကဲသော အသွေးများမှ မျက်ဝန်းအစုံသည် ဖျတ်ခနဲလက်သွားစေတော့သည်။

မျက်ဝန်းအစုံက ဖျတ်ခနဲ။



www.burmeseclassic.com

www.burmeseclassic.com



ရင့်အိုနေသော ကျနေမှာပင် နုသစ်သော မျက်ဝန်း အရောင်လက်သွားတာ သတိထားမိသည်။ သည့်အရင်သတိထား မိတာတွေက ပေါင်းကူးထားသော ဖွန်ပန်းရုံအပေါက်ဆီမှတစ်ဆင့် ကာဖီရင့်ရောင် အော်စတင်ကားလေးတစ်စီး ကွေ့ဝင်လာကာ ဘုန်းကြီးကျောင်းရှေ့သို့ ထိုးဆိုက်လာခြင်းဖြစ်၏။ ထို့နောက် သတိထားမိတာက အော်စတင်ကားကလေး၏ နောက်ခန်းတံခါး ပွင့်လာကာ ခြေလေးတစ်ဘက်က ကျောင်းတလင်းပြန့်ပြန့်လေးပေါ် ခြေဖျားလေးဖြင့် ညင်ညင်သာသာ ချနင်းလာရင်းဖွင့်လက်စတံခါးမှ ဝရန်တာရှိ ကျောင်းဆိုင်းဘုတ်ကို မော့ကြည့်လိုက်ခြင်းဖြစ်၏။ ရုတ်ခြည်းတစ်ပြိုင်နက်မှာပင် 'ရွှေနန်းမြိုင်' ဟူသော ကျောင်း ဆိုင်းဘုတ်ကို အမြင်လိုက်၊ သေချာပြီဟူသော အသိက ဖွင့်လှစ် လိုက်သော 'မျက်ဝန်း' အလက်လေးကို အမိအရ မြင်လိုက်ရခြင်း ပင်ဖြစ်သည်။ တံခါးအဖွင့်၊ ခြေဖျားကလေးအကျ၊ မျက်ဝန်းအလက် တစ်ဆက်စပ်တည်း၊ တစ်ချိန်တည်း. . . ။

ထို သတိထားမိခြင်းများ ဆက်တိုက်ဖြစ်ပေါ်နေချိန်၌ ကျောင်းအတွင်းရှိ စာတိုက်ဗီရိုကြီးအနားတွင် နေရာယူထားသော ကျွန်တော်တို့ တီးဝိုင်းလေးက 'ဝေဇယန္တာ' ကို တီးခတ်နေချိန် ဖြစ်ပါသည်။ ကျွန်တော်က သံပတ္တလားကို လက်ခတ်ဖြင့်တို့ထိရင်း သတိထားမိသောမြင်ကွင်းများပင် ဖြစ်သည်။

ထိုနေ့က ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ဖြစ်၏။

မန္တလေးမြို့အနောက်ပြင် မေဃဝတီတောင်သမန်တိုက် အတွင်းရှိ 'ရွှေနန်းမြိုင်' ကျောင်းသည် ကျွန်တော်တို့ မိဘဘိုးဘွား များ အစဉ်အဆက် ကိုးကွယ်ခဲ့ကြရာ ဘုန်းကြီးကျောင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကိုယ်၌ကလည်း ရှစ်တန်းအောင်ပြီးကတည်းက အရပ်ထဲရှိ မိဘအိမ်မှာမနေဘဲ ဘကြီးဘုန်းကြီးကပဲ ကျောင်းသို့ ကျောင်းအိပ်ကျောင်းစား ခေါ်ထားခြင်းခံရသူဖြစ်၏။ 'ရွှေနန်းမြိုင်' ကျောင်းဝါဆိုပန်းကပ်ပွဲက ထူးခြားသည်။ အခြားကျောင်းများကဲ့သို့ ထိုနေ့ရောက်လျှင် 'ညချင်းသုပ်' ကို ပင်တိုင်ထားကာ ရှုလပတ်ရည်၊ ဘိလပ်ရည်၊ လိုင်းမကျူး၊ ဘီစကွတ်နှင့် နာနတ်ယို၊ ကြာဆံဟင်းစသည်များ တိုက်ကျွေးသည်သာမက ကျွန်တော်တို့ ရပ်ကွက်တီးဝိုင်းလေးကလည်း နှစ်စဉ်ဝတ္တရားမပျက် တီးမှုတ်ဧည့်ခံပါ၏။

ယခုနှစ်လည်း ညချင်းသုပ်နှင့် တောင်ပံကား ဘိလပ်ရည်ကို ဧည့်ခံပါသည်။ တီးဝိုင်းလေးက တီးခတ်ပြီး အရပ်ခံ အိမ်ခံအမျိုးသမီးလေးများက ကပြကြသလို၊ ဝါဆိုပန်းကပ်လာ ဧည့်သည်အမျိုးသမီးများပါ ဝင်ရောက်ကခုန်ကြသဖြင့် 'ရွှေနန်းမြိုင်'ဝါဆိုပန်းကပ်ဆိုလျှင်တကူးတကန့်လာကြည့်သူများနှင့်ပင်နှစ်စဉ်လာရောက်ကြသော ဧည့်သည်များက မပျက်မကွက် အားခဲကြသောကြောင့်အိမ်ရှင် ဧည့်သည် မခွဲခြားနိုင်ဘဲ အားလုံး ရင်းနှီးကျွမ်းဝင် မှတ်မိနေကြပါပြီ။

ဓာတ်နန်းရပ်က မာမီမတင်အောင်က ဓာတ်နန်းရပ်သူလေးတွေနှင့် နှစ်စဉ် မပျက်မကွက်လာရောက်သည်။မတင်အောင်ကလည်း အကကောင်း၊ ဓာတ်နန်းရပ်သူလေးတွေကလည်း အချောအလှ အဖူးအညွန့် အကကောင်း။ ထို့ကြောင့် မတင်အောင်နှင့်ဓာတ်နန်းသူလေးတွေ ရောက်လာလျှင် ပွဲမှာ အစည်ကားဆုံးအထွတ်အထိပ်ပင်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့ တီးဝိုင်းအဖွဲ့ကကရောင်းရိုက်ကတည်းက လာမည့်ဧည့်သည်တွေ မျှော်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းရိုးက လက်ဖက်ကုန်သည် မချစ်စုသမီးတွေ ရောက်ကြပြီလား။ ဝက်မစွပ်ဝင်းသူတွေ လာကြပြီလား။ ဥယျာဉ်တန်းက ကြည်ကြည်၊ ရီရီ ညီအစ်မရော။ ဝါးတန်း ဦးကာက မြေးတွေလည်း နှစ်တိုင်း လာနေကျပဲ။ မင်္ဂလာဈေး မမြရင်အဖွဲ့က ကြိုရောက်နှင့်ပြီ။ ဓာတ်နန်း မတင်အောင်အဖွဲ့မှာ မနှစ်ကလူအစုံအလင်ပါပါ့မလား စသည်ဖြင့်။

ဤသို့ အချင်းချင်း လက်တို့မေးငေါ့ရင်း ဧည့်သည် မျှော်ကြရာမှ (ဃ-၅၁၀၄)ဟူသော ကော်ဖီရင့်ရောင် အော်စတင်ကား လေး ချိုးဝင်လာသောအခါ လာနေကျကားမဟုတ်သဖြင့် သတိထား မိသည်။ ကားတံခါးလေးဖွင့်ကာ ဆင်းလာသူကလည်း မြင်နေကျ မဟုတ်သဖြင့် စိတ်ဝင်စားမိ၏။ ခါးအောက်ဆီအထိ ဝဲကျနေသည့် ဆံပင်ကို နဖူးဆီမှသိမ်းကာ ကုပ်ပေါ်မှ ဖဲပြားဝါလေးနှင့် စုသိမ်း စည်းပြီး ရှေ့သို့ ချထား၏။ ရှေးက ဤဆံပင်မျိုးကို 'ပူပုံထုံး' ဟု ခေါ်ခဲ့ကြသည်တဲ့။ ဤဆံပင်ပုံကြောင့် မမောက်လွန်း မပြန့်လွန်း အနေတော်နဖူးအလှက ထင်းခနဲပေါ်သည်။ လျားသော မျက်ဝန်း မှာ မျက်တောင်ကော့ကော ရှည်လျားသည်။ ထူးခြားသည်ကမျက်ခုံး မွေးဖြစ်၏။ ထူထဲသော်လည်း လခြမ်းကဲ့သို့ ကွေးညွတ်သည်။ နှာတံ က စင်းစင်းပေါ်၏။ နှုတ်ခမ်းက ဖူးဖူးငုံ။ စကားဝါရောင် ရေခဲ ရှန်သားလက်ပြတ် ကော်လံထောင်ပုံစံ အင်္ကျီကို ဝတ်ထားသည်က လှထိပ်တင် ခါးရှည်ဘော်လီလေးနှင့် မယဉ်မရိုင်း တင်းတင်းရင်း ရင်း လှသည်။ ကြော့၍ သွယ်သော ကိုယ်လုံးလေးမှာက ရှန်ဟဲညွန့် လုံချည်လေး ဝတ်ထားသည်။ ပိုးသားကဲသော လုံချည်မို့ ကိုယ်လုံး အလှလေးက မသိမသာပေါ်၏။ လက်ထဲမှာက အဝါရောင် သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းစည်းလေး ကိုင်ထားသည်။ သူ့နောက်မှာက အသက် ၅၀ ကျော် အရွယ် ခပ်ဖိုင့်ဖိုင့်အဘွားကြီးတစ်ဦးက ပိုင်သားရင်ဖုံး လည်ဂျာ ဂေါက်စင်းအကျီ၊ စူရတီလုံချည်နှင့် ပဝါစုံချထားသည်။ ရှိစုမဲ့စု ဆံပင်ကို ဆီရွှဲရွှဲလူးကာ ထိပ်တည့်တည့်မှာ စုထုံးပြီး ရွှေဘီးကုတ် လေး စိုက်ထားသည်။

တီးဝိုင်းအဖွဲ့သားများသာမက ကျောင်းထဲသို့ ဝါဆို ပန်းကပ် ရောက်နှင့်နေသူတွေကပါ အော်စတင်ကားလေးက ဆင်းလာသူတွေကို သတိထားစောင်းငဲ့ကြည့်ကြသည်။ ထို့နောက် ကျောင်းထဲသို့ဝင်လာကာ ဆရာတော်ရှိရာ ဘုရားခန်းသို့ မေးမြန်း ဝင်သွားကြပြီး ဆရာတော်နှင့် တစ်စုံတစ်ရာ မေးမြန်းလျှောက် ထားကာ ဝါဆိုပန်းကပ်လှူနေသည်ကို တစေ့တစောင်း လှမ်းမြင် လိုက်ရပါသည်။ ထို့နောက် ဧည့်ခံကြသူများက ဘိလပ်ရည်ပုလင်း များ အသီးသီးယူ၍ ဆရာတော် သီတင်သုံးရာ ဘုရားခန်းတွင်းသို့ ဝင်သွားကြသည်ကို မြင်လိုက်ရ၏။

ဩော်. . . ဆရာတော့်ဧည့်သည်နေမှာပေါ့။

ကျွန်တော်ကတော့ သူ့ကို အော်စတင်မမဟု ရုတ်ခြည်း မှတ်သားမိချေပြီ။ ထို့နောက် ကျွန်တော်လည်း သံပတ္တလားဆံများ ပေါ် အာရုံပြန်ရောက်ပြီး တီးလက်စ တီးလုံးကိုပဲ စိတ်ပါလက်ပါ တီးခတ်နေမိတော့သည်။

*'မျှော်ရာတိုင်း . . . ရှစ်ခွင်*
*မင်းလွင်တီမ်စဉ်တောင်စွယ်ကာ*
*မိုလွှာထိန်ဖြာ လွှမ်းဖွယ်သာ*
*ညင်းညင်းဖြာ'*



www.burmeseclassic.com

www.burmeseclassic.com



(၂)

ခုတ်နန်းရပ်မှ မာမီအောင် ဦးစီး၍ မမြမူတို့အဖွဲ့ ရောက်လာသောအခါ ထပ်တစ်ရာလန်း၊ နှစ်ယောက်တည်းနေချင် တယ် စသော သီချင်းများဖြင့် တီးမှုတ် ကခုန်နေစဉ်မှာပင် ဆရာတော်က အခေါ်ခိုင်းလို့ဟူ၍ ကိုရင်လေးတစ်ပါး လာပြော သောကြောင့် ပတ္တလားလက်ခတ်ကို အနားရှိ ကိုမွတ်စိအားထိုးပေး ခဲ့ပြီး ဆရာတော်ရှိရာ ဘုရားခန်းသို့ဝင်ရ သည်။ ဆရာတော်က ကြေးကွမ်းညှပ်ကြီးဖြင့် ကွမ်းသီးများ တထောက်ထောက်ညှပ်ရင်း ရှေ့တွင်ရှိသော အော်စတင်မမအား မေးငေါ့ပြရင်း . . .

'အဟမ်း . . . မောင်ဆန်း လာကွ။ ဒီဒကာမလေးက တို့ဆွမ်းစားကျောင်းဒကာကြီးရဲ့ တူမလေး။ ဆွမ်းစားကျောင်း ဒကာရယ်၊ ဒကာမလေး အမေရယ်၊ အခုပါလာတဲ့ ဒကာမကြီး ရယ်က မောင်နှမအရင်းတွေတဲ့။ မြစ်ဝကျွန်းပေါ် ဝါးခယ်မမှာ နေကြတာ။ ကိုင်း. . . ဒကာမလေး၊ မောင်ဆန်းက ဒီကျောင်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ သီချင်းလေးဘာလေးက သူမှ တီးမိခေါက်မိတာ။ သိချင်တာ သူ့သာမေးပေတော့။ သွားချင်တဲ့နေရာလည်း သူ့သာ မေး။ ကျုပ်တို့က ဝါဆိုဖို့ကိစ္စ ရှိသေးတယ်။ နေရစ်ခဲ့ကြဦး။ ဟဲ့. . . မောင်ဆန်း၊ ဂရုစိုက်ပြီး ဆောင်ရွက်ပေးလိုက်၊ ကြားလား' ဟု မိန့်ကြားသည်။

'တင်ပါ့ဘုရား' ဟုသာ လျှောက်ထားလိုက်ရ၏။ ဘာမှ ဇာတ်ရည်မလည်သေး။ ဆရာတော်က အခန်းထဲဝင်သွားသည်။ ထို့နောက် သက်န်းကြီးအား ပခုံးပေါ်တင်ပြီး တိုက်အုပ်ဆရာတော် ကျောင်းဆီ ကြွသွားသည်။ ဧည့်သည်အဘွားကြီးကသက်သာသလို ပြင်ထိုင်ပြီး တူမဖြစ်သူကိုလှမ်း၍ -

ကဲ . . . ကဲ မေးစရာရှိတာမေးလေကွယ်' ဟု ပြောလိုက်မှ -

'သြော်. . ဒီလိုပါရှင့်. . . ကျွန်မက ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာ မဟာဝိဇ္ဇာတက်နေတာပါ။ ကျွန်မအဘေး၊ အဘွားများက နန်းတွင်း သဘင်ပညာရှင်ကြီးတွေပါ။ ပါတော်မူပြီးအတည် တကျမရှိတော့ဘဲ ဟိုမြို့သည်မြို့ ပြောင်းရွှေ့ကြရင်း နောက်ဆုံး အောက်ပြည်အောက်ရွာမှာပဲ အခြေချခဲ့ကြတာပါ။ ကျွန်မက မျိုးရိုးအစဉ်အဆက် သုခုမပညာကို စိတ်ဝင်စားတာနဲ့ 'မြန်မာ့ရှေးရိုး တပင်တိုင်အက' ဆိုတဲ့ စာတမ်းတစောင် ပြုစုနေပါတယ်။ ဒီပညာ ရပ်တွေနဲ့ မေးဖို့မြန်းဖို့ဆိုတာက မန္တလေးမှာပဲရှိတာ မဟုတ်လား။ မန္တလေးမှာကလည်း အဆက်အသွယ်က ဈေးချိုထဲက ငါးခြောက် ကုန်သည် ဒေါ်ဒေါ်မိတို့ပဲရှိတော့ ဆက်စပ်မှုက နည်းနည်းဝေးနေ တာပေါ့။ ဘဘကြီးတို့ကလည်း မန္တလေးရောက်ရင် တို့ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရောက်အောင် သွားကန်တော့ဆိုတာနဲ့ ဒေါ်ဒေါ်မိတို့ ကားလေးနဲ့ လာကြတာ။ ဒီရောက်မှ ဆရာတော်နဲ့စကားစပ်မိလို့ပါ။

အော်စတင်မမလေးက အလွတ်ကျက်ထားသော စကားလုံးများကို လက်ပိုက်၊ ခေါင်းလေးမော့ပြီး တတွတ်တွတ် ရွတ်ပြသည့် ကလေးတစ်ယောက်လို ဆက်တိုက်ပြောသွား၏။ ကျွန်တော်က သူ့စကားမဆုံးမီမှာပင် အတော်များများခေါင်းထဲမှာ စီစဉ်ပြီးသွားပါပြီ။ ထို့ကြောင့် ပိုင်နိုင်သော အမူအရာဖြင့် -

'ဒါဆိုရင် လူထုဒေါ်အမာနဲ့ တွေ့ရမယ်။ သုတေသနအရာရှိ ဦးစိန်မောင်ဦးနဲ့ တွေ့ရမယ်။ မြန်မာစာဌာန ဆရာဦးချမ်းမြ၊ ဆရာဦးမောင်မောင်တင်တို့နဲ့ တွေ့ရမယ်။ ပြီးတော့ အမိန့်တော်ရမင်း ဦးခင်မောင်ဒွေး . . .'

အသက်ရှူရန်အတွက် ခဏနားလိုက်ပြီး ဆက်ပြောရန် ဟန်ပြင်စဉ်မှာပင် သူမက

'ဟုတ်ကဲ့၊ ကျွန်မ အားလုံးတွေ့ပြီးပါပြီ။ ပိုက်ကျိုးက အောင်ချမ်းသာ ဦးအေးမောင်နဲ့တွေ့ဖို့လည်း သူ့သားဦးတင်မောင်ကွန့်နဲ့ ပြောထားပြီးပါပြီ။ ပန်တျာကျောင်းက ဆရာထူးနဲ့လည်း ချိန်းထားပြီးပါပြီ။ အခု ကျွန်မတွေ့ချင်တာက ပေါက်ပေါက်တန်း ဦးထွန်းရ. . .'

'ဗျာ. . . .'

'ပေါက်ပေါက်တန်း ဦးထွန်းရအိမ်က ဟိုခေတ်ကပန်တျာကျောင်းပဲ မဟုတ်လား။ မနေ့ညနေက ဒေါ်ဩဘာသောင်းတိုက်လည်း ရောက်သေးတယ်။ အမေသောင်းက ရန်ကုန် ယဉ်ကျေးမှုရိပ်မြုံရောက်နေတာတဲ့။ သူ့သားဦးလစ်ပတန်က ပေါက်ပေါက်တန်း



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်နေရာ ညွှန်လိုက်တော့ ဒီကျောင်းတိုက်နားတစ်ဝိုက်မှာမို့ မေးကြည့်တာပါ။

ကျွန်တော် ရုတ်ခြည်းပင် သူမကို အထင်ကြီးသွားသည်။ အတော်သိထားပုံရ၏။ ပါလာသည့် အဒေါ်ဆိုသူ အဘွားကြီးက-

'ငါ့တူရယ် ပေါက်ပေါက်တန်း ဦးထွန်းရကတော့ ဘယ်ရှိနိုင်ပါတော့မလဲ။ သူ့အဆက်အနွယ်တွေ ရှိလိုရှိငြားပေါ့။ ပြီးတော့ အဒေါ်ကလည်း ရောက်တုန်း စကုတိုက်က ရွှေမန်းကျောင်း ဦးကုသလဆီလည်း ဝင်ကန်တော့သွားဦးလို့ ပြောထားရတာ' ဟု ဝင်ပြောသည်။

သူက ခါးလေးဆန့်ပြီး အင်္ကျီအောက်နားစွန်းအား ဆွဲချရင်း -

'သွားမှာပါ ကြီးကြီးရဲ့။ ဩ် . . နေဦး၊ နေဦး၊ သတိရတုန်း' ဟု ဆိုကာ ပါလာသည့် လက်ဆွဲဗယားအိတ်ဇစ်အား ဆွဲဖွင့်ပြီး မှတ်စုစာအုပ်လေးတစ်အုပ်ဖွင့်သည်။ တစ်နေရာရှိစာရွက်လေးမှ ရေးမှတ်ထားသည့်နေရာရောက်တော့

'သိမလားတော့မသိဘူး။ သီချင်းလေးတစ်ပုဒ်ရှင့် . . . အဆုံးထိ မရလို့။ ရမျှားရမလားလို့ဟု အပြော ကျွန်တော်က လည်ဆန့်ပြီး သူ့စာအုပ် လေးဆီလှမ်းကြည့်သည်။ သူမက -

'သီချင်းလေးက မသွေမရှောင် . . . တဖေတမောင်၊ ရနောင်လေ. . တယ်လို့ဆိုး၊ ဆင်ခိုးလေး ကျွန်မ၊ မရမက သူက ခိုး. . . ဆိုတဲ့ သီချင်းလေး။ အဲဒါ အစအဆုံးမျှား ရမလားလို့' ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . အဲဒါ ဆင်ခိုးမလေးလို့ နောက်ပိုင်းအမည်တွင်တဲ့ မကြေးမှျင်ရဲ့ သီချင်းဗျ။ နေဦး၊ နေဦး၊ ဟုတ်ပြီ တစ်ခါက နတ်ကန္နားပွဲတစ်ပွဲမှာ အဲဒီသီချင်းနဲ့ နတ်ချော့တာ ကျွန်တော် ကောင်းကောင်းမှတ်မိတယ်။ အဲဒီတုန်းက ရွှာစားကစိန်ဘကျွဲ ဆိုင်းထဲက ဆိုင်းနောက်ထကြီး ကိုယ်တိုင်ဆိုတာဗျ။ စိန်ဘကျွဲက ဒီရှေ့နား ဒေါင်းရိုးရပ်ထဲတင်. . ' ဟု အားရဝမ်းသာ ဖြေလိုက်သည်။ သူမက စာအုပ်လေးထဲတွင် မှတ်လက်စသီချင်းလေးဘေး၌ စိန်ဘကျွဲဟု ရေးမှတ်လိုက်ပြီး -

'ဟုတ်ပြီး၊ အဲဒါ ရှင့်တာဝန်၊ အို . . . ကန်တော့၊ ကန်တော့. . . အဲဒီသီချင်းစာသားလေးရအောင် ကျွန်မကို ကူညီပါနော' ဟု ကိုယ်လုံးလေး လှုပ်ရယ်ရင်း အားနာစကားဆို၏။ စလွယပ်တောင်ကြီး တဖျပ်ဖျပ် ခပ်နေသော အဘွားကြီးက -

'အင်း. . . တို့တူမကတော့ဟေ့ သူ့ကိစ္စချည်းပဲကြည့်တာ ကိုး။ သူငယ်လေး အားမှန်မသိ၊ မအားမှန်းမသိ။ ဘယ့်နှယ်တော် ကျုပ်တို့အမျိုးထဲ ဟိုးရှေး အဘေးအဘွားမျိုးဆက် ဝါသနာက သူ့ကျမှ စုပြုံပြီး ပါလာရတယ်လို့နဲ့.' ဟု အားနာစကားဆိုသည်။

'အို. . . ကြီးကြီးကလည်း ဆရာတော်က လိုအပ်တာမှန် သမျှ အကူအညီတောင်းလို့ ပြောထားမင့်ဟာပဲ။ ဆရာတော် ပြန်လာရင် ပေါက်ပေါက်တန်းလည်း လိုက်ပို့ရမယ်။ စကုတိုက် လည်း လိုက်ပို့ရမယ်နော်'ဟု မျက်ခုံးလေးချီရင်း ပြောသည်။

'ကိုင်း. . . အဲဒါသာကြည့်တော့ ငါ့တူရေ။ အဒေါ်တို့ အစ်ကိုကြီးက ပြောပါပြီကော။ တို့များအဘွား မင်းသမီးကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီတူမက ချွတ်စွပ်တူတာတဲ့။ တူမ ကတာများကြည့်နေရင်လေ အစ်ကိုကြီးက မေမေတို့ ဖေဖေတို့ပြောဖူးတဲ့ အဘွားအကြောင်း သတိရလိုက်တာတဲ့လေ။ အင်း. . . ချောင်းရိုးမြောင်းရိုးသာ ကော မယ်။ လူမျိုးရိုး မတိမ်ကောဘူးဆိုတာ တကယ်မှန်သကိုးကွယ့်။ အဘွားမျိုးစေ့က ဟောဒီ တီကျွတ်ရောက်ပါမှ ပြန်ပေါ်လာရတယ် လို့ကွယ်' ဟု အဘွားကြီးက တရင်းတနှီးပြောသောကြောင့် ကျွန်တော်က-

'ဟာ. . . ဒါဆိုရင် ဒီက က,တတ်တယ်ပေါ့။ အတော်ပဲ၊ အတော်ပဲ။ အခု ကျွန်တော်တို့တီးဝိုင်းလေးနဲ့ တစ်ပုဒ်လောက် နွှဲလိုက်ရအောင်လေ' ဟု တိုက်တွန်းမိသည်။

သူမက ကိုယ်လုံးလေလှုပ်မျှ သည်းသည်းရယ်ပြီး-

"ကျွန်မက တော်ရုံတန်ရုံသီချင်းနဲ့ မကချင်ဘူးနော်။ အနည်းဆုံး 'သောင်းရွှေ့လယ်' သီချင်းလောက်နဲ့မှ ကချင်တာ" ဟု ဆိုသည်။

'သောင်းရွှေ့လယ်တော့ မရဘူးဗျာ။ ဝေဇယန္တာလောက် တော့ရပါတယ်' ဟု ပြန်ပြောလိုက်ရသည်။

'ဩော်. . . ကျွန်မက မြန်မာ့ရှေးရိုး တစ်ပင်တိုင်အက အကူးအပြောင်းမှာ သောင်းရွှေ့လယ်ကို အထူးပြုလေ့လာပြီး နာမူနာထုတ်ပြရလို့ပါ' ဟု ပြောရင်း သူမက ကျွန်တော်၏ စိတ်ဝင် စားမှုအတိုင်းအတာကို စေ့ငုသည့်အနေဖြင့် လှမ်းကြည့်သည်။ ကျွန်တော့်အမူအရာက စိတ်ဝင်စားမှုအပြည့်ဆိုတာ အထူးပြော စရာမလို။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်-

'ဒီလိုရှင့်၊ တေးသွားတွေက ဇာတ်အိမ်ဇာတ်ကွက်တွေမှာ တီးမှုတ်ကြတာဆိုတော့ ဒီသီချင်းတွေနဲ့ကပြတဲ့ အကတွေက သရုပ်ဖော်အကတွေရှင့်။ သောင်းရွှေ့လယ်မှာ 'သောင်းရွှေ့လယ်၊ ပိုင်စိုး၊ မိုးမည်မယ်' ဆိုရင် တစ်သောင်းသော စကြာအဝှန်းကို လက်ညှိုးညွှန်ပြီး ကောင်းကင်ကို လက်ညှိုးညွှန်။ လက်သုံးတော် ပသန္တာက လက်ယှက်ပြီး နတ်ကောင်းနတ်မြတ်များ မ,စရန် အသင့်ရှိကြောင်း တင်ရတယ်။ 'ရွှေသည်းကျွမ်းမျှ လွမ်းရတယ်' ဆိုရင် ကိုယ့်ရင်ကို လက်ညှိုးညွှန်ပြီး နွမ်းလျမရွှင်တဲ့ မျက်နှာတဲ့။ မျက်ရည်သုတ်တာ ပခုံးနှစ်ဘက်ပင့်ပြီး ရှိုက်ဟန်ပြုတာ၊ အဲလို သရုပ်ဖော် က,ရတာရှင့်' ဟု သူမက အားတက်သရောပြောသည်။ အဒေါ်ဖြစ်သူက တူမကို ကျေနပ်ပီတိပြုံးဖြင့် ကြည့်ရင်း-

'ကိုင်း . . . ကိုင်း . . . တူမကြီးရယ် ထပြီး က,ပြဖို့ပဲ ကျန်တော့တယ်။ နေစောင်းနေပြီကွယ့်။ ဆရာတော်က ဝါဆိုဦးမှာဆိုတော့ ကြာဦးမှာ။ ဒီကတူတော်မောင်လည်း အားနာစရာ။ စကုတိုက် အရင်သွားကြရအောင်လား။ အပြန်မှပေါက်ပေါက်တန်းဝင်ကြတာပေါ့' ဟု ဆိုသည်။

ကျွန်တော်က ကျောင်းတိုက်မှ တိုင်ကပ်နာရီကြီးကိုမော့ကြည့်ပြီး-

'ဟုတ်တယ်၊ ဆရာတော် ကြာဦးမှာ။ စကုတိုက်က မြောက်ဘက်တင်။ ကားကို ဒီမှာပဲထားခဲ့တော့။ အတော်ပဲ ရွှေမန်းကျောင်းမှာ ဝါဆိုပန်းကပ်ပွဲက သိပ်စည်တာ။ ဒီနေ့ဆိုရင် ရွှေမန်း



www.burmeseclassic.com

www.burmeseclassic.com



သဘင်တစ်ဖွဲ့လုံး အဲဒီကျောင်းရှေ့မှာ စင်ထိုးပြီး တီးမှုတ် ကခုန်ကြတာ’ ဟု ပြောလိုက်သည်။ သူက လက်ဆွဲဘယားအိတ်လေး ကောက်ကိုင်ပြီး-

‘ဒါဆိုရင် ပွဲမသိမ်းခင် အမြန်သွားမှဖြစ်မယ်’ ဟုဆိုကာ ခပ်သွက်သွက်ထ၏။ အဒေါ်က တူမကို ‘ပွဲဆိုရင် ကဲရန်ကော’ ဟူသော အကြည့်ဖြင့် ကြည့်ကာ ခပ်ဖြည်းဖြည်း လေးလေးတွဲ့တွဲ့ ထသည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

'မာယာသူဖန်၊ ဘုန်းငဲ့ထံ၊ လက်လှမ်းသူသာ နီးမခံ ပန်းမာန်ကြူ ကြူ ကြိုင်လှိုင်ငုမွှေး ဝေးအဝေးရာ သွေးဆောင်ကာ'

မလွန်ရပ်ရှိ သာသနာ့ဗိမာန်ကြီးမှ အလှူက အလှူဝင်ညမှာ ရွှေဒေါင်းမြိုင်ဆိုင်းအဖွဲ့ ဧည့်ခံဆိုင်းတီးသည်။ မန္တလေးမြို့ရှိ သူ သွားချင်သော၊ သွားသင့်သော နေရာများဆီ သုံးရက်နီးပါး လိုက်ပို့ပေးပြီးနောက် မန္တလေးဆိုင်းအဖွဲ့မှ ကရောင်းရိုက်တာ နားထောင်ချင်သည်ဆိုသောကြောင့် ယခုည ရွှေဒေါင်းမြိုင် ဆိုင်းအဖွဲ့ရှိရာ ခေါ်လာရခြင်းဖြစ်၏။ အဒေါ်ဖြစ်သူက တစ်နေကုန်နီးပါး ရပ်ကွက်ပေါင်းစုံ လှည့်ပတ်လိုက်နေရသဖြင့် ယခုည မလိုက်နိုင်တော့ပြီ။ ထို့ကြောင့် တည်းခိုသည့် ဒေါ်ဒေါ်မိတ်တို့တိုက်မှ အော်စတင်ကားလေးနှင့် ဒရိုင်ဘာထည့်ပေးလိုက်သည်။ ထို့ပြင် ယနေ့ည ၉ နာရီရထားနှင့် ရန်ကုန်ပြန်မှာမို့ အထုပ်အပိုးပြင်ဆင်ဖို့ အဒေါ်က မလိုက်နိုင်တာလည်း ဖြစ်၏။ ထို့ကြောင့် 'ရှစ်နာရီမထိုးမီ မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့ကြနော်' ဟု ဒေါ်ဒေါ်မိတို့တိုက်မှ ကားကလေးထွက်ကတည်းက တဖွဖွမှာလိုက်သည်။

မီးရောင်စုံထိန်းညှိထားသော သုံးထပ် သာသနာ့ဗိမာန်အဆောက်အဦကြီးနှင့် ဆင်ဝင်ရှေ့မှ ကွက်လပ်တွင်ထိုးထားသော ပြာသာဒ် ၇ ဆင့်ပေါက်ထားသည့်မဏ္ဍပ်ကြီးကို သူက တအံ့တသြကြည့်နေသည်။ မဏ္ဍပ်ရှေ့မှာ မှန်စီရွှေချဆိုင်းဝိုင်းကြီးက လာသမျှပရိသတ်ကို ဧည့်ခံနေ၏။ ပရိသတ်က ကွင်းလုံးပြည့်။ သူက ဆိုင်းဝိုင်းနောက်ပိုင်း မလှမ်းမကမ်း၌ရပ်ထားသော ကားကလေးပေါ်မှဆင်းကာ ရှေ့တိုးပြီး နားစိုက်ထောင်သည်။ ကျွန်တော်က ကားကလေးကိုမှီရင်း သူ့ကို ငေးကြည့်နေမိသည်။ သုံးရက်လုံးလုံး ဝါသနာတူ စိတ်တူဖြင့် တပူးပူးတတွဲတွဲ သွားလာခဲ့ကြရမှုက အိပ်မက်ပမာ. . .။ အခုတော့ လန့်နိုးလာပါပကော။ မကြာမီ သူ ပြန်တော့မည်။ ပတ္တလားလေး မတောက်မခေါက်တီးတတ်ကာ ဆိုင်းမြင်လျှင် မငမ်းမရဖြစ်ခဲ့သော ကျွန်တော့်မှာ အခုတော့ မျက်စိရှေ့မှောက်တွင် မန္တလေး၏ နာမည်ကျော် ရွှေဒေါင်းမြိုင်ဆိုင်းအဖွဲ့ကြီး တီးမှုတ်နေသော်လည်း ဆိုင်ဝိုင်းကိုပင် မမြင်တော့။ သုံးရက်လုံးလုံး မြင်တွေ့ခဲ့ရသော သူ၏ လှုပ်ရှားဟန်တွေသာ တဖျပ်ဖျပ်မြင်နေရ၏။ ဆိုင်းဝိုင်းမှ တီးသံ မှုတ်သံတွေ မကြားတော့။ သူ၏ စကားသံ၊ ရယ်သံမောသံလေးတွေသာ ကြားယောင်နေမိသည်။

ကျွန်တော်က အတွေးတွေ ယောက်ယက်ခတ်ရင်း ရှည်လျားသောဆံပင်ကို ညာဘက်ပခုံးမှ ရှေ့ချကာ လက်ကလေးပိုက်ထွေးပွေ့၊ ခြေလေးတစ်ဘက်ကို ကတ္တီပါဖိနပ်လေးမှ ဖနောင့်လေးကို ကြွကြွလေး မ,ရင်း ဒူးကို သာသာလေးညွတ်ကာ ကိုယ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကလေးယို့ ခေါင်းလေးမော့၍ ရပ်နေသော သူ့ကို ငေးကြည့်နေမိ၏။

'တူမောင်. . . တူမောင်. . . ရှစ်နာရီမတ်တင်း ရှိနေပြီကွယ်' ဟု ကားဒရိုင်ဘာဦးလေးကြီး သတိပေးမှ အတွေးစတွေ ပြတ်သွားသည်။ ထိုအခါမှ သူ့ကို သွား၍သတိပေးရ၏။ ဆိုင်းအား စိတ်ဝင်စားနေရာမှ သူ့နာရီလေးကို လက်မ,ကာကြည့်ရင်း-

'သြော်. . . ဟုတ်ပေသားပဲ။ ကိုင်း သွားကြရအောင်။ ကားပေါ်တက်ကြစို့' ဟု ဆိုလေမှ ကျွန်တော့်နှုတ်ဖျားက စကားသံတွေ ထွက်သွားတော့၏။

'ကျွန်တော် မလိုက်တော့ဘူးလေ။ ဒီကနေပဲ ကျောင်းကို ပြန်လိုက်တော့မယ်။ ကျွန်တော် နှုတ်ဆက်လိုက်ပါတယ်။ လိုတာရှိရင် ကျောင်းကို စာရေးပြီးမှာပါ. . .၊ ခိုင်းပါ'

ကျွန်တော့်စကားသံကြောင့် ကားဆီလှမ်းနေသော သူ့ခြေလှမ်းတွေ ရပ်တန့်သွားကာ-

'စောစောက ကြီးကြီးကိုပြောခဲ့တော့ ဘူတာအထိ လိုက်ပို့ဦးမှာဆို' ဟု တအံ့တသြမေး၏။ ကျွန်တော် ခေါင်းဖော်ကာ သူ့မျက်နှာကို မကြည့်ဝံ့ပါ။

'ဟို. . . ဟို. . . ဆရာတော်က ဝတ်တက်အမီစောစော ပြန်ခဲ့ဖို့ မှာလိုက်လို့ပါ အဲဒါ. . . အဲဒါ. . .'

ကျေနပ်ဖွယ်အဖြေတော့ မဟုတ်ပါ။ သို့သော် မတတ်နိုင်တော့။ သူ့ထံက သက်ပြင်းမျှင်းမျှင်းချသံ ကြားရ၏။

'သြော်. . .' ဟူသော ရေရွတ်သံလည်း တိုးညှင်းစွာဖြင့် သူ့နှုတ်များက ဖွဖွထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'သွားတော့မယ်'

ကျွန်တော်က တုံးတိတိနှုတ်ဆက်ရင်း ကားကလေးဆီမှ ပြန်လှည့်ထွက်မည်အပြု-

'ဪ'

သည်တစ်ခါ သူ့အသံက သတိတရ အာမေဋိတ်သံ ဖြစ်၏။ တစ်ဆက်တည်း-

'ခဏလေး၊ ခဏလေး' ဟူသော အသံနှင့်အတူ ကားလေးဆီ သွက်သွက်လှမ်းသည်။ ကားတံခါးကို ခပ်မြန်မြန်ဖွင့်သည်။ နောက်ခုံကျောမှီပေါ်မှ တစ်စုံတစ်ခု လှမ်းယူသည်။ ပြီးတော့ ကျွန်တော့်ဆီ ခပ်သွက်သွက်လှမ်းရင်း လက်ထဲကပစ္စည်းကိုကမ်း၏။

'အရင်နေ့ကတည်းက လက်ဆောင်ပေးမယ် ပေးမယ်နဲ့ အဲဒါလေးယူပါနော်' တဲ့။

ကျွန်တော် မငြင်းပါ။

ကျေကျေနပ်နပ်ပဲ ယူလိုက်ပါသည်။

အလျှုမဏ္ဍပ်နှင့် ဆိုင်းဝိုင်းမှန်ပန်းတောင်းများမှ မီးရောင်က ကျွန်တော်တို့နေရာရောက်တော့ ပျပျသာလင်းနိုင်တော့၏။ ထိုအလင်းမှိန်အောက်မှာပင် မော့ကြည့်လိုက်သောသူ၏မျက်ဝန်းလျှားလျှားဆီမှ ဖျတ်ခနဲ အလင်းရောင်က တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထသွားသည်။ အညှို့ခံလိုက်ရသူပမာ အားလုံးကို မေ့လျော့သွားဆဲ သူက ကားလေးပေါ်တက်ကာ တံခါးကို ညင်ညင်သာသာ ဆွဲပိတ်လိုက်တော့ ကားကလေး သာသနာ့ဗိမာန်ဝင်းကြီးထဲမှ ခပ်ဖြည်းဖြည်း ထွက်ခွာသွားပါပကော။



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်မီး နီနီလေးကို ဟိုအဝေးဆီအထိ တမှေ့တမော ငေးကြည့်ရင်း မီးနီနီလေး ပျောက်သွားပါမှ လက်ထဲက ပစ္စည်းလေးကို သတိရကာ ဖြန့်ကြည့်မိ၏။

စကားဝါရောင်မှာ ရွှက်စိမ်းရင့် ကန့်လန့်ပြေးသည့် လွယ်အိတ်လှလှကလေးရယ်လေ။

လွယ်အိတ်သစ်ကလေး ရင်မှာပိုက်ကာ ကျွန်တော်လည်း သာသနာ့ဗိမာန်ဝင်းအတွင်းမှ ခြေလှမ်းတစ်လှမ်းချင်းလှမ်းကာ ကျောင်းဆီပြန်တော့ ဆိုင်းသံက နောက်မှာ ဖြည်းဖြည်း ဝေးကာ ဝေးကာ ဖြည်းဖြည်းချင်း . . . ဖြည်းဖြည်းချင်း . . ။

■



www.burmeseclassic.com

www.burmeseclassic.com



(၄)

တိပ်ခွေမှ ထွက်ပေါ်လာသောဆိုင်းသံတွင် 'ချွတ်သံ' ကို လင်းကွင်းလတ်အား ဖိအုပ်တီးသော စည်းချက်သံလေးဖြင့် ခပ်ညက်ညက်လေး ထွက်ပေါ်လာသည်။

*'အို့ . ပန်းစေဖို့ဖွယ်ပင်၊*
*ဆန်းရွှေသမင်ငယ်လေး*
*ရှပ်သွင်ရွှေသား*
*ထင်မှားအောင်ကြံ*
*လေးသွဲ့ငယ်ရိုက်ဟန်*
*ညှိုးမာန်ထပ်ဆင့်ပြန်'*

ခပ်မှိန်မှိန် ထွန်းညှိထားသော မတ်တပ်မီးလုံး၏ အုပ်ဆောင်းမှဝေးရာ ခပ်လှမ်းလှမ်းနံရံသည် အလင်းရောင်လဲ့လဲ့နှင့် လက်လှမ်းမမီသဖြင့် အမှောင်ကန့်လန့်ကာပါးပါး ကာဆီးထား၏။ ထိုအမှောင် ကန့်လန့်ကာအောက်မှာ ပန်းချီ ဦးဘအေး၏



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းပန်းချီးကားချပ်ကြီးက လွန်ခဲ့သော နှစ်ရှည်ကာလများဆီသို့ ကျွန်တော့်ကို ရုတ်ခြည်း ဆွဲခေါ်ယူသွားလိုက်တော့၏။ အံ့အားသင့်စရာကောင်းလိုက်ပါဘိ။

ပြည့်တင်းပြန့်ပြူးသော မဟာနဖူး၊ သွယ်လျညီညာသော မျက်နှာကျ၊ ရှည်လျားနက်မှောင်သော ဆံပင်၊ ကျော့ရှင်းသော ကိုယ်ဟန်နေထား၊ ထို့နောက် . . . ထို့နောက်. . . ယဉ်ကျေးသော အနေအထိုင်၊ ထူးခြားလှပသော မျက်ခုံး (တစ်ချိန်က စာရေးသည့် အခါ အသတ်ကို ကွေးကွေးဝိုင်းဝိုင်းလေးသတ်သည့် လွှတ်တော် အသတ်နှင့်တူသည့် မျက်ခုံး)။

လူတစ်ရပ်နီးပါးခန့်မြင့်သော ပန်းချီကားကြီးက နံရံထက်မှနေ၍ ဆီးမိုးကြည့်နေသည်။ ခပ်လျားလျား နက်မှောင်သော မျက်ဝန်း ၏များက ငုပ်လျှိုးနေသည့် ရင်ထဲကဝေဒနာကို ဆွဲထုတ်ယူလိုက်သည်။

'အဲဒါ မယဉ်းတော်ပုံလေဗျာ။ မကွမ်းငုံတို့ ဆင်ခိုးမလေးတို့နဲ့ ခေတ်ပြိုင် ယဉ်းတော်မလေးပေါ့'

မိတ်ဆွေ၏အသံက နားထဲမှာသာမက နှလုံးသားဆီအထိ ဖြတ်ရိုက်စီးသွား၏။ အတိတ်က အသံအချို့ကလည်း ရှင်သန် ပဲ့တင်ထပ်လာပြန်သည်။

'တို့များအဘွား မင်းသမီးကြီးနဲ့ ဟောဒီတူမက ချွတ်စွပ်တူတာတဲ့'

'. . . ချောင်းရိုး မြောင်းရိုးသာ ကောမယ်။ လူမျိုးရိုး မတိမ်ကောဘူးဆိုတာ တယ်မှန်သကိုးကွယ့်'

'. . . . . . . . . .'

'. . . . . . . . . .'



www.burmeseclassic.com

www.burmeseclassic.com



အအေးခန်းထဲမှာပေမင့် ပန်းချီကားကြီးဆီမှ မျက်ဝန်းအောက်မှာ ကျွန်တော့်လက်ဖျားတွေ ချွေးစေးပြန် တုန်ရီလာသည်။ တုန်ရီသောလက်များဖြင့်ပင် ပန်းချီကားမှ မယင်းတော်၏ ရှည်လျားသောဆံပင်များအား ထိတွေ့ပွတ်သပ်ကြည့်ဖို့ ကြိုးစားကြည့်မိ၏။

တစ်ပြိုင်နက်တည်းမှာပင် မိတ်ဆွေသည် ကျွန်တော့်အား ခေါင်းတရမ်းရမ်းဖြစ်ကာ အံ့ဩစုပ်သတ်သည်အထိ နားမလည်စွာ ကြည့်ရှုခြင်းခံရသော စကားလုံးတချို့လည်း ကျွန်တော့်နှုတ်ဖျားမှ ရုန်းကန်ထွက်သွားပါတော့သည်။ ဘာတဲ့။

'မယင်းတော်ကို ကျွန်တော်သိတယ်။ တွေ့လည်းတွေ့ဖူးတယ်။ ပြီးတော့. . . ချစ်လည်း ချစ်ခဲ့ဖူးတယ်' တဲ့လေ။

မကြာမီ. . .

'သွားလေရာ လွယ်အိတ်ဖြူကြီး တလွယ်လွယ်နဲ့ကွာ' ဟု မြည်တွန်တောက်တီးလေ့ရှိသော မိတ်ဆွေများအားလုံးကျွန်တော့်ကို နားလည်နိုင်ကြမည် ထင်ပါသည်။

အခုတော့လည်း စကားဝါရောင်လွယ်အိတ်ကလေးက လျှော်ဖွပ်ရလွန်းလို့ ဖြူဖတ်ဖြူရော် ဖြစ်နေပါပြီ။

■

ရွှေအမြုတေ – ၂၀၀၂ ခု၊ ဩဂုတ်



www.burmeseclassic.com

www.burmeseclassic.com

# မှုန်းတဲ့ညနေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မွှန်းတဲ့ညနေ

နိဂုံး

တမာရနံ့ကို ခံစားဖူးကြပါသလား။

တမာသည် လရောင် ပင်လယ်၏ တိတ်ဆိတ်ညတွင် ပါးလွှာဝတ်ရုံကို ခွာချကာ လွတ်လပ်စွာ အိပ်မောကျလေသော အခါမှ သူ့ကိုယ်သင်းရနံ့လေး မွှေးပျံ့တတ်ချေသည်တကား . . .။

ချမ်းမြေ့ရတနာ

www.burmeseclassic.com

www.burmeseclassic.com



နီဂိုး — ၁

ဂိမာန်ရာသီ၏ တိမ်တောက်သော တစ်ညနေမှာပင် 'ဆည်းဆာနိဒါန်း' ဓာတ်ပုံပြပွဲလေးကို စတင်ဖွင့်လှစ်ဖြစ်သည်။

'ဆည်းဆာနိဒါန်း' တဲ့။

ထိုအရာသည် 'ဆည်းဆာနိဂုံး' လည်းဖြစ်ပါ၏။

တကယ်တမ်းဖြစ်သင့်သည်မှာ 'ဆည်းဆာဝေဒနာ'ပဲပေါ့။

ဘာပဲပြောပြော၊ အခုတော့ဖြင့် 'ဆည်းဆာနိဒါန်း' ဟူသော အမည်သည် ဟောသည်ပြပွဲလေး စတင်ဖြစ်ခြင်း၏ 'ခွန်အား' တွေကို ပေးစွမ်းနိုင်ခဲ့တာတော့ သေချာသည်။

တကယ်တော့ . . .

ဟိုအရှေ့ဘက်က ရှမ်းရိုးမ ပြာပြာကြီးတွေကို ငေးကြည့်ရင်း . . .

အောင်ပင်လယ် ရိုးပြတ်ကွင်းတွေဆီ အလည်ကျူးပြီး အိမ်ပြန်နောက်ကျတဲ့ ဗျိုင်းတစ်အုပ်ကို စောင့်မျှော်ရင်း . . .

ခနော်ခနဲ့ခြံစည်းရိုးတွေပေါ် ကျဲဖျောက်ထားတဲ့တောစံပယ် လေးတွေရဲ့ မခို့တရို့အလှကို ခံစားရင်း . . .

ဟောဒီ ဝရန်တာလေးက ခုံလေးတစ်ခုံမှာပဲ အဖော်မဲ့စွာ ဆည်းဆာပေါင်း မြောက်မြားစွာကို အားတင်းဖြတ်ကျော်ရတာ ကြာပေပြီ။

ထိုပျင်းရိဖွယ်ဆည်းဆာပေါင်းများစွာက'ဆည်းဆာနိဒါန်း' အသစ်ကို စတင် 'ဥ' ပေးခဲ့တာ အစက မရိပ်မိ။

ပထမတော့ မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့ အလင်း အမှောင် မျဉ်းပြိုင်လှေကားထစ်တွေပေါ်က ကိုယ်တစောင်း ခပ်ရွှံ့ရွှံ့



www.burmeseclassic.com

www.burmeseclassic.com



လေးထိုင်နေတဲ့ အဖြူအမည်း ဓာတ်ပုံလေးတစ်ပုံကို ဝရန်တာ လက်တန်းပေါ်တင်ပြီး ကြည့်ခဲ့မိခြင်းက အစဖြစ်ပါ၏။

နောက်တော့ . . .

တောင်သမန်အင်း ဦးပိန်တံတားကြီးက တိုင်ကို ခပ်နွဲ့နွဲ့ အမှီ . .

'ရာဇတ်ဟော'ရွှေစက္ကူပန်းရုံအောက်ကပြုံးပန်းတစ်ပွင့်. .

ပင်မဆောင်အတွင်း ကြောင်လိမ်လှေကားအဆင်း . . .

ဓာတုဗေဒဌာနဓာတ်ခွဲခန်းရှေ့ဝရန်တာအုတ်လက်ရန်းမှာ လက်ကလေးထောက်ရင်း . .

ပါဠိဆောင်ရှေ့ မြေလမ်းအကွေ့လေးမှာ ထီးကလေး ပခုံး ပေါ်တင် . .

သစ္စာဆောင်မှန်ကူကွက်နောက်ခံနဲ့ကိုယ်တစ်ပိုင်းလေး. .

ရွှေကျောင်းကြီး သစ်သားပန်းပုတံခါးဝက ခပ်ကြော့ကြော့ အမူအရာ . .

အတုမရှိမကန်းလှေကားပေါ်ကနန်းဆန်ဆန်ခြေလှမ်း. .

ဝရန်တာလက်တန်းလေးပေါ်မှာတချို့၊အိမ်တိုင်မှာတချို့၊ အိမ်နံရံမှာ တချို့၊ ဓာတ်ပုံလေးတွေ ချိတ်ဆွဲရင်း နောက်ထပ်ဓာတ်ပုံ တွေထုတ်ကြည့်ရန် ပြင်ဆင်ဆဲမှာပင် 'ဆည်းဆာ' က ကုန်ဆုံးသွား လို့ လက်လျှော့လိုက်ရသည်။ ဟိုး. . . အဝေး၊ မန္တလေးတောင်ပေါ် ဆုတောင်းပြည့်စေတီဆီမှာ မာကျူရီမီးလုံးလေးတွေ အလက်၊ အိမ် ရှေ့လမ်းလေးဆီက ပိုးပုရစ်တွေ ကျစ်ကျစ်မြည်ဆဲ၊ မမြင်ရတော့ သော ဓာတ်ပုံလေးတွေဆီ ငေးရီရင်း နောက်တစ်နေ့အတွက် 'ဆည်းဆာနိဒါန်း' ကို တမ်းတနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကန့်အသတ်မဲ့ ပြပွဲအချိန်ဇယားဖြင့် နက်ဖြန်ညနေက စပြီး 'ဆည်းဆာနိဒါန်း' တစ်ကိုယ်တော်ဓာတ်ပုံပြပွဲကို စတင် ဖွင့်လှစ်မည်။ အနှစ်နှစ်ဆယ်ကျော် သိမ်းဆည်းထားမိသည့် နဂ္ဂတစ်တချို့ကို ထုတ်၍ ပုံကြီးချဲ့ ပြန်ကူးရမည်ဟု သတိရလိုက်မိစဉ် ခဏမှာပင် အတိတ်ဆီက အသံလေးတစ်သံက ရင်ကို နင့်ခနဲနေအောင် ပြေးဝင်ဆောင့်တွန်း လိုက်ပြန်ချေ၏။

ထိုအသံလေးသည် 'ဆည်းဆာနိဒါန်း' အတွက်မဖြစ်မနေ ဆောင်ရွက်စေသည့် စွမ်းအားမြှင့် အင်အားတစ်ရပ်ပဲ ဖြစ်တော့သည်။ အသည်းဆတ်ဆတ်တုန်မျှ ခံစားသတိရစေသည့် စကားသံလေးက တိတ်ဆိတ်ဝန်းကျင်၊ တိတ်ဆိတ်ညမှာ ခြေဖျားထောက် ဖွဖွလေး နင်းလာပြန်ချေပြီတကား . . . ။

■



www.burmeseclassic.com

www.burmeseclassic.com



နံပါတ် – ၂

“သွားတော့မယ်နော်” . . . တဲ့။

အစက ဒီလိုမှန်းသိရင်ခေါင်းညိတ်မပြလိုက်ပါဘူးကွယ်။

အခုတော့ . . .

‘သွားတော့မယ်နော်’ ဆိုတဲ့ နောက်ဆုံးကြားခဲ့ရတဲ့ အသံဟာ ပြန်လည်သတိရမိတိုင်း ရင်ထဲမှာ ပြင်းထန်တဲ့လှိုင်းဂယက်တွေလို တဝုန်းဝုန်း ရိုက်ခတ်နေလေရဲ့။ စက္ကန့်မလပ်ရိုက်ခတ်နေတဲ့ လှိုင်းဒဏ်ကြောင့် ရင်လည်းတဆတ်ဆတ်နာလို့။

ပြန်လည်ဆုံဆည်းလေဦးမလား ဆိုတဲ့ မျှော်လင့်ချက်တစ်ပွေ့တစ်ပိုက်နဲ့မို့ ‘သွားတော့မယ်နော်’ ဆိုတာ သာမန် နှုတ်ဆက်စကား အနေနဲ့ပဲ အလေးအနက်မထားခဲ့မိတာအမှန်။ အခုလို ဝေး. . ဝေ. . . ဝေးပြီလို့ အိပ်မက်မဟုတ်တဲ့ အဖြစ်အပျက်ဆိုးကို ရင်ဆိုင်လိုက်ရတဲ့အခါ ဒီစကားလုံးလေးငါးလုံးဟာ ဘဝ တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ရစရာမရှိအောင် ထိုးဆွချေမွလိုက်နိုင်တဲ့ စွမ်းအား အနန္တရှိမှန်း မသိခဲ့တာလည်း အမှန် . . .။

နံနက်ခင်းရဲ့နေခြည်နုလေးတွေမျက်နှာပေါ် ထိတွေ့လိုက်လို့ လန်နိုးလာကတည်းက နှလုံးခုန်သံနဲ့အတူ သတိရမှု တစ်ထပ်တည်း ကပ်ပါလာတာ နေ့စဉ်နဲ့အမျှပါပဲဆိုရင် ကဲလွန်းတယ် ဆိုကြလေမလား။ လေကလေး သွေးတိုင်းက လှိုင်းကလေးဖွဲ့ လှုပ်ရှားရင်း နေခြည် တစ်စွန်းတစ်စကို ကာကွယ်ဖို့ ကြိုးစားနေတဲ့ အပြာနုရောင် ခန်းဆီးစလေး ဆွဲဖယ်ပြီး အပြင်ဘက်ကို ကြည့်လိုက်မိတယ်။

ခေါင်းရင်း စည်းရိုးစပ်က တောပန်းတစ်အုပ်လည်းဖွေးဖွေး လှုပ် ပွင့်နေဆဲ . . .။

ခြံဝင်းထောင့် ဧကရာဇ်ပင်ပေါ်က အမျိုးအမည်မသိ ငှက် ကလေးတစ်ကောင်ကလည်း ကျစ်ကျစ်အော်မြည်နေဆဲ . . .။

ပြီးတော့ ကိုင်းပင်တွေ ထိပ်ဖျားမှာလည်း ပုစဉ်းလေးတွေ တိုင်ဦးတမ်းကစားနေကြဆဲ . . .။

ဟို အရှေ့ရိုးမဆီမှာလည်း မိုးသားတွေကညို့ညို့ဆိုင်းလို့ မှိုင်းမှုန်ဆဲ . . .။

ဒီလိုပါပဲလေ။

အရှေ့ရိုးမဆီက မိုးသားတို့ မှိုင်းမို့ဆိုင်းညို့နေတဲ့ နေ့ တစ်နေ့။ သတိတရရှိလာပြန်လို့ ပြတင်းပေါက်က ခေါင်းပြူပြီး အရှေ့တစ်ခိုဆီက မိုးသားအိအိတွေကို ငေးမျှော်ကြည့်မိပြန်တယ်။ ခိုပြာနုသွေး မျှင်မျှင်သေးသေး ခပ်ရေးရေးပေါ်တဲ့ ရိုးမရဲ့အနားကွပ် ကောက်ကြောင်းပေါ်က မိုးသားတိမ်တိုက်တွေ ဟောသည်ဘက်ဆီ အထိ တအိအိ ပြိုဆင်းညိုမှိုင်းလာပြီလေ။ တသုန်သုန်လေက



www.burmeseclassic.com

www.burmeseclassic.com



တရိပ်ရိပ်တက်လာတဲ့ မိုးသားတွေနဲ့ စစ်ကူပေါင်းစပ်လိုက်လို့ ကောင်းကင်တစ်ခွင်လုံး မှုန်. . . ။

မိုးရွာရင်လေ. . . .

မိုးရွာမှာကို တွေးပူမိတဲ့စိတ်နဲ့ ခေါင်းပေါ် တည့်တည့်မှာ ရှိနိုင်တဲ့ မိုးသားအခြေအနေကို မော့ကြည့်မိတယ်။တိမ်လိပ်ကြားက လှစ်ခနဲ ထွက်ပြူလာတဲ့နေခြည်ဟာ မျက်စိကိုစူးပြီး ဝါးသွားစေတယ်။

တရိပ်ရိပ်တက်လာတဲ့မိုးသားတွေက နေခြည်စူးစူးကို မကြာ ခင် ဖုံးကွယ်တော့မယ်။ မြင်ကွင်းတွေက မျက်စိထဲမှာ ဝိုးတဝါး. .

ဟုတ်တယ်၊ အရာအားလုံးက ဝိုးတဝါး. . . .

လှုပ်ရှားနေတဲ့ အရိပ်တွေ. . . .

ယိမ်းထိုးနေတဲ့ အရောင်တွေ. . . .

အနီ၊ အဝါ၊ အပြာ၊ ပန်းနု၊ အဖြူ ရောယှက် ပြေးလွှားနေကြတယ်။ ကင်မရာချောင်းကြည့်ပေါက်က ပုံရိပ်မချိန်ဘဲ ကြည့်ရ သလိုမျိုး။

ပြီးတော့မှ ပုံရိပ်က ပီပီပြင်ပြင် ပြတ်ပြတ်သားသား မြင်လာ ရသလိုမျိုး။

ဟိုး. . . . ဝေး. . . . . ဝေး. . . . . .

အတိတ်. . . ရုပ်. . . ပုံ. . . လွှာ. . . ဆီ. . . ကို. . . ။

■



www.burmeseclassic.com

www.burmeseclassic.com



(၁)

အစကတော့ ကြည်ကြည်လင်လင်. . . .

မထင်မှတ်ဘဲ အုံ့မှိုင်းလာသော မိုးကြောင့် စိုးရိမ်စိတ်ပိုလာ၏။ မော့ကြည့်လိုက်မိသည်။

မရွာတန်ကောင်းပါဟု ထင်မိပါသည်။အနောက်တောင်မုတ်သုန်လေနှင့်အတူ ဟို မြောက်ဘက်ဆီသို့ မိုးသားတို့ လွင့်ပါးသွားစေရန်လည်း တိတ်တခိုး ဆုတောင်းနေရသည်။

မော့ကြည့်ရာမှာ သတိထားမိသည်။

မြင့်မားလှချည့်. . . .

ခံ့ညားထည်ဝါလှသည့် အဆောက်အဦ. . . .

ရှည်လျားသည့် တိုင်လုံးကြီးများ၊ ကြီးမားဝင်းမွတ်လှချည့်။

မန္တလေးတက္ကသိုလ်ပင်မဆောင် ဆင်ဝင်ကြီးက သိမ်ငယ်စိတ်ကို ဆီးမိုးဝါးမျိုတော့မတတ် ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်ရသည်မှာကြာပြီမို့လွယ်ထားသောကင်မရာကို အသာအယာ ဖေးမကိုင်ကာ ထိုင်ချလိုက်ရင်း အားငယ်စိတ်က ခေါင်းငုံ့ မျက်လွှာကျကာ အလျားရှည် လှေကားထစ်တွေကိုပဲ ငေးကြည့်နေမိစေ၏။ တွေဝေနေရာမှ သတိကို ပြန်လည်စုစည်းလိုက်ချိန်တွင် မြင်ကွင်းမှာ လှေကားထစ်ပေးမှာ ရောင်စုံဖိနပ်လေးတွေ တက်ချည်ဆင်းချည်။

အနီ၊ အဝါ၊ အဖြူ၊ အသားရောင်၊ အနက်ရောင်၊ ရွှေအိုရောင်. .

ငွေပြာရောင်. . .

အပါး၊ အမြင့်၊ အပြား၊ အချွန်၊ ရွှယ်စုံ၊ ဆိုက်စုံ. . .

မနက်ကတည်းက လှုပ်ရှားခဲ့သော ရင်အခုန်က အခုထိ မငြိမ်သက်ချင်သေး။ ဟောသည်ဝန်းကျင်၊ ဟောသည်နယ်မြေသို့ ခြေတစ်လှမ်း ချမိကတည်းက မဝံ့မရဲနှင့်မို့ စိုးထိတ်မိသေး။ အခုကဲ့သို့ ကင်မရာလေးလွယ်ပြီး မိန်းမလှလေးတွေကြား စီးပွားရှာဖို့ လာရသည်ကလည်း ပထမဦးဆုံး အတွေ့အကြုံမို့ စိတ်လှုပ်ရှားမိသေးတော့။

မိုးသားများက ပိုမို အုံ့ဆိုင်းလာပြန်သည်။

မိုးစက်မိုးပွင့်လေးတွေပင် တဖြောက်ဖြောက်ကြွေစပြုလာပြီ။ လှေကားထစ်ပေါ် ထိုင်နေရာမှ ပင်မဆောင် ဆင်ဝင်တိုင်လုံးကြီးတွေ အခြေသို့ ဝင်ခိုလိုက်ရ၏။ တက်ချည်၊ ဆင်းချည် ရောင်စုံဖိနပ်လေးတွေလည်း ဦးတည်ရာ ခြေလှမ်းတွေ ရုတ်သိမ်းကာ နီးရာ အမိုးအကာအောက် ဝင်ရောက်ခိုလှုံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးက ကြွေရာမှ သည်းလာ၏။ စဲမည့် အရိပ်အယောင် မပြသေး။

အတန်းများ တက်စပြုပြီထင့်။

အသွားအလာက ရှင်းလာပေပြီ။

ယောက်ယက်ခတ်နေသောစိတ်ကိုစုစည်းကာမရောက်ဖူး၊ မဝင်ဖူးသော နေရာကို တွေ့ထိမှတ်သားရန်အတွက် ရပ်နေရာမှ ခြေလှမ်းပြင်မိသည်။ ဟိုဟိုသည်သည် မျက်စိကစားမိသည်။ ထူးထူးကဲကဲ မျက်စိထဲ တန်းဝင်လာတာက ပင်မတံခါးမကြီးထိပ်မှ မှန်တံခါးခုံးကြီးပဲ ဖြစ်၏။

ထူးကဲစွာ လှပခံ့ညားသည်။ အနီ၊ အပြာ၊ အဝါ၊ အစိမ်း . . .

မှန်ရောင်စုံ . . .

ငါးကြင်းကွက်လား၊ မှန်ကူကွက်လား၊ အချိုးညီ စပ်ဟပ်ထား၍ ဥရောပ ဂန္ထဝင်ဟန် ကဲနေသည်။

တံခါးမကြီး၏ ကြီးမားထူထဲလှသော ဘောင်ကလည်း ကျောက်ဖြူ သလင်းတုံးကြီးများ ဆစ်ကာ ဆင်ယင်ထားသည်။ ပန်းတမော့လက်ရာ တံခါးဘောင် ကျောက်ဖြူတုံး ကလနားကြိုးလုံးတွေက အကြည့်ကို အောက်ခြေဆီ ဆွဲခေါ်သွားကာ အင်္ဂတေပန်း ကလနားကွပ် ကမ္ပည်းကျောက်စာဆီသို့ ပို့ပေးလိုက်၏။ ကျောက်စာစာလုံးတွေကို သဲသဲကွဲကွဲ ဖတ်လို့ရအောင် အနားတိုးလိုက်သည်။

အို၊ နီးလွန်းနေတာပဲ၊ ကျောက်စာတစ်ချပ်လုံးက စာလုံးအနုအဖွဲ့တွေခံစားရင်း ဖတ်ရတာ ပိုကောင်းမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော အတွေးဖြင့် နောက်သို့ ခြေနှစ်လှမ်းမျှ အဆုတ်. .

"အို. . . ."

မိုးခိုရန် ပြေးတက်လာသောရောင်စုံအုပ်စုလေးမှအရောင်လေးတစ်ရောင်ကို အမှတ်မထင် ဝင်တိုက်လိုက်မိသည်။ စာအုပ်လေးတွေ ခေါင်းပေါ်အုပ်၍ မိုးလွတ်ရာ ပြေးတက်လာသူလေးတွေမို့ သူတို့ကလည်း အမှတ်မထင် နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်မိသူ၏ လားရာကို တွက်ဆမိပုံ မပေါ်။

စာအုပ်တွေ လွတ်ကျ၊ ဟန်ချက်တွေပျိုလဲလောက်အောင်တော့ ဝရုန်းသုဉ်းကားမဖြစ်။ သို့သော် အသီးသီး ကိုယ်ရှိန်သတ်လိုက်ကြရင်း အပြန်အလှန် တောင်းပန်အကြည့်တွေ ကြည့်မိကြပါ၏။ ရောင်စုံလေးတွေက ၄ ယောက် ဖြစ်ပါသည်။

မဟုတ်ပါ။

နောက်ဆုံး ဣန္ဒြေရရ တက်လာသူလေးနှင့်ဆိုပါက ၅ ယောက် ဖြစ်ပါသည်။ နဂိုက ငြိမ်သက်လုဆဲဆဲ ပတ်ဝန်းကျင်က လှုပ်ရှားသွားပါတော့သည်။

"မိုးကလည်း တိတ်ပြီမှတ်နေတာ"

"အေးကွာ၊ ပြုန်းစားကြီးဆိုတော့"

"ကလပ်စ် မမီတော့ဘူး"

"ပြောသားပဲ စောစောကတည်းကထွက်ရအောင်ဆိုတာ"

ထုံးစံအတိုင်း တစ်ယောက်တစ်မျိုး အသံလေးတွေ အနားမှာ ရက်ယှယ်သွား၏။ သည်လိုပါပဲလေ၊ စိတ်မဝင်စားမိ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အသံတစ်သံကမူကျွန်တော့်ကိုရုတ်ခြည်းလှုပ်ရှား သွားစေတော့သည်။

"ဟော့၊ ဒီမှာ ဓာတ်ပုံဆရာရှိတယ်၊ ဓာတ်ပုံရိုက်ရအောင်" တဲ့လေ။

" . . . . . "

" . . . . . "

"အားလုံး ရိုက်ပြီးရင် အတွင်းလှေကားနားမှာတစ်ပုံနော်"

"ဟုတ်ကဲ့"

"ဒီမှာ. . ဒီမှာ၊ အခု မိုးစဲသွားပြီဆိုတော့ဟိုစက္ကူပန်းရုံနား မှာ ထိုင်ပြီး ရိုက်ရင်. . . "

"ဟုတ်ကဲ့"

"ဒီလို တစောင်းလေးထိုင်ရမှာလား၊ အိုးရေတွေရှိသေးတယ် တော့၊ မထူးတော့ပါဘူး၊ နေဦး၊ မျက်စိက ဘယ်ကြည့်ရမှာလဲ"

"ဟုတ်ကဲ့"

"ကိုရွှေဓာတ်ပုံဆရာ သေချာပါတယ်နော်၊မျက်စိမှိတ်သွား သေးလား'

"ဟုတ်ကဲ့၊ အို. . . မဟုတ်ဘူး၊ မမှိတ်ပါဘူး၊ မမှိတ်ပါဘူး၊ သေချာပါတယ်"

သူတို့က ခိုးခိုးခစ်ခစ် ရယ်လိုက်ကြသည်။ အသားကျစ စိတ်အလှုပ်အရှားက စည်းချက်မမှန် ပြန်ဖြစ်ရပြန်၏။ ဒါပေမယ့် ခဏလေး။ ကိုယ့်စိတ်ကို တည်ငြိမ်အောင် ထိန်းနိုင်သွားပါပြီ။ ထို့ကြောင့် တစ်ယောက်ချင်း လိုချင်သည့်အနေအထားမှာ တည်ငြိမ် အေးဆေးစွာ ကိုယ့်အလုပ်ကို လုပ်နိုင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အသံဗလံတွေကတော့ မအေးဆေးပေ။

“ဟယ် မိမော်၊ နင် မရိုက်သေးဘူး၊ လာလာ၊ ဒီပန်းရုံနား ရိုက်ပါလား’

ခပ်သွက်သွက်လေးတစ်ယောက်ကနောက်နားချောင်ကုပ် ထိုင်နေသူလေးတစ်ယောက်အား လှမ်းခေါ်လိုက်၏။

“တော်ပြီ မရိုက်ချင်ဘူး”

ထိုင်နေသူလေးက မျက်လွှာလေးပင့်တင်ပြီး ဖြေသည်။

“မရဘူး. . မရဘူး မိမော်၊ နင်ရော ရိုက်ရမှာ၊ လာပါ”

“အိုကွာ”

“ကဲပါ လာစမ်းပါ၊ နင်တစ်ယောက်တည်းကျန်တာ၊Main ရှေ့မှာ နင် တစ်ပုံမှ မရှိသေးဘူး မဟုတ်လား၊ ဒီပန်းရုံလေးက လှတယ်၊ Main တိုင်ကြီးတွေလည်းပါတယ်၊ လာဟာ မိမော်၊ နင်ရိုက်ရမယ်”

“ကဲပါကွာ၊ နင်တို့ရိုက်ပြီးပြီ မဟုတ်လား၊ငါမရိုက်တော့ဘူး လို့”

“ဟော့ မိမော်၊ နင် အနုနဲ့ခေါ်မရရင်အကြမ်းနည်းနဲ့ခေါ်ရ မလား၊ ဗျို့ဓာတ်ပုံဆရာ၊ အဲဒီကောင်မလေး ဆွဲခေါ်ပေးစမ်းပါဗျာ၊ ကဲလွှန်းလို့ပါ”

ကျွန်တော်ရယ်နေပါသည်။ တစ်ယောက်ကထိုင်နေသူ အား ဆွဲခေါ်နေ၏။ မနေသာတော့၊ မိမော်ဆိုသူ ထလိုက်လာသည်။

မိုးစဲ၍ နေပွင့်လာပြီ။

နေရောင်ကြောင့် ပင်မဆောင်၏လှေကားထစ်များအပေါ် အလျားလိုက် မျက်နှာပြင်နှင့် နေရောင်မကျသော ထောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်တို့၏ အလင်းအမှောင်မျဉ်းများသည် လှပစွာ ဖြာထွက်နေကြသည်။

မိမော်ဆိုသူက ပန်းရုံရှေ့မရိုက်ဘဲ နီးရာလှေကားထစ်များပေါ် တင်ပလ္လင်ထိုင်ကာ ခါးကလေးဆန့်၊ ရင်ကလေးချီ၊ ခေါင်းကလေးငဲ့ကာ ထိုင်လိုက်ပြီး. . .

"ဒီလို ရိုက်ရင် ကောင်းမယ်ထင်တယ်နော်"

ကျွန်တော်သည် ကင်မရာအနေအထားကောင်းစွာချိန်ပြီးမှ ခလုတ်ကို ညင်သာစွာ နှိပ်လိုက်လေသည်။

"အိုကေ"

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

"သိပ်ကောင်းတယ်"

မြဝတီ ထောင်ဆုရဓာတ်ပုံဆရာ ကိုကျော်သင်းက ကျွန်တော့် ဓာတ်ပုံများကို တစ်ပုံချင်းကြည့်ပြီး ကောက်ချက်ချ၏။ သောက်လက်စ လက်ဖက်ရည်တစ်ငုံကို ကျိုက်ခနဲ မျိုချလိုက်ပြီးမှ. . .

"ဒီ ကွာလတီက မကျစေနဲ့ အနေအထားရောအယူအဆရော ကောင်းတယ်"

သူက ဓာတ်ပုံများကို စူးစူးစိုက်စိုက်ကြည့်ပြန်၏။ ဓာတ်ပုံကိုင်ထားသောလက်ကို အဝေးဆီဆန့်ကာ ခေါင်းကိုစောင်းကြည့်လိုက်သည်။

"အေး၊ ဆေးသားလေး နည်းနည်းရင့်နေတယ်၊ ဒီထက်နည်းနည်းပြေပေးရင် ကောင်းမယ်၊ တို့အကြိုက်ပေါ့လေ"

စားပွဲထိုးလေးက ရေနွေးခရားကို မ,ကြည့်ကာ ရေနွေးများဖြည့်ပေးသွားသည်။ ကိုကျော်သင်းက ဓာတ်ပုံတွေပြန်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်က အစီအရီထပ်၊ စက္ကူအိတ်လေးထဲ အသာသွင်းကာ လွယ်အိတ်ထဲ ထည့်ထားလိုက်သည်။ ပြီးမှ . . .

"အစက မိန်းမှာ ရိုက်ရမှာဆိုတော့နည်းနည်းကြောက်တာပေါ့ဗျာ၊ စဝင်တဲ့နေ့မှပဲ မိုးကရွာသေးတာ၊ တစ်ပုံမှမရိုက်ရဘဲ ပြန်ရရောမှတ်တာပေါ့။ ဒီအုပ်စုနဲ့တွေ့မှ ဈေးဦးပေါက်တာ၊ မိန်းမှာ ရိုက်ရတာ ပျော်စရာတော့ အကောင်းသားပဲဗျ" ဟု ပြောလိုက်သည်။

ကိုကျော်သင်းက ဆယ်ပြားစေ့နှစ်စေ့ဖြင့် သူ၏ တိုနံ့နံ့မုတ်ဆိတ်မွေးများကို တချပ်ချပ်နုတ်ရင်း ပြောသည်။

"ဒါပေါ့ကွ၊ ဒီလိုပဲဖြစ်ရမှာပေါ့၊ မင်းအနေနဲ့ ဒီလိုကိုဝင်ဖို့ကောင်းတာ ကြာလှပြီ၊ မင်းလို ဆေးတတ် ကူးတတ်တဲ့သူမပြောနဲ့၊ ကင်မရာခလုတ်လေး နှိပ်တတ်သူတွေတောင် လုပ်စားနေကြသေးတာပဲဟာ"

ကျွန်တော်က ရေနွေးတစ်ပန်းကန်ကို ငှဲ့၍သူ့ရှေ့တိုးပေးလိုက်သည်။ လက်ဖက်ရည်ဆိုင်မှဖွင့်သော သီချင်းသံသည် အနည်းငယ် ကျယ်လာ၏။ စားပွဲထိုးလေးက ကျွန်တော့်နောက်ကျောမှတိုက်သွား၍ ခုံကို ရှေ့သို့ အနည်းငယ်တိုးထိုင်ရင်း . . .

"ကျေးဇူးပဲ ကိုကျော်သင်းရာ၊ ခင်ဗျား တိုက်တွန်းတာကတစ်ကြောင်း၊ အိမ်အခြေအနေက တစ်ကြောင်းမို့ကင်မရာလွယ်ပြီးဝင်လိုက်ရတာ၊ အခုလိုအဆင်ပြေတော့လည်း အားတက်တာပေါ့ဗျာ"

တကယ်တော့ ကျွန်တော်သည် ဓာတ်ပုံလုပ်ငန်းကို စီးပွားဖြစ် မယ်မယ်ရရ မလုပ်ဖူးသေး။ ဝါသနာနှင့်အတူ ဖခင်လက်ငုတ်လက်ရင်းလည်းဖြစ်သည်မို့ဆေးတတ်၊ ကူးတတ်၊ ချဲ့တတ်၊ ရိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



သည်မှာကြာပေပြီ။ သို့သော် စီးပွားရေးအနေနှင့် ဦးမဆောင်ခဲ့ရသေး။ ဓာတ်ပုံဆရာကြီးတစ်ဦးဖြစ်သော အဖေက ဦးဆောင်ပြုနေသည်မို့ နေသာသည်ဟု ဆိုရပေမည်။ ပြီးခဲ့သည့်နှစ်ကစ၍ တဖြည်းဖြည်း ယိုးယွင်းလာသော အဖေ၏ ကျန်းမာရေးအခြေအနေကြောင့် အိမ်စီးပွားရေး ချိန့်လာ၏။

ကျွန်တော်ကလည်း ဓာတ်ပုံဖြင့် ပိုက်ဆံရအောင် ဖန်တီးနိုင်မှုစွမ်းအားထက် ကိုယ်တိုင်ရိုက်၊ ကိုယ်တိုင်ဆေး၊ ကိုယ်တိုင်ကူးသော ဓာတ်ပုံတစ်ပုံကိုသာ တစိမ့်စိမ့်ကြည့်၍ ကြည်နူးနေတတ်သူသာဖြစ်သဖြင့် အဖေ ဦးဆောင်ခဲ့မှုကြောင့် တည့်မတ်စေသော ဓာတ်ပုံစီးပွားရေးကို ပြုလုလုဖြစ်ကာမှ လွှဲပြောင်းယူနိုင်ဖို့ မဝံ့မရဲဖြစ်နေရသည်။

ထို့ကြောင့် အဖေ့အား ဆရာတစ်ယောက်သဖွယ်ရှိသေ၍ ကျွန်တော့်အား ညီအရင်းတစ်ယောက်လို ခင်မင်သော ဓာတ်ပုံဆရာ ကိုကျော်သင်းက တက္ကသိုလ်အောက်ဒိုးဓာတ်ပုံလောကသို့ ကျွန်တော့်အား ဝင်ရန် တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

"အဖေက ကျွန်တော့်ကို ဆယ်တန်းစာမေးပွဲ ကျကတည်းက ဓာတ်ပုံအောက်ဒိုးရိုက်စေချင်တာဗျ၊ ကျွန်တော်တို့လို မှတ်ပုံတင်လေး၊ ပတ်စ်ပို့လေးလောက် ရိုက်နိုင်တဲ့ အင်ဒိုးစတူဒီယိုတွေက နောက်ကျကျန်ရစ်ခဲ့ပြီ မဟုတ်လား၊ ကျွန်တော်ကလည်း တစ်သက်လုံး အိမ်ကအလုပ်စာပွဲကနေ ပြေစာဖြတ်ပြီး ပိုက်ဆံယူတာပဲ အသားကျခဲ့တာ၊ ကင်မရာလွယ်၊ လူကြားတိုး၊ ဓာတ်ပုံဝေပြီး ပိုက်ဆံတောင်းရမယ့်အလုပ်ကို သိပ်မလုပ်ချင်တာလည်း ပါတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သင်းက ရေနွေးတစ်ခွက် ထပ်ငှဲ့သည်။ သောက်မည်ဟု မ,ပြီးမှ ပြန်ချ၏။

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွာ၊ ကိုယ့်ဆီလာမယ့်ငွေကို စောင့်နေပြီး တင်းတိမ်နေလို့ မရတော့ဘူး၊ ကိုယ်ကပဲ ငွေကို ပြေးလွှား ရှာဖွေရမယ့်အခြေအနေ မဟုတ်လား၊ သူ့ထက်ငါ အပြိုင်အဆိုင် ဖြစ်နေတဲ့အချိန်မှာ ကိုယ်က အရာရာလက်ဦးထားမှ တော်ကာကျမှာ"

ကျွန်တော်ကပန်းကန်တွင်းမှလက်ကျန်လက်ဖက်ရည်အား မော့သောက်လိုက်သည်။

"ဖြစ်ရမှာပေါ့ဗျာ၊ အခြေအနေက ဖန်တီးလာပြီပဲ၊ မိဘ လုပ်စာ ရေသာခိုစားနေတာ ကြာပြီလေ၊ အဖေလည်း အသက်ကြီး ပြီ မဟုတ်လား၊ နားဖို့သင့်ပြီပေါ့"

သက်ပြင်းမျှင်းမျှင်းလေးချကာ စားပွဲပေါ် ဖိတ်စဉ်နေသော ရေနွေးများကို လက်ညှိုးဖြင့်တို့၍ အဓိပ္ပာယ်မဲ့ လျှောက်ဆွဲနေ မိသည်။ စားပွဲပေါ်က ဆေးလိပ်ပြာတို့လည်း ရေစိုနေသော လက်ညှိုးထိပ်မှာ ကပ်ပါလာ၏။ ကိုကျော်သင်းကတော့တစ်စုံတစ်ခု အား စဉ်းစားတွေးတောနေပုံရသည်။ ငေးငေးတွေတွေ . . . ။ ပြီးမှ ဖျတ်ခနဲထကာ ပြောလိုက်သည်။

"မင်းဖားသားကြီးကျန်းမာရေးငါအားမရဘူးမောင်ဖိုးတေ"

စားပွဲထိုးလေးက ပိုက်ဆံနှင့်ပန်းကန်များ လာသိမ်းသွား လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

"ဟာ . . . ဟ၊ ခာတ်ပုံမောင်ဖိုးတေတဲ့ . . .

ခာတ်ပုံ ထောင့်စွန်းမှ နာမည်ကိုဖတ်ရင်းတစ်ယောက်က ပြောလိုက်သည်။

"တို့ခာတ်ပုံတွေ ရပြီလား၊ ပြစမ်း၊ ပြစမ်း" ဟုအဆောင်၏ 'ပါလာ' ထဲသို့ နောက်ဆုံးမှ ဝင်လာသူလေးက ဆံပင်ကို ဘီးဖြင့် ဖြီးကာ ပြေးလာရင်းအော်သည်။ တစ်ဆက်တည်းပင် သူလေး က. . .

"ဟယ် မိမော်ရေ မိမော်၊ လာစမ်း၊ လာစမ်း၊ နင့်ပုံက သိပ်လှတာပဲ၊ လာကြည့်စမ်း" ဟု အဆောင်အပေါ်ထပ်သို့ လှမ်း ခေါ်နေ၏။ တစ်ယောက်ကမူ ခာတ်ပုံများကို ဆွဲယူပြီး. . .

"ဟေ. . ဟော့၊ ဒီပုံ ထပ်ကူးရမယ်ကွ"ဟု ပြောသည်။

လူစုံလာ၍ စကားသံတွေ စုံလာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လက်ထဲက ဓာတ်ပုံကို တစ်ယောက်ကဆွဲကြည့်သည်၊ ရယ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် တွန်းထိုးလုကြည့်ကြ၏။

ကျွန်တော်က လွယ်အိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ကာ နဖူးဆီက ကျလာသော ချွေးများကို သုတ်လိုက်သည်။

"ဓာတ်ပုံတွေက မဆိုးပါဘူး၊ ဒါပေမဲ့ နာမည်ကြီးကလည်း မောင်ဖိုးတေ တဲ့၊ တက္ကသိုလ်အောင်အောင်တို့၊ ထွန်းမင်းတို့၊ အောင်သျှန်တို့ နာမည်ဆို ဘယ်လောက်လှသလဲ"

ဆံပင်တိုတိုနှင့် ဂျင်းရှပ် ဝတ်ထားသော မိန်းကလေးတစ်ယောက်၏အပြောမှာ ကျွန်တော် ပြုံးလိုက်မိသည်။

"ဟောတော့၊ ဓာတ်ပုံဆရာကလည်း ငြိမ်ချက်သားကောင်းလှချည်လား၊ တေမိမင်း ဝင်စားတာလားဟင်" ဟု မကြားတကြားပြောသူကပြောသည်။

"ကဲကွာ၊ နင်တို့ကလည်းတစ်ယောက်တစ်မျိုးပြောချင်တာ စွတ်ပြောနေကြတာပဲ၊ အားနာစရာ" ဟူသော တိုးညှင်းညင်သာသောအသံနှင့်အတူ မွှေးထုံသင်းကြူသည့် သနပ်ခါးနံ့ပါ ရလိုက်သဖြင့် မော့အကြည့်လိုက်မိ၊ မျက်လုံးချင်းအဆုံကြောင့် 'အားနာစရာ' ဟူသော အသံလေးက မျက်လွှာအချတွင် ပိုမိုတိုးညှင်းသွားတာ သတိထားမိလိုက်၏။

ဩော်. . . မိမော် ဆိုသူရယ်။

အပြာနုရောင်တွင် ခရမ်းရင့်များ ဖြောက်ဖြောက်ကျဲထားသည့် ကော့တွန်ဘလောက်စ်အင်္ကျီနှင့် ခရမ်းရင့်ရောင် လေယာဉ်မောင်အစထဘီကို ဝတ်ဆင်ထားသည်။ ပါးပေါ်မှာ သနပ်ခါးများကာ စိုစွတ်ဆဲပင်. . .။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ကဲတယ်၊ ဒီကခင်လို့စတာပဲမဟုတ်ဘူးလား ကိုဖိုးထောင်ရယ်"

"ဟယ် ကိုဖိုးတေပါဟဲ့"

"ဆောရီး. . . ဆောရီး၊ ကိုဖေတိုး ကိုဖေတိုး"

ရယ်မောသံများ အခန်းထဲ ပျံ့လွင့်သွားပြန်သည်။ 'ပါလာ' ထဲရှိ အခြားကျောင်းသူများက လှမ်းကြည့်လိုက်ကြ၏။

"ဟို. . . ဟို ဓာတ်ပုံတွေ ယူပြီးရင် ကျွန်. . . ကျွန်တော် ပြန်မယ်လေ၊ ဟို. . . ဟို ဘောက်ချာလေး ပေးထားခဲ့မယ်"

ကျွန်တော့်အသံ တုန်ရီနေမှာ သေချာသည်။ သည်သာလိကာမလေးတွေကြား ဘယ်လိုမှ မတည်ငြိမ်နိုင်တော့။

"ဩော် ဟုတ်ကဲ့၊ ဘောက်ချာမလိုပါဘူးရှင်ဘယ်လောက်ကျသလဲဆိုတာပဲပြောပါ ကိုဖေတိုး၊ အဲယောင်လို့ ကိုဖိုးတေ"

အလွတ်ရနေသော ငွေတန်ဖိုး ကိန်းဂဏန်းတစ်ခုကို မမှားမယွင်းရအောင် သတိထား ရွတ်ဆိုပြလိုက်ရ၏။

"ဟောတော့ ဈေးက ကြီးလှချည်လား၊ လျှော့ဦးဆရာ၊မှန်းထားတာထက် တစ်ဝက်လောက်ကို များနေတယ်"

ခေါင်းဖြီးနေသော အမျိုးသမီးက ဆံပင်အဖျားများအား ဘီးဖြင့် ခုတ်၍ဆွဲချရင်း ဈေးဆစ်ပြန်သည်။

ကျွန်တော်ဒုတိယမ္ဘို့ချွေးသုတ်ရပြန်၏။ ပြီးနောက်သက်ပြင်းကို ဖူးခနဲမှုတ်ချပြီး ခုံ၏ ကျောမှီသို့ ခပ်လျော့လျော့ မှီချလိုက်မိသည်။

မိမော် ဆိုသူက ပြန့်ကျဲနေသော ဓာတ်ပုံများအား တစ်ပုံစီ ထပ်ယူလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကလေ တရားလွန်လွန်းတယ်၊ တစ်ဘက်သားကို နည်းနည်းလေးမှ အားမနာကြဘူး၊ ကသိကအောင့် သိပ်လုပ်တာပဲ၊ ကဲ ကိုဖိုးတေ စိတ်မပျက်ပါနဲ့ရှင်၊ ကျွန်မတို့က ဓာတ်ပုံဖိုးတွေ အကုန်ပေးမှာပါ၊ ပြီးတော့ နက်ဖြန်ခါ ကိုဖိုးတေ အားမလား"

"ခင်ဗျာ. . . . "

ကျွန်တော်က ထိုင်ခုံနောက်သို့ မှီထားရာမှ လက်တင်ကို အားယူကာ ရှေ့သို့ ကိုယ်ကိုမတ်လိုက်သည်။ ဂျင်းအကျီနှင့် မိန်းကလေးက မိမော်အား လှမ်းရိုက်ရင်း. . .

"အမေလေးလေး၊ အားမလား ဘာလားမေးနေရသေးတယ်၊ ဒီလိုဆရာရေ၊ နက်ဖြန် တနင်္ဂနွေနေ့မှာ ကျွန်တော်တို့ ဦးပိန်တံတားသွားပြီး ဓာတ်ပုံရိုက်ချင်လို့၊ လိုက်ရိုက်ပေးပါနော်၊ မနက်စနာရီအရောက် အဆောင်လာခဲ့ပေါ့ဟုတ်လား။ ဆက်ဆက်နော်၊ ကိုဖေတိုး၊ အဲလေ ယောင်လို့ ကိုဖိုးတေ" တဲ့။

ကျွန်တော် အလိုလို ခေါင်းညိတ်မိလေသတည်း။

■



www.burmeseclassic.com

www.burmeseclassic.com



(၄)

"ဟော့ ဖိုးတေ"

တက္ကသိုလ်ပင်မဆောင်၏အနောက်ဘက်ချိုကြီးလက်ဖက်ရည်ဆိုင်ရှေ့အရောက်တွင် အတွင်းမှ လှမ်းခေါ်သံကြောင့် လှည့်ကြည့်မိသည်။

"ဟော့ကောင် ဖိုးတေ"

ထပ်မံ၍ ခေါ်လိုက်မှ မှတ်မိတော့သည်။ ကိုသံခဲ. . .။

ကျွန်တော်နှင့် ၅ တန်းမှစ၍ အမှတ် (၁) အထကမှာ ကျောင်းနေဖက်၊ ၁၀ တန်းမှသာ ကျွန်တော်က ကျန်ရစ်ခဲ့ရသူ၊ သူက နှစ်ချင်းပေါက်အောင်ကာ တက္ကသိုလ်ရောက်သွားသူ။

ကျွန်တော်က လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး နီးရာထိုင်ခုံတစ်လုံး ဆွဲယူကာ ကိုသံခဲ စားပွဲသို့ ဝင်ထိုင်လိုက်သည်။

"ရုတ်တရက်ဆိုတော့ မမှတ်မိဘူးဗျ။ခင်ဗျားကတက္ကသိုလ်ကျောင်းသားကြီးဖြစ်နေတော့ ချောနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်လေး၊ နင်ကတော့ အရင်ကလိုပဲ နည်းနည်းလေး ကလိလိုက်ရမှ၊ ဘာသောက်မလဲ၊ လက်ဖက်ရည်လား"

"ချိုပေါ့ တစ်ခွက်"

"နင့်အကြိုက် မပြောင်းလဲသေးဘူး၊ ကဲ-ကင်မရာကြီး တကားကားနဲ့ ဘာလုပ်နေတာလဲ၊ အေး-တို့တက္ကသိုလ်နယ်မြေမှာ ကင်မရာကြီးတကားကားနဲ့ဆို ယောကျာ်းလေးတွေက သိပ်မုန်းတာနော်"

"မိန်းကလေးတွေ မမုန်းရင် ပြီးတာပဲ မဟုတ်လား"

"ဟ ကောင်လေးရမိန်းကလေးတွေ မမုန်းကြလို့ယောကျာ်းလေးတွေ မုန်းတာပေါ့ကွာ"

ကိုသံခဲက ပြောရင်း တခစ်ခစ်ရယ်နေသည်။

ကျွန်တော်က စားပွဲပေါ် ရောက်လာသောလက်ဖက်ရည်တစ်ခွက်ကို မ,၍ တစ်ကျိုက်မျှ သောက်လိုက်သည်။ ကိုသံခဲက သူ့ရှေ့က စမူဆာသုတ်ပန်းကန်အား၊ ကျွန်တော်ထံ တွန်းပို့ရင်း. . .

"ဓာတ်ပုံ လာရိုက်တာလား၊ မင်းကော ကျောင်းဆက်မတက်ဘူးလား၊ ဒါထက် မင်းအဖေရော နေကောင်းရဲ့လား"

ကျွန်တော်သည် လက်ဖက်ရည်အား ငုံရင်း သီးမတတ်တဖွဖွ ရယ်မိသည်။ ပြီးမှ လက်ဖက်ရည်ခွက်အား ပြန်ချကာ. . .

"ခင်ဗျားမေးခွန်းတွေက ဘယ်လိုလုပ် ဖြေရမှာလဲဗျာ၊ တစ်ခါတည်း တစ်ပြုံကြီး မေးချလိုက်တော့၊ ကဲ-နားထောင်၊ အဖေက အသက်ကြီးလာတော့ ချူချာချင်တယ်၊ အိမ်စီးပွားရေးကို တက္ကသိုလ်မှာ အောက်ဒိုးဓာတ်ပုံရိုက်ပြီး ကျွန်တော်က ဆက်ထိန်းရတယ်၊ ကျောင်းဆက်တက်ဖို့၊ ဆယ်တန်းပြန်ဖြေဖို့ အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



မရှိသေးဘူး၊ ကဲ - ဘာသိချင်သေးသလဲ၊ သိချင်တာမရှိတော့ရင် ကျွန်တော်ကလည်း ခင်ဗျားကို မေးစရာရှိတယ်"

"ဆို"

"ခင်ဗျားက သချ်ာနော်"

" . . . . "

"စုစုမော်တို့အုပ်စု သိလား"

"ဘာလဲ၊ ပျဉ်းမနားက စုစုမော်တို့၊ အေးအေးတင့်တို့၊ မော်လီတို့၊ မနွယ်တို့နဲ့ တပ်ကုန်းက မကြည်အေးတို့ အုပ်စုလား၊ မကြည်အေးက ဆန်စက်ပိုင်၊ မနွယ်အဒေါ်က ပျဉ်းမနားက ကြံခင်းပိုင်၊ အေးအေးတင့်က ပွဲရုံ၊ စုစုမော်က. . . "

"ဟိုး. . . ဟိုး၊ တော်ပါတော့ဗျာ၊ တက္ကသိုလ် လူဝင်မှုကြီးကြပ်ရေးရာထူး အင်တာဗျူးလုပ်နေတာ မဟုတ်ပါဘူး၊သိတယ်ဆိုရင် ပထမအချက်အနေနဲ့ လုံလောက်နေပါပြီ"

"ဒါဖြင့် ဒုတိယအချက်သိချင်တာက. . "

"အခု ကျွန်တော် သူတို့အုပ်စုနဲ့ တောင်သမန်အင်းက ပြန်လာတာဗျာ"

"ဟကောင်၊ ဟုတ်လှချည်လားကွ၊ လုပ်စမ်းပါဦး၊ပြောစမ်းပါဦး"

ကိုသံခဲက သူ၏ရှည်လျားသောခါးကြီးကို ကုန်းကာ ရှေ့သို့ တိုးလာသည်။

"မဟုတ်ပါဘူးဗျာ၊ဓာတ်ပုံလိုက်ရိုက်ပေးရတာပါ၊အဲဒါ. . "

"ခွီးတဲ့မှပဲ၊ ငါဖြင့် ငါ့ကောင်လေး ဟုတ်လှပြီထင်နေတာ၊ ဒါနဲ့များ ဒုတိယအချက် သိချင်သလေး ဘာလေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိချင်တဲ့ ဒုတိယအချက်က တခြားမဟုတ်ပါဘူးဗျာ"

ကိုသံခဲသည် သောက်လက်စ ဆေးလိပ်တိုအား စားပွဲစွန်းတွင် ဖိချေလိုက်ရင်း. . .

"ဘာလဲ၊ ထုံးစံအတိုင်း သူတို့မှာ ရည်းစားသညာရှိမရှိဘဲ မဟုတ်လား"

"မဟုတ်ပါဘူး၊ ဓာတ်ပုံဖိုးတွေ မရသေးလို့လက်ခက်တတ်သလားလို့ပါ. . . "

■



www.burmeseclassic.com

www.burmeseclassic.com



(၅)

"ပိုက်ဆံ နောက်ကျသွားတာ စိတ်မရှိနဲ့နော်၊ အိမ်က ပို့လိုက်တာက ဒီနေ့မှရလို့ပါ" ဟု ပြောကာ ပင်မဆောင်ရှေ့စင်္ကြံ ပန်းရုံအောက် ထိုင်နေသော ကျွန်တော့်နံဘေးသို့ ဝင်ထိုင်ရင်း စုစုမော်က ပိုက်ဆံအိတ်ကိုဖွင့်ပြီး ပိုက်ဆံတစ်ထပ်ကို ဆွဲထုတ် ပေးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ အဲလောက်ထိမဟုတ်ပါဘူး။ အခုလို တကူးတကန့် လာပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ" ဟုသော ကျွန်တော့်စကားအဆုံးတွင်. . .

"မဟုတ်ဘူးလေ၊ တော်ကြာရိုက်တုန်းကရိုက်ကြပြီးပိုက်ဆံ ပေးချိန်မှ ရှောင်နေတယ်ထင်မှာစိုးလို့ပါ' ဟု အားနာစကားဆို၏။

ကျွန်တော်က ပါးစပ်ကိုစေ့၍ ပြုံးရင်း ခေါင်းကိုခါရမ်း ပြလိုက်သည်။ ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"မစုစုမော်တစ်ယောက်တည်းလား၊ ကျန်တဲ့အဖွဲ့တွေက ရော" ဟု အမေးတွင် . . .

"ဩော် - သူတို့လား၊ ကလပ်(စ်)ရှိကြတယ်လေ၊ ကျွန်တော် က သိပ်နေမကောင်းတာနဲ့ ပြန်လာတော့ ဒီနေရာမှာ ကိုဖိုးတေကို တွေ့လို့" ဟု ဖြေသည်။

ကျွန်တော်က သူ့ကို ကြည့်လိုက်ပြီး . . .

"ဟင်၊ ဒါဖြင့် တွေ့လို့ပေးတာပေ့ါ၊ မတွေ့ရင်ကော"ဟု အပျော်စကားဆိုမိသည်။

"မတွေ့ရင်လည်း ရှာပြီးပေးမှာပါရှင်၊ ကဲ ကျေနပ်ပြီလား"

ကျွန်တော်က သူ့ကိုပြုံးပြီးကြည့်လိုက်သည်။သူက မျက်လွှာ လေးချင့်နေသည်။ ခေါင်းအပေါ်နားကိုင်းမှ စက္ကူပန်းပွင့် ပန်းရောင် လေးသည် လေတွင် လှုပ်ရမ်းနေ၏။

ကျွန်တော်က အကြည့်ကို သူ့ဆီကလွှဲဖွယ်လိုက်ပြီးပန်းခြံ ထဲရှိ ခေါင်းလောင်းစင်လေးဆီ ကြည့်နေမိသည်။

"ကိုဖိုးတေ"

မစုစုမော်က ရုတ်တရက် ခေါ်လိုက်သည်။

"ခင်ဗျာ"

"ဩော် ကိုဖိုးတေ ဓာတ်ပုံရိုက်တာ ကြာပြီလားဟင်"

"အင်း၊ ကြာပြီလို့ ပြောရင်လည်းရတယ်၊ မကြာသေးဘူးလို့ ပြောရင်လည်း ရတယ်"

"ဟင်. . . ဘယ်လို. . . ဘယ်လို"

"ဩော် မွေးကတည်းက ဓာတ်ပုံနဲ့ မွေးလာလို့၊ ကင်မရာ ကိုင် ဓာတ်ပုံရိုက်ပြီးမှ ပိုက်ဆံယူတတ်တာက မနေ့တစ်နေ့က မို့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ပုံရိုက်တာ လွယ်လားဟင်" ကျွန်တော်က အမှတ်မထင် မေ့ကြည့်လိုက်မိပြန်သည်။ သူ့အကြည့်နှင့် ခဏမျှဆုံဆည်းမိ၏။ ထို့နောက်. . .

"ဘာကိုလဲဟင်"

"ကျောင်းမှာ ကင်မရာမင်းတွေ အများကြီးတွေ့တော့ လွယ်သလားလို့ပါ"

"ပုံရိုက် ပြတ်သားအောင် ချိန်ပြီးခလုတ်နှိပ်တာကတော့ လွယ်တာပေါ့ မစုစုမော်၊ ဒါပေမဲ့ ကိုယ့်ရုပ်ကိုယ့်သွင်နဲ့ မြင်တွေ့နေရတဲ့ ပတ်ဝန်းကျင်ဟာ ဓာတ်ပုံထဲမှာ စွဲမက်စရာ ဖြစ်သွားအောင် ဖွဲ့စည်းပေးနိုင်ဖို့ကတော့ မလွယ်ဘူးပေါ့၊ ဒါက ယေဘုယျတင်၊ အဲဒီပုံထဲမှာ အလင်းအမှောင်၊ အရောင်အသွေး၊ အနုအရင့်၊ အထားအသိုတွေဟာ အချိုးကျကျနဲ့ မျှမျှတတ လိုက်ဖက်ပါဝင်နေမှ ပုံကောင်းတစ်ပုံဖြစ်မယ်လေ"

"အနုပညာဆန်တယ်နော်"

"အနုပညာပေါ့ဗျာ၊ မြင်တွေ့နေရတဲ့ ပကတိ အရာဝတ္ထုတွေကို ပိုလှလာအောင်၊ ပိုထူးခြားလာအောင် ဖန်ဆင်းယူရတာပဲ"

"ဒါဖြင့် ဓာတ်ပုံတစ်ပုံဖြစ်ဖို့အများကြီးစိုက်ထုတ်ရမှာပေါ့"

"ဟုတ်တယ်၊ အတွေ့အကြုံတွေ၊ အသိအမြင်တွေ၊ ခံစားချက်တွေ၊ ဒါပေါ့လေ၊ ပိုက်ဆံပေါလို့ အကောင်းစားကင်မရာ လွယ်ပြီး မိန်ကလေးတွေကြား ရှိုးအပြည့်နဲ့ သွားလာနေကြတဲ့ ဓာတ်ပုံမင်းသားတွေအဖို့တော့ ဓာတ်ပုံတစ်ပုံရဲ့တန်ဖိုးကို နားလည်ကြမှာမဟုတ်ဘူးပေါ့၊ ကျွန်တော်တို့လို ကင်မရာလေးတစ်လုံး ဖျစ်ညှစ်ကြိုးစား ပိုင်ဆိုင်ရပြီး ဝါသနာအရရော၊ စီးပွားရေးအရရော



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်နေသူတွေအဖို့ ဓာတ်ပုံတစ်ပုံက အင်မတန် တန်ဖိုးကြီးမား လှပါတယ်၊ ကျွန်တော်ဆိုရင် . . . ”

ကျွန်တော်ဆိုရင် ဝါသနာအရ ဓာတ်ပုံတစ်ပုံအား မြတ်နိုး တန်ဖိုးထားသည်သာမက ချို့နဲ့နေသော စီးပွားရေးအခြေအနေတွင် ကျွန်တော်တို့သားအဖနှစ်ယောက်၏ ထမင်းတစ်နပ်၊ ကျွန်တော့် အဖေ၏ ဆေးတစ်ဘူးဖိုးအတွက် မည်မျှအရာရောက်ကြောင်း မစုစုမော်အား ပြောပြသင့်၊ မပြသင့် စဉ်းစားလိုက်တော့ စကားပြတ် သွားသည်။

မစုစုမော်က ကျွန်တော့်ဘေး ချထားသော ဓာတ်ပုံ အယ်လ်ဘမ်အား လှန်လှောကြည့်ရင်း . . .

“စိတ်ဝင်စားပါတယ်ရှင်”

“ခင်ဗျာ . . . ”

“ဩော် ဓာတ်ပုံပညာကိုသိပ်စိတ်ဝင်စားတယ်လို့ပြောတာ ပါ ကိုဖိုးတေ”

■



www.burmeseclassic.com

www.burmeseclassic.com



(၆)

"စိတ်ဝင်စားရင်လည်းပွင့်ပွင့်လင်းလင်းပြောစမ်းကွာ၊အခု ဟာက ဝေ့လည်ကြောင်ပတ်နဲ့ စုစုမော်က အတန်းထဲမှာ အေး သလား၊ စာတော်သလား၊ ဘာလား ညာလားနဲ့ နားကိုပူနေပြီ"

ကိုသံခဲက ငဲ့ပြီးစ ရေနွေးပန်းကန်အား မ,လိုက်ရာ ပူနေ သေးသဖြင့် ခဏချထားလိုက်ပြီး လက်ညှိုးနှင့် လက်မကို နားရွက် ဖျားသို့ ထိကပ်လိုက်သည်။

"မဟုတ်ပါဘူးဗျ၊ သူတို့အုပ်စုထဲမှာ သူက တစ်မျိုးမို့ပါ၊ အေးအေးတင့်ဆိုရင် လူပျာလောင်ခတ်တယ်၊ မနွယ်က ပါးစပ် ပျာလောင်ခတ်တယ်၊ မကြည်အေးက မျက်စိပျာလောင်ခတ်တယ်"

"အေး၊ မင်းကလည်း စုစုမော်နဲ့ပတ်သက်ရင် ပျာလောင် ခတ်တယ်"

ကျွန်တော့်ပါးပြင်ဆီ ထူပူသွားသလိုခံစားရမိသည်။ကိုသံခဲ က စားပွဲစွန်းတွင် တင်ထားသော မီးသေနေသည့် ဆေးလိပ်တိုကို



www.burmeseclassic.com

www.burmeseclassic.com



ယူကာ မီးညှိ၍ မီးခိုးလုံးများကို ဖွာ၍ထုတ်နေသည်။ ပြီးနောက် ဆေးလိပ်အစီခံအား သွားဖြင့်ညှပ်ရင်း. . .

"ငါပြောမယ် ကိုယ့်လူစိတ်ဝင်စားတယ်ဆိုရင်လည်းဆက်လုပ်၊ ကောင်မလေးက သိပ်အေးတာ၊ ပျဉ်းမနားထိလိုက်ချင်သလားရတယ်၊ ဟိုမှာ ငါ့သူငယ်ချင်း ကိုမြင့်သိန်းကြီး ရှိတယ်၊ နေပါဦး မင်းက အခု အဆောင်ကို နေ့တိုင်းသွားတာလား"

"ဒါပေ့ါဗျာ၊ ဓာတ်ပုံရိုက်ပြီး ပြန်ကူးလို့ သွားပို့လိုက်ရ၊ နောက်ထပ် ရိုက်ကြ၊ ပြန်ကူးကြ၊ ပိုက်ဆံပေးဖို့ ခေါ်လို့ သွားရ၊ ဒီလိုနဲ့ ညနေတိုင်း ရောက်နေရတာ"

ကိုသံခဲက ပေါင်ပေါ်ကျလာသော ဆေးလိပ်မီးပွားများကို ခါရင်း. . .

"ဒါဖြင့် သူတို့ရဲ့ ဘဝတစ်သက်တာ မှတ်တမ်းဆိုင်ရာ တာဝန်ခံ ဖြစ်နေတာပေ့ါ၊ ကဲ နေပါဦး၊ အဲလို ညနေတိုင်းသွားတော့ စုစုမော်နဲ့ကော အမြဲတွေ့ရသလား"

"အဲဒါ ပြောမလို့ပေ့ါဗျ၊ ရိုက်ဖို့၊ ပြန်ကူးဖို့၊ ပိုက်ဆံချေဖို့ သူပဲ ဒိုင်ခံပြီး ဆော်သြ၊ တိုက်တွန်း၊ စုဆောင်းပေးနေတာ။ သူနဲ့ပဲ အမြဲတွေ့နေရတာ၊ အဲဒီတော့. . "

"ခွီးတဲ့မှပဲ၊ ဒါဖြင့် ပြီးနေရောပေ့ါကွ၊ မင်းက စိတ်ဝင်စားတယ် မဟုတ်လား၊ ကြိုက်တယ် မဟုတ်လား၊ ဒီတော့ နေ့တိုင်းတွေ့နေတာပဲ၊ ပါးစပ်က ဖွင့်ပြောချင်ပြော၊ ဒါမှမဟုတ် စာပေးချင်ပေး၊ ဒါပဲပေ့ါကွ"

ကိုသံခဲ အသံအနည်းငယ် ကျယ်လောင်သွားသည် ထင်သည်။ ပတ်ဝန်းကျင်သို့ လှည့်ကြည့်မိသည်။ တော်သေးသည်၊ လက်ဖက်ရည်ဆိုင်အတွင်း လူရှင်းနေသေးလို့. . .။



www.burmeseclassic.com

www.burmeseclassic.com



ကိုသံခဲက သူ့ဆေးလိပ်တိုအား အစီခံနား ရောက်သည်အထိ ဖွာလိုက်ပြီး ကောင်တာသို့ လှမ်းအော်လိုက်၏။

"မဌေးမာရေ၊ ဆိုင်ထဲ တစ္ဆေခြောက်လို့ ကက်ဆက်လေးဘာလေး ဖွင့်ပါဦးဗျို့"

ခဏနေတော့ ခင်ဝမ်းရဲ့ 'မန္တလေး' ဟူသော သီချင်းသံက ခပ်ငြိမ့်ငြိမ့်လေး ထွက်ပေါ်လာတော့သည်။

*"ရွှာစမ်း မိုးဖွဲတွေရယ် × ×× တစ်ယောက်တည်းလျှောက်လာ စိုပလေစေပေါ့ ×××× ၊ သီချင်းတစ်ပုဒ်ကို ဆိုညည်းကာ ××× ကြာပန်းတွေ ကျုံးရေမှာပွင့်နေ ××× ရွှေမန်းပေါက်မှာ ဆုံမယ် ××× တမာရွက်ကလေးတွေ ပြန့်ကျဲနေတဲ့ အဆောင်ရဲ့ရှေ့ကို မောင်ရောက်ရင် ××× အချက်ပေးလိုက်မယ် စောင့်မျှော်နေ ××× "*

■



www.burmeseclassic.com

www.burmeseclassic.com



(၇)

ရွှေငါးကလေးများအား အစာကျွေးဖူးပါသလား။

လရွှေရည်ဆမ်းသော ဝါးကွပ်ပျစ်လေးတွင်လေညင်းလေးနှင့် အဖော်ပါလာသော ဇကရာဇ်ပန်းရနံ့အား ခံစားဖူးပါသလား။

ရောင်စုံကျောက်စရစ်ခဲလေးများနှင့် ခပ်ပါးပါး ရေညှိစိမ်းလေးများအား အတိုင်းသားမြင်နေရသည့် စမ်းချောင်းလေးတွင် ခြေဆင်းထိုင်ဖူးပါသလား။

ကျောက်ဆောင်ရေမှော်ကြား ငုပ်လျှိုးပြေးလွှားနေသည့် မြီးဖွားဖွား ရွှေငါးလေးများအား ကြည့်ရင်း၊ ဇကရာဇ်ပန်းရနံ့လေးအား တပ်မက်စွာ ရှူရှိုက်ရင်း၊ စမ်းရေအေးတွင်ခြေဘောင်ဘင်ခတ်ကစားရင်း ခံစားကြည်နူးရမှုက အထီးကျန်လှချေ၏။

အခုမူ. . .

စံပယ်ရနံ့ ဖြောက်ဖြောက်ကျဲ ဆံနွယ်မျှင်လှိုင်းရယ်. . .၊

သနပ်ခါး မခြောက်တခြောက် ရနံ့သင်းပျံ့ နုညက်ပါးပြင်ရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



နွေးစွတ်တုန်ရီ နှုတ်ခမ်းဖူးငုံရယ်. . .
ထွေးတသိမ့်သိမ့် နုအိရင်ခွင်ရယ်. . .

ထိုအရာများအား ရယူပိုင်ဆိုင်လိုခြင်းဆန္ဒ၏နောက်ကွယ်မှာ အားငယ်စိတ်သည်ကား ကြာမြင့်လာသည်နှင့်အမျှ ပုံရိပ် ပီသကြီးထွားလာသည်ဟု ခံစားမိရလေသည်။ ပြီးတော့ အားလုံးရှေ့မှာ အချစ်ဆိုတာ ကြင်နာတာ၊ ယုယတာ၊ အနစ်နာခံပြတာလို့ ပြောမိရင် 'ကိုယ်တွေ့လား' လို့ မေးကြတော့ ခေါင်းညိတ်ပြရမလား၊ ခေါင်းရမ်းပြရမလား ဝေခွဲမရ ဖြစ်မိသေး၏။ သို့သော် မန္တလေးတောင်ဦးခန္တီဇရပ်က နေ့သင့် နံသင့် ခြသေ့်ရုပ် ဆွဲကြိုးလေးနဲ့ စစ်ကိုင်းတောင်က တရုတ်စံကားပွင့်ဝါဝါလေး တစ်ပွင့်ဟာ ကမ္ဘာပေါ်မှာ အဖိုးအတန်ဆုံးလို့ နှုတ်ကဖွင့်ဟမပြောဖြစ်ခဲ့ခြင်းအတွက်မူအားလုံးအပေါ် အားတုံ့အားနာဖြစ်စရာလည်း မလို့တော့ပြီ။ "အဲဒီတုန်းကလေ. . . " ဟု ဆိုကာ အပေါင်းအသင်းတွေခေါ်။ လက်ဖက်ရည်တိုက်ပြီး ရင်ခုန်ဖွယ် စားမြုံ့ပြန်စရာ အချက်အလက် မရှိ၊ ရင်ဖွင့်တိုင်တည်စရာ မရှိ။ စင်စစ် အချစ်နှင့်ပတ်သက်၍မော်ကြွားထူမတ်နိုင်သည့် မျက်နှာထားမရှိနိုင်ခြင်းကလည်း ဟန်ဆောင်မှုမဟုတ်တာ ရဲရဲဝန်ခံဝံ့ပါသည်။

ဒါပေမဲ့ သစ္စာဆောင် 'ပါလာ'၊ 'မိန်း' ရှေ့လှေကားဆင်း၊ ရူပဗေဒအခန်း ၄၅၊ 'မေ့ဘူးမောင်' အချဉ်ပေါင်း၊ ပါငြိမ့်ဌာနထောင့်ချိုးများမှာတော့ လူမသိ သူမသိ ရင်ခုန်လိုက်မောနေပါပြီ။ ထိုအခါ သစ္စာလမ်း တမာတန်းကလေးကမူ မည်သို့သောဖုံးကွယ်ငြင်းပယ် ထုချေမှုမျိုးကိုမျှ လက်ခံမည်လည်း မဟုတ်ချေ. . .။

ထိုနံရောအခါ၌ . . .



www.burmeseclassic.com

www.burmeseclassic.com



ရွှေငါးလေး၏ အကူးအခတ်၊ ကေရာဇ်ပန်းရနံ့လေး၏ အထွေးအပွေ့၊ စမ်းရေအေး၏ အစီးအမျောမှာ ကြည်နူးပီတိဖြင့် ခံစားရခြင်းသည်လည်း တစ်ကိုယ်တည်း အထီးကျန်မဟုတ်တော့တာ အဘယ်သူက ငြင်းဆန်ဝံ့အံ့ပါမည်နည်း။

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



■

(၈)

သစ္စာဆောင်အဝင်ဝတွင်အဆောင်တွင်းမှထွက်လာသော ဓာတ်ပုံဆရာမ 'စတယ်လာ' ကို တွေ့သည်။

"ကိုဖိုးတေ၊ ဓာတ်ပုံအပ်လား၊ ဂျူတီဝင်လား" ဟူသော အမေးက နာကျင်စရာကောင်းသော ကြည်နူးမှုလေး လွှမ်းစေခဲ့ပါသည်။ ဒါပေမဲ့ အဆောင်အတွင်းကိုမူ ရဲဝံ့စွာ လှမ်းဝင်လိုက်ပါ၏။ စုစုမော်ကို တွေ့သည်။ နာရီလေးပင့်ပြီး "ငါးမိနစ် နောက်ကျတယ်" ဟူသော အပြစ်တင်သံကို "အလုပ်ကလေးရှိနေလို့ပါ" ဟု အောက်ကျို့သံဖြင့် ဖြေမိသည်။ တစ်ဆက်တည်း "ဘယ်သွားစရာရှိလို့ ခေါ်တာလဲဟင်" ဟူသော ကျွန်တော့်အမေးမှာ သူသည် ထိုင်ရာမှထ၊ ကျွန်တော့်ဘေးမှာရပ်ပြီး ပခုံးစွန်းဖြင့် ကျွန်တော့်လက်မောင်းကို တွန်းလိုက်ကာ "လာ အပြင်ကျမှ ပြောမယ်" ဟု ခပ်တိုးတိုး ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကမူ မျက်စောင်းများနှင့်အတူ မဲ့သွားသော နှုတ်ခမ်းများ ရုတ်ခြည်းကူးစက်သွားမှာ သေချာပါ၏။ မည်သို့ဆိုစေ စုစုမော်ကတော့ 'ပါလာ' အပြင်ဘက် သွက်သွက်ထွက်သွားလို့ သူ့နောက် အမီလိုက်ရ၏။

"ဘယ်သွားမှာလဲ"

သစ္စာပါလာ အပေါက်ရောက်တော့ ထပ်မေးဖြစ်သည်။

"ဘတ်စကက်ဘောကွင်းထဲ သွားမယ်" တဲ့။ ဒါကြောင့် ရွှေမန်းဆောင်ထဲမှဖြတ်ပြီး ထွက်လိုက်ကြ၏။ သွားလေရာပါနေကျ ဖြစ်သော ကင်မရာကို စုစုမော်က သူလွယ်ခဲ့မည်ဟု ပြောသည်။ ကျွန်တော်က "နေပါစေ" ဟုဆိုကာ ကျွန်တော်ပဲ လွယ်ခဲ့သည်။ ဘတ်စကက်ဘောကွင်းထဲမှာ လူမရှိ။ နောက်ဘက် ပွဲကြည့်စင်မြင့် ပေါ် တက်လိုက်ကြသည်။ စင်ပေါ်ရောက်တော့ စုစုမော်က သူ့လွယ်အိတ်အား သူ့ပေါင်ပေါ် ဆွဲတင်၏။ ထို့နောက် လက်ကလေး နှစ်ဘက်နှင့် လွယ်အိပ်ပေါ်က ပန်းပွားလေးတွေကို ဆော့ကစားနေသည်။ အတန်ကြာမှ သူ့ထံက အသံတိုးတိုးလေး ပွင့်လာသည်။

"ဖိုးတေ"

(ယခုမူ စုစုမော်နှင့် ကျွန်တော်၏ရင်းနှီးမှုမှာ ဖိုးတေ၊ စုမော်၊ နင်၊ ငါ ဟူ၍ ဖြစ်နေပါပြီ)။

"ဆို"

"ငါ ပြောစရာရှိလို့ဟာ၊ အဲဒါ ဘယ်ကစပြောရန်မှန်းမသိလို့"

ကျွန်တော်က သူ့မျက်နှာကို ဖျတ်ခနဲကြည့်လိုက်မိသည်။ မျက်ဝန်းလေးမှာမူ ကျွန်တော့်အပေါ် လေးလေးနက်နက် ရှိလောက်



www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့။ ကျွန်တော့်အမူအရာက အသံမထွက်ငြား "ပြောလေ" ဟု ခွင့်ပြုလိုက်သည့် အနေအထား။ သူ ခေါင်းငုံ့လျက်ကဆက်ပြော၏။

"နင် ကျောင်း ပြန်မတက်တော့ဘူးလားဟင်"

ကျွန်တော်အံ့အားတသင့်မျက်မှောင်ကျုံ့မိပြီးမှဖြည်းညှင်းစွာ ခေါင်းရမ်းပြလိုက်သည်။ လွယ်အိတ်ကလေးနှင့် ပန်းပွားလေးတွေပေါ် စိုက်ကြည့်နေသော မျက်ဝန်းကမူ ကျွန်တော် ခေါင်းရမ်းပြတာ သဲကွဲစွာ မြင်နေ (သို့မဟုတ်) သိနေလိမ့်မည်။

ကျွန်တော်သက်ပြင်းချမိသည်။မထင်မှတ်သောစကားလုံးများ ဖြစ်သည့်တိုင် သူ့အပေါ် မျှော်လင့်စိတ်ရှည်မှုက ရင်ထဲကဒေါသကို ပြေပြစ်နူးညံ့သွားစေ၏။

"ဘာလဲ စုမော်၊ ငါ ကျောင်းပြန်တက်၊ ဆယ်တန်းအောင်၊ တက္ကသိုလ်ကျောင်းသားကြီးဖြစ်မှ နင်က ခင်မယ်ပေါ့ဟုတ်လား"

သူ ကျွန်တော့်ကိုမော့ကြည့်သည်မျှင်မျှင်သေးသေးလခြမ်းကွေး မျက်ခုံးညိုလေး နှစ်ဖက်တွန့်တက်သွားသည်။ ပြီးတော့ ပျာပျာသလဲ့ . . .

"မဟုတ်ဘူး ဖိုးတေ၊ မဟုတ်ဘူး၊ ငါက ပညာရေးတစ်ဝက်တစ်ပျက်ကြီးဖြစ်နေမှာစိုးလို့ပါ"

ကျွန်တော့်အနေဖြင့်အိမ်စီးပွားရေးကိုနပမ်းလုံးနေရချိန်မှာ ပညာရေးအား လှမ်းမကြည့်နိုင်တာ သူသိတန်သလောက် သိသည်။ ကျောင်းတက်ဖို့ တိုက်တွန်းလေတိုင်း ဒီကိစ္စကိုပဲ ထပ်ချည်းတလဲလဲ ရှင်းပြနေရပါ၏။

အခုလည်း လာပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ စုမော်၊ ဘွဲ့တစ်ခုခုရမှ နင်က လူရာသွင်းမှာလား၊ ကင်မရာလေးလွယ်ပြီး ခြောက်တီးခြောက်ချက် ဓာတ်ပုံရိုက်စားနေရလို့ နင့်မှာ ပေါင်းရသင်းရတာ ဂုဏ်ငယ်တယ်လို့ ထင်နေတာလား"

"မဟုတ်ဘူး ဖိုးတေ၊ ငါ နင့်အပေါ် ဘယ်လောက်ခင်တယ်ဆိုတာ နင် သိဖို့ကောင်းတယ်၊ ငါ့စေတနာကို နင်သက်သက်စော်ကားတယ်"

"ငါ စော်ကားတာ မဟုတ်ဘူး စုမော်၊ ငါ့အခြေအနေကို နင်အားလုံးသိသားပဲ၊ ငါရှင်းပြပြီးသားပဲ၊ ဒီကြားထဲ နင်က ကျောင်းတက်ဖို့ချည်းပြောနေတော့၊ အခု ငါ သိမ်ငယ်နေလို့လား စုမော်၊ သိပ်သိမ်ငယ်နေလို့လား"

ရုတ်တရက် လှည့်ကြည့်လိုက်သောသူ့မျက်ရည်တို့ပါးပြင်ထက် စီးကျနေပြီ။ ကျွန်တော့်ကို သူ စူးစူးစိုက်စိုက်ကြည့်သည်။ အံကို တင်းတင်းကြိတ်ထားမှန်း သိသာ၏။ ဘယ်ဘက်နှုတ်ခမ်းထောင့်စွန်းလေး စေ့လျက် ကော့တက်သွားသည်။

"ဘယ်လိုပြောလိုက်တာလဲ ဖိုးတေ။ နင် ငါ့ကို အဲလိုထိမြင်နေပြီလား၊ ဒါ သက်သက်မယ့် ပြဿနာရှာတာပဲ မဟုတ်လား၊ ငါက အေးအေးဆေးဆေးပြောတာကို နင်က ရန်ဖြစ်ချင်တယ်အေး-ငါ့ကို မခင်ချင်တော့ရင်လည်း ရတယ် ဖိုးတေ၊ အခုတော့ နင့်စိတ်ရင်းကို သိရပြီပေ့ါဟာ"

သူ ငိုပါသည်။ ထိုအခါမှ ကျွန်တော် တုန်လှုပ်သွားပါ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ရှေ့မှာ သူ တစ်ခါမှ အခုလို မငိုဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး စုမော်၊ ငါပြောတာ ဒီသဘောမဟုတ်ဘူး၊ နင် နားလည်မှုလွဲနေတာ"

"မလွဲဘူး. . . မလွဲဘူး၊ ငါ ဒီလိုပဲ နားလည်တယ်"

"ခက်တယ် စုမော်၊ နင့် စေတနာကို ငါ နားမလည်ဘဲနေပါ့မလား၊ ကျောင်းတက်ဖို့ကိစ္စကလည်း ငါ့ဘက်က အကျပ်အတည်းမို့"

"နင့်ဘက်ကတင် မကြည့်နဲ့ ဖိုးတေ၊ ဘက် နှစ်ဘက် မျှကြည့်ရတယ်၊ တကယ်လို့ နင့်မှာ ရည်းစားရှိရင် နင့်ရည်းစားက ကိုယ်နဲ့ ထာဝရတစ်သက်တာ လက်တွဲမယ့်သူကို အတတ်နိုင်ဆုံး အမွှမ်းတင်ချင်ကြတာ၊ ဂုဏ်ယူချင်ကြတာချည်းပဲ။ အခု တိုက်တွန်းတာလည်း မဖြစ်နိုင်တာကို တိုက်တွန်းတာ မဟုတ်ဘူး၊ ဖြစ်နိုင်တဲ့ ကိစ္စ တိုက်တွန်းတာ။ ကျောင်းတက်ပြီး ရလာတဲ့ဘွဲ့ကြီးနဲ့ လုပ်ကိုင်စားမှ အထင်ကြီးတာ မဟုတ်ဘူး ဖိုးတေ၊ တစ်ဘက်ကလည်း ရတဲ့ အချိန်မှာ ကျောင်းပြန်တက်ဖို့ပြောတာ။ နင်စဉ်းစားကြည့်၊ ငါမဖြစ်နိုင်တာ ပြောတာမဟုတ်ဘူး။ ဖြစ်စေချင်တာ၊ ဖြစ်သင့်တာကို ပြောတာ။ နင့်အတွက် ဂုဏ်ယူချင်လို့ပြောတာ"

"ဘာ"

အံ့အားသင့်မှုက ပီတိနှင့်အတူရင်ထဲရိုက်ခတ်သွားသည်။ "နင့်အတွက် ဂုဏ်ယူချင်လို့ပြောတာ" ဟူသော အသံများက ပဲ့တင်ထပ် တုန်ဟည်းနေ၏။

"တကယ်လို့များ နင့်မှာ ရည်းစားရှိရင် နင့်ရည်းစားက ကိုယ်နဲ့ ထာဝရတစ်သက်တာလက်တွဲမယ့်သူကို. . . ဘာတဲ့. . . ဂုဏ်ယူချင်ကြတာချည်းပဲ" တဲ့။ ပြီးတော့၊ ပြီးတော့ "နင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ငါ ဂုဏ်ယူချင်လို့ ပြောနေတာ” တဲ့လေ။ ငါ. . . ငါ ဘာပြောရမလဲ စုမော်ရယ်။

ထိုစဉ်ခဏမှာပင် နှုတ်ဖျားမှတစ်စုံတစ်ခုအသံထွက်လာဖို့ မိုက်မဲစွာ ဝန်လေးနေမိသည်။ ဒါ. . . ဒါဖြင့် နင်. . နင်။

ကျွန်တော် ခေါင်းကို ရမ်းလိုက်မိ၏။ ကိုယ်လိုရာပဲဆွဲတွေး မိသလား။ ဒါမှမဟုတ် နင်ပဲ စကားပြော လောကြီးသွားတာလား။ ဒါမှမဟုတ် ငါပဲ နုံတာ အတာလား။ နင်ပဲ လော်လည်ခတ်စွာ မြောင်းပေး အရိပ်ပြခဲ့တာလား။ အသေအချာဆုံးကတော့ ငါလေ . . . ငါ နင့်ပြိုင်ငြင်မှာ၊ အို. . . နင်မုန်းမှာ အကြောက်ဆုံးပဲ စုမော်။

ဒီလိုနဲ့ ငါ အတွေးခေါင်ခဲ့ပေါင်းများခဲ့ပြီပေါ့။ အခုလည်း အတွေးခေါင်စွာ နုံအစွာနဲ့ စကားဆိုရပြန်ပြီပေါ့။

“ငါ မှားသွားတယ်ဟ၊ ငါ ဆန္ဒစောသွားလို့ပါ၊ ငါ သဘော ပေါက်ပါတယ်။ ဒီတော့ ငါခာတ်ပုံလည်း ရိုက်မယ်၊ ကျောင်းပြန် တက်ဖို့လည်း ကြိုးစားမယ်၊ ကျေနပ်ပြီလား စုမော်”

ထိုအခါ သူ မော့ကြည့်သည်။ တင်းမာနေသော မျက်လုံး တွင် အပြုံးရည်စတို့ စီးမျောလာ၏။ ထိုအပြုံးက နှုတ်ခမ်းပေါ်သို့ မရောက်သေး။ ထိုစဉ်မှာပင် သူ့ဆံစတို့၏ အတွေ့အထိကို ပခုံးစွန်း မှာ ရုတ်ချည်းခံစားလိုက်ရသည်။ သက်ပြင်းငွေ့လေး နွေးနွေးက လက်မောင်းစွန်းဆီ ထိတွေ့လာ၏။ ပါးပြင်ပေါ်က မျက်ရည်ဥ လက်ကျန်လေးကို ကျွန်တော့်လက်ဖမိုးလေးနှင့် မရဲတရဲ ‘တို့’ လိုက် တော့. . . ”

“သွား အခုမှ လာချော့မနေနဲ့”ဆိုပြီးတွန်းဖယ်လိုက်သည်။ ပြီးတော့ ကျွန်တော်နှင့်ဝေးရာ စင်မြင့်တောင်ဘက်သို့ တိုးသွားကာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့နေပြီးမှ ကျွန်တော့်ဆီ ငဲ့စောင်း၍ လှမ်းအကြည့် ရင်ထဲက ခံစားမှုသည် ကျင့်သားရ အသိအား ဖောက်ခွဲ လှုပ်နှိုးလိုက်တော့သည်။ ထိုအခါ အကျင့်ပါနေသောလက်က ကင်မရာ မောင်းအား ဖြောင်းခနဲတင်ကာ ခလုတ်ကို နှိပ်ချလိုက်မိ၏။ ထိုအချိန်ကလေးများသည် ကျွန်တော့်အတွက် အပျော်ဆုံးအချိန်များဟု ဆိုသင့်ပါသလား။ သေချာပါက ကျွန်တော် စိတ်ချစွာ ပျော်လိုပါသည်။

အဆောင်အပြန် မြတမာဆောင်ရှေ့က အုတ်ခုံလေးနားရောက်တော့ "နင် ဆယ်တန်းကို 'ဒီ'များများနဲ့ အောင်ပြီး ဆရာဝန်ဖြစ်အောင် ကြိုးစားဟာ၊ ဒါမှ ငါက ကျွန်မ မောင်က ဆရာဝန်ပါရှင်ဆိုပြီး ယောင်းမချောချောလေးတွေ ရှာပေးနိုင်မှာပါ" ဟု စုစုမော်က ပြောပြန်တော့ အိပ်မက်ကလေးက လန့်နိုးသလို ခံစားလိုက်ရတော့သည်။

ကျွန်တော် သက်ပြင်းတစ်ချက် လေးလေးပင်ပင်ချလိုက်မိပြန်ပါ၏။

* * *

JUNE 1981
7th SUNDAY

*၁၃၄၃ ခု၊ နယုန်လဆန်း ၅ ရက်၊*
*တနင်္ဂနွေ*

*"အချိန်ဟာ မျှော်လင့်ချက်တွေကို ပြောင်းလဲစေတယ်" ဆိုတဲ့ သူငယ်ချင်းတစ်ယောက် စကားကို အစက အားကိုးခဲ့တယ်လေ။ ဒါပေမဲ့ စုမော်နဲ့တို့ကြားမှာ*



www.burmeseclassic.com

www.burmeseclassic.com



တော့ မျှော်လင့်ချက်ဆိုတာ မျက်လှည့်ဆရာရဲ့ လက်ထဲက ဖဲချပ်တွေလို အသိရခက်လွန်းလှတယ်နော်။ လှည့်စားတတ်လွန်းတယ်နော်။

စုမော်ရယ်၊ နေ့တိုင်းလိုလိုတွေ့ဖြစ်၊ နေ့တိုင်းလိုလို စကားပြောဖြစ်၊ ဟောဒီသစ္စာလမ်းက တမာတန်းလေး အောက်မှာ နေ့တိုင်းလိုလို စကားပြောဖြစ်၊ တမာပင် လေးတွေ နောက်ခံထားတဲ့ ဘတ်စကက်ဘောရုံက စင်မြင့်ပေါ် တစ်ခါတစ်ရံထိုင်ဖြစ်ကြပေမယ့် ငါ့ရင်ထဲ မှာတော့ ကြည်နူးရမယ့်အစား နေ့စဉ်နဲ့အမျှ ပူလောင် နေရတယ်။ ဘယ်လိုပဲ နှစ်ယောက်တူတူ တွဲသွားတွဲ လာ၊ အနေနီးပေမယ့် နှလုံးသားချင်းက နီးပါ့မလား ဆိုတာ သံသယဖြစ်မိမယ်။ ဘာပဲပြောပြော အဖမ်းစား ခံရတဲ့ ငါ့မှာတော့ အနာဂတ်ကို မတွေးဝံ့တာနဲ့ နင့်ကို အခုတွေ့နေရ တစ်ခဏကိုပဲ မွေ့ပျော်နေမိတယ်။

ဒီလိုနဲ့ နင့်စာမေးပွဲနီးလာလို့ နင် ဆီငါမလာဖြစ် ပေမယ့် ရူးမတတ် လူးလှိမ့်ခံစားရပြီပေါ့။ စုမော်ရယ်၊ အနာဂတ်ကို မတွေးဝံ့တဲ့ ငါလေ လတ်တလော နင့်ရဲ့ နောက်ဆုံးနှစ်စာမေးပွဲဆိုတဲ့ 'ဘေး' ကိုတော့ ပြေးတွေ့ ဖြစ်အောင်တွေ့ပြီး ခါးစည်းခံနေရပြီလေ။ ဒါပေမဲ့ နင့်ကိုတော့ နင်စာမေးပွဲပြီးသည်အထိ မတွေ့ဖြစ် အောင် ငါဆုံးဖြတ်ထားတယ်။ နင့်ကို မတွေ့ရလေ (ငါ ပြောတော့မယ်နော်) နင့်ကိုတအားချစ်လာလေပဲ။ပြီး တော့လေ နင်မုန်းမှာ၊ နင်အထင်လွဲမှာ၊ အတားအဆီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခု ဘွားခနဲပေါ်လာပြီး ငါ့မျှော်လင့်ချက်လေး ပါးလျား ကွယ်ပျောက်သွားမှာ ငါကြောက်တယ်။

မျှော်လင့်ချက်တဲ့ . . .။

ဘုရား . . . ဘုရား၊ ငါ မိုက်မဲစွာ မျှော်လင့်နေတာ၊ အဲဒီ မျှော်လင့်ချက်တွေပဲ စုမော်။

အဲဒီ မျှော်လင့်ချက် ဆိုတာကို ငါ မျှော်ရင်း မျှော်ရင်း ကြောက်ကြောက်လာတယ်။ တစ်ရက် . . .၊ နှစ်ရက် . . .၊ သုံးရက် . . .။

ငါ ဆုံးဖြတ်လိုက်ပြီ စုမော်။

မျှော်လင့်ချက်တွေကို ရင်မဆိုင်ချင်တော့ဘူး စုမော်။

ငါ . . . ငါ နင့်ကို ဖွင့်မပြောရက်တော့ဘူး စုမော်။

ဒါဆို နင်နဲ့ ငါ့ကြားမှ မျှော်လင့်ချက် မရှိ။

ပြဿနာမရှိ

အခင်အမင်ပျက်စရာ မရှိတော့ဘူးပေါ့။

နင်နဲ့ငါ ဝေးစရာ မရှိတော့ဘူးပေါ။

ဒီလိုဆုံးဖြတ်လိုက်ပြီးနောက် ငါ့စိတ်တွေ လွတ်လပ်ပေါ့ပါးသွားတယ်။

နေ့ပိုင်း အိမ်မှာပဲ ကူးစရာရှိတဲ့ ပုံတွေကူး၊ ချဲ့စရာရှိတဲ့ပုံတွေချဲ့၊ ညပိုင်းအားရင် ခေတ်ပုံဆရာတွေ ထိုင်လေ့ရှိတဲ့ နေရှင်နယ်ကျောင်းရှေ့ ရှိန်ကြီးကဖေးမှာဖြစ်ဖြစ်၊ လက်ဆည်ကန် တာဇံခေတ်ပုံတိုက်ရှေ့က အီးဗနီးစတားမှာဖြစ်ဖြစ် သွားထိုင်ပြီး လွတ်လပ်ပေါ့ပါးစွာ နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ စုမော်ရေ. . .

ငါ ပြက္ခဒိန်ကိုတော့ မကြာမကြာ ခိုးခိုးကြည့်နေမိတယ်လေ။

* * *

**JUNE 1981**
**17th SUNDAY**

၁၃၄၃ ခု၊ နယုန်လဆန်း ၁ ရက်၊
သောကြာ

အဲဒီနေ့က. . .

မှတ်မှတ်ရရ မျက်ရည်ကျမိတဲ့နေ။ ရန်ကုန် အမြန်ရထားရဲ့ နောက်ဆုံးတွဲ မီးနီလေးဟာ တဖြည်းဖြည်းဝေး. . . ဝေးသွားတယ်။ ကြည့်ရင်းကြည့်ရင်းနဲ့ မီးနီလေးဟာ ဝါးတားတား ဝေရီရီ ဖြစ်လာတယ်။ ငါ့မျက်ဝန်းမှာ မျက်ရည်တွေ အိုင်ဖွဲ့လာတာကို သတိထားမိတယ်။ မီးနီလေးဟာ ဖြည်းဖြည်းချင်း သေးသွားပြီး အစက်အပြောက်လေး အဖြစ်ကနေ ကွယ်ပျောက်သွားတဲ့အထိ ငေးမော့ကြည့်နေမိတယ်လေ။

"စာမှန်မှန်ရေးနော်"

"သိပ် အိပ်ရေးပျက်မခံနဲ့၊ ကျန်းမာရေး ဂရုစိုက်ဦး"

စုမော်. . .

နှင့်စကားလေးတွေ ငါ့နားထဲမှာ ပဲ့တင်ထပ်နေဆဲပါ။

ငါ့ရင်ထဲမှာတော့ အမျိုးအမည်မသိဝေဒနာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



*နောက်ကျို ရှုပ်ထွေးနေလေရဲ့။ မျှော်လင့်ချက် ဆိုတာကြီးက ငါ့ကိုပြန်ပြီး ခြောက်လှန့်လာနေသလိုပဲ။ ဒါပေမဲ့ စုမော် ရယ်. . .*

. . . . . . . . . . . . .

. . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . .

အခုတလော အိမ်ကအလုပ်တွေပင် မလုပ်ဖြစ်တော့ဘဲ အချိန်ရှိသရွေ့ အိပ်ရာထဲပဲ ဝင်နေမိသည်။ ထို့နောက် ဒိုင်ယာရီကို လှန်ပြီး စုမော်နှင့်ပတ်သက်သမျှတွေကိုပဲ ရွေးကာ ဖတ်နေမိတော့၏။

သက်သာရာရမလားလို့။

ဒါပေမဲ့. . . .

ပိုလို့ခံစားရတာက သေချာသည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

"ဒီလောက်ဖြစ်နေရင်လည်း ပျဉ်းမနားလိုက်သွားပေါ့ကွ"

ကိုသံခဲသည် နှင်းဆီပွင့်များအား ကတ်ကြေးဖြင့် ဖြတ်၍ ခြင်းထဲ ထည့်နေသည်။ တစ်ပွင့်ပြီးတစ်ပွင့်၊ တစ်ကိုင်းပြီးတစ်ကိုင်း၊ တစ်ပင်ပြီးတစ်ပင်။ တစ်တန်းပြီးတစ်တန်း။

ကျွန်တော်က သူ နှင်းဆီပန်းခူးရာနောက် တကောက်ကောက်လိုက်ရင်း ရင်ဖွင့်နေရသည်။

"ဒီနေ့ နှင်းဆီ အပွင့်နည်းတယ်"

နှင်းဆီတစ်ခင်းလုံး ခူးပြီးနောက် ကိုသံခဲကခြင်းတောင်းကို ချကာ နားကြားညှပ်ထားသည့် ဆေးလိပ်အား မီးညှိသည်။ လေတိုက်သဖြင့် မီးက တော်တော်နှင့်မစွဲ။ ကိုယ်လုံးဖြင့်ကွယ်၊ လက်ဖြင့်ကာ၍ ညှိမှ မီးကစွဲတော့၏။ တစ်ရှိုက်နှစ်ရှိုက်ဖွာလိုက်သည်။ မီးခိုးလုံးများ လေတွင် တစ်ခဏချင်း လွင့်ပြေးသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဖိုးတေ၊ အိမ်ပေါ် သွားထိုင်နှင့်၊ ဒီခြင်းတောင်းလေး ထားပြီး ငါလာခဲ့မယ်"

ကိုသံခဲကအိမ်ရှေ့တွင်စောင့်နေသောသူ့နှမနှင့်သူ့အမေ ထံ နှင်းဆီခြင်းတောင်းပေးရန် ထွက်သွားသည်။ ကျွန်တော်က အိမ်ပေါ်တက်ပြီး ကိုသံချောင်းအိပ်ရာပေါ် ထိုင်နေ၏။

လေပြည်တွင် နှင်းဆီရနံ့တို့ ထုံသင်းနေသည်။

အိမ်ကလေး လှုပ်ခါသွား၏။ ကိုသံခဲ အိမ်ပေါ်တက်လာ ခြင်း ဖြစ်သည်။ ပြီးတော့ ကျွန်တော့်နံဘေး ဝင်ထိုင်လိုက်သည်။

"ကဲ ကိုယ်တော်လေး၊ ဘယ်လိုလဲ၊ ပျဉ်းမနားလိုက်မလား၊ ဟိုမှာ ငါ့သူငယ်ချင်း ကိုသိန်းမြင့်ကြီး ရှိတယ်၊ ဈေးနားမှာ ပွဲရုံဖွင့် တာ၊ ငါ စာရေးပေးလိုက်မယ်"

ကျွန်တော်က ကိုသံခဲကို ခပ်တွေတွေ ငေးကြည့်နေမိ၏။ ကျွန်တော်လိုက်ရင် မလွယ်၊ ဘာအကြောင်းပြချက်နှင့် လိုက်ရမှန်း လည်းမသိ။ ပြီးတော့ အဖေတစ်ယောက်တည်းလည်း ထားခဲ့၍ မဖြစ်။

"လိုက်လို့မဖြစ်ပါဘူးဗျာ၊ အိမ်ကို ပစ်သွားလို့မှမဖြစ်တာ"

"အေးလေ၊ ဒါဖြင့်ရင်လည်းဘယ်တတ်နိုင်ပါ့မလဲ၊နေပါဦး၊ မင်းက ဒီလောက်ထိ ဖြစ်နေပြီဆိုတော့ စုစုမော်နဲ့မင်းနဲ့က ရည်စား မဖြစ်ခဲ့ကြပါဘူး ဆိုတာ ငါယုံရမှာလား ဖိုးတေ"

ကိုသံခဲသည် လေပွေရိုင်းကြောင့်ပိတ်သွားသောခေါင်းရင်း ပြတင်းပေါက်မှ တံခါးချပ်ကို တွန်းဖွင့်ကာ အနီးရှိ မင်ပုလင်း အလွတ်တစ်လုံးနှင့် ခုထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရည်းစားဖြစ်တယ် မဖြစ်ဘူးဆိုတာခင်ဗျားအသိဆုံးပါဗျာ၊ ဒါပေမဲ့ သူ့ဆီကတော့ မကြာမကြာ စာလာတတ်ပါတယ်"

"အမယ်လေး ဖိုးတေ၊ ခွေးကောင်ရယ်၊ရည်းစားမဟုတ်ဘဲ မင်းဆီ သူက နေ့တိုင်းစာထည့်နေပါ့မလား။ ဒါကြောင့် စောစောကတည်းက ငါပြောခဲ့တယ်မဟုတ်လား၊ ဒီမီးကို သွားမဆော့နဲ့လို့၊ ဟိုတစ်ယောက်ကလည်း မင်းအပေါ်ဆက်ဆံတာ ပိုလွန်းတယ်၊ အေး. . .၊ စိတ်ကတော့ ရိုးသားတာ၊ မင်းအပေါ် မောင်လို နှမလို ခင်တာ ငြင်းစရာမရှိပါဘူး၊ သူစိမ်းယောကျ်ားလေး တစ်ယောက်ကို သူခင်ပုံကလည်း ရှားလည်းရှား၊ ကြောက်လည်းကြောက်စရာ ကောင်းတာတော့ အမှန်။ တချို့ရှိပါတယ်၊ ဘော်ဒီဂတ်လိုလို၊ ခိုင်းကောင်းလို့လိုလိုနဲ့ ယောကျ်ားလေးတစ်ယောက်ကို ပေါင်းတာ သင်းတာ။ စုစုမော်ကတော့ အဲလို မရိုးသားစိတ် လုံးဝမရှိတာ သေချာတယ်။ ဘာပဲပြောပြောကွာ. . . မင်းတို့နှစ်ယောက် ဒီလောက် အနေနီးစပ်နေကြတော့ ငါ့လို အတွင်းသိ အစင်းသိတောင် သံသယဝင်မိသေးတယ်မောင်၊ ပတ်ဝန်းကျင်မှာတော့ မင်းတို့က သမီးရည်းစားပဲ။ ဒါ မင်းအပြစ်တွေ ဖိုးတေ၊ မင်းက 'ရသ' တွေ သိပ်ခံစားတာကိုးကွာ။ တွေ့တယ်၊ ကြိုက်တယ်၊ ဖွင့်ပြောလိုက်၊ မနိုပ်ဘူးနော်၊ ဆုတ်ပြန် ဆန်ပြုတ်ပေါ့။ အခုဟာက မပြောရက် မဆိုရက်၊ လက်ကလေးနဲ့သပ်ပြီး ပိုးမွေးသလိုမွေး၊ အလှကြည့် ခံစားနေတာကိုးကွ၊ ဟော အခုလိုဆိုတော့ အီလည်လည် အူကြောင်ကြောင်နဲ့ ကျန်ရစ်ရော၊ ဒီတော့ မဆီမဆိုင် ငါလည်း နားတွေပူ၊ နားတွေငြီးလာရော"



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ကိုသံခဲရာ၊ နားပူစရာဆိုလို့ ခင်ဗျားပဲရှိတာ မဟုတ်လား။ ဒီဇာတ်ကလည်း ကိုယ်ကခဲ့တဲ့ဇာတ်ပဲဆိုတာ ဝန်ခံပါတယ်။ နားပူလက်စနဲ့ ဆက်ပူပေးပါရစေဦးဗျာ၊ မနေ့ကလာတဲ့ သူ့ဆီကစာက ထူးခြားနေလို့ပါ။ အဲဒါ. . . "

ကိုသံခဲက ခေါင်းအုံးပေါ် လက်ထောက်မှီနေရာမှ ဆန့်ကာ ထိုင်လိုက်ပြီး. . .

"ဆိုစမ်း၊ ဆိုစမ်း၊ ဘာတွေပါလို့လဲ၊ လက်ထပ်တော့မတဲ့လား၊ စေ့စပ်တော့မတဲ့လား၊ ဒါဆိုရင်လည်း ကိစ္စပြတ်ရောပေါ့"

"နိမိတ်မရှိ နမာမရှိဗျာ၊ ဒီမယ် ဖတ်ကြည့်"

ကျွန်တော်က အသင့်ယူလာသော စာအိတ်လေးကို ထုတ်ပေးလိုက်သည်။ ကိုသံခဲက စာအိတ်ထဲမှ စာရွက်ခေါက်လေးအား ဆွဲထုတ်လိုက်၏။ ပြီးတော့ ခေါင်းအုံးပေါ်လှဲကာ ဖတ်တော့သည်။ ကျွန်တော့်အတွေးထဲမှာတော့ စုမော်နှင့် ကျွန်တော် အတူတူသွားခဲ့ဖူးသောနေရာများ၊ ပြောခဲ့ဖူးသောစကားများကို ရုပ်ရှင် အနေးပြကွက်များလို မြင်ယောင်နေမိသည်။ စုမော်၏ အသံလေးကိုလည်း ကြားယောင်နေမိသည်။ စုမော်၏ သနပ်ခါးရနံ့လေးပင် သင်းပျံ့လာသလို ခံစားလိုက်ရ၏။

တကယ်ပင် မွှေးပျံ့လာပါသည်။

စုမော်ရေးလိုက်သော စာရွက်ပြာလေးမှ ဖြစ်သည်။ခေါင်းရင်းမှ တိုးဝင်လာသော လေကြောင့် စာရွက်ကလေးက တဖျပ်ဖျပ်ခါနေသည်။ ကိုသံခဲက တစ်နေရာအရောက် အသံထွက် ဖတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"...ဆယ်တန်းစာမေးပွဲ ပြီးကတည်းက အလုပ်မလုပ်နိုင်ဘဲ စိတ်လေနေချင်တယ်ဆိုလို့ ငါတုန်လှုပ်မိတယ်။ ဖြစ်သင့်တာက ဒီအချိန်မှာ နင်စိတ်မလေအောင် အချစ်ဆိုတာ ရှိသင့်ပြီလို့ ငါထင်တယ်။ နင့်မှာ အချစ်ဆိုတာ ရှိလာရင် နင့်အတွက် ခွန်အားတွေ ရှိလာမယ်။ နေရထိုင်ရ၊ လုပ်ရကိုင်ရတာ အဓိပ္ပာယ်ရှိလာမယ်။ ဒါမှ ဘဝအတွက်မျှော်လင့်ချက်တွေ ရှိလာမှာပေါ့။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ငါသိရသလောက် နင်က မျိုးသိပ်လွန်းတယ်။ ကြိတ်မှိတ်ပြီး ခံစားလွန်းတယ်။ မိန်းကလေးဆိုတာမျိုးက ဘယ်လောက်ပဲ တိမ်းညွှတ်တိမ်းညွှတ်၊ တစ်ဘက်က ဖွင့်ပြောမှ ခေါင်းညိတ်ခွင့်ရတာမျိုးကိုဟ။ နင့်လို မျိုးသိပ်ပုံမျိုးနဲ့ ရည်းစားမှ ရပါဦးမလားလို့ ငါတွေးပူမိတယ်။

ဘာပဲပြောပြော နင်က စိတ်ရင်းကောင်း၊ သဘောကောင်းလွန်းတော့ နင့်စရိုက်ကိုသိပြီး နင့်အပေါ် အခွင့်အရေးမယူတတ်တဲ့သူနဲ့မှ အဆင်ပြေမှာ။ နင့်အကြောင်း နောကြေအောင် သိနေသူဆို အကောင်းဆုံးပေါ့။ ငါလည်း အိမ်မှာနေရတာ အဘွားကြီးနဲ့တကျက်ကျက်ပဲဟေ့။ စာဖတ် ဖတ်ပြန်ပြီ၊ အိပ် အိပ်ပြန်ပြီနဲ့။ ကြံစိုက်ခင်းတွေထဲ၊ သကာရည်စက်တွေထဲ ကူညီညာ အလုပ်ဝင်မယ် ဆိုတော့လည်း မလွှတ်ဘူး။ ဒါနဲ့ ငါလည်း တစ်ခါတစ်ခါ စိတ်ရှုပေါက်မိတယ်။ အိမ်ကထွက်ပြီး ဟိုးအဝေးက ရွာလေးတစ်ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



*တွဲဖက်ကျောင်းဆရာမ သွားလုပ်ရမလားလို့။ အဲလိုမျိုး သွားဖြစ်ရင် နင်ရော လိုက်ခဲ့ပါလား။ လိုက်မယ်မဟုတ်လား ဖိုးတေ။*

. . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . .

နင့်ရဲ့
စုမော်
(၁၉ နိုဝင်ဘာ၊ ၈၁)

*( ဇန်နဝါရီဘွဲ့နှင်းသဘင်မှာ ငါ မန္တလေးလာဖြစ်မယ်၊ နင်စောင့်နေ)"*

ကိုသံခဲက စာကို အဆုံးထိဖတ်ပြီး စာအိတ်ထဲ ထည့်ကာ ကျွန်တော့်ထံ ပြန်ပေးသည်။ ထို့နောက် လည်ချောင်းကို ရှင်းကာ. . .

"စဉ်းတော့ စဉ်းစားစရာပဲ ဖိုးတေ"

ကျွန်တော်က စာအိတ်လေးကို ပါလာသော ရှူမဝ မဂ္ဂဇင်း ဟောင်းလေးထဲ ညှပ်လိုက်ပြီးမှ ကိုသံခဲကို ပြန်ပြောလိုက်ရသည်။

"ဆိုဗျာ"

ကိုသံခဲက ပြတင်းပေါက်လေးမှ လှမ်းမြင်နေရသော နှင်းဆီခင်းလေးဆီ မျှော်ကြည့်လိုက်သည်။ ထို့နောက် တံခါးဘောင်အား လက်ညှိုးဖြင့် တစ်ချက် နှစ်ချက် ခေါက်သည်။ ခဏနေမှ ကျွန်တော့်ဘက် လှည့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ၊ ငါသိသလောက်ဆိုရင် စုစုမော်တို့က ပျဉ်းမနားမှာ တော်တော်ချမ်းသာတယ်။ ပြီးတော့ သူ့အဘွားကြီးကလည်း သူတို့မိသားစုမှာ အတော်ဩဇာလွှမ်းပြီး သူတို့ စိန်ရောင်၊ ရွှေရောင် မျက်နှာဖုံးတွေအတွက် အတော်ကျေနပ် မော်ကြွားနေပုံမျိုးပဲ။ ဆိုပါတော့ကွာ၊ စုစုမော်လို ခေတ်ပညာတတ်သမီးတစ်ယောက်ရဲ့ အိမ်ထောင်ရေးကိုတောင် သူတို့စိတ်တိုင်းကျ စီမံချင်တာမျိုးပေါ့။ ဒါကို စုစုမော်က သိနေတယ်လေ။ ဒီတော့ အိမ်ထောင်ရေးနဲ့ ပတ်သက်ရင် ကိုယ်ပိုင်မဆုံးဖြတ်ရဲတာအမှန်ပဲကွ။ ဒီတင် မင်းနဲ့တွေ့တာပဲ၊ အေး . . . မင်းနဲ့အတွေ့မှာ သူ့စကားတွေ၊ သူ့စာတွေထဲကလို မင်းအပေါ် ရိုးရိုးသားသား မောင်နှမလိုခင်တာမျိုးဟာ ပယောဂကင်းကင်း ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ ဒီစကား၊ ဒီစာတွေကပဲ အန္တရာယ်တစ်ခုအတွက် ကြိုတင်ပိတ်ဆို့ လိမ်ညာတာလည်းဖြစ်နိုင်တာပေါ့"

ကိုသံခဲက ပြောလက်စ စကားကိုရပ်ကာ ခုတင်ခြေရင်း ငါးသေတ္တာဘူးခွံထဲက ဆေးလိပ်တစ်တိုကို လှမ်းယူသည်။ အင်္ကျီအိတ်ထောင်ထဲ ဟိုစမ်းသည်စမ်းလုပ်ကာ မီးခြစ်ကိုတွေ့မှ ထုတ်ကာ မီးညှိသည်၊ ဖွာသည်။ ပြီးမှ ဆေးလိပ်တိုကို ပြတင်းပေါက် ဘောင်စွန်းပေါ် တင်လိုက်ပြီး ကျွန်တော့်စကားအပြန်ကို စောင့်၏။ ကျွန်တော် နှုတ်ဆိတ်နေမှ သူစကားဆက်သည်။

"သူ့အမေရဲ့ စီမံကိန်း၊ စီမံချက်တွေကြောင့် မင်းအပေါ် သူလိုလားသော်ငြားလည်း လမ်းမဖွင့်ရဲ၊ မျှော်လင့်ချက်မပေးရဲဘဲ အခုလို အူကြောင်ကြောင်ဇာတ်လမ်းကြီး ခင်းနေတာလည်း ဖြစ်နိုင်တာပဲ။ တစ်ခါ မင်းကလည်း စုစုမော်နဲ့ပတ်သက်ရင် ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



အရရော၊ ပတ်ဝန်းကျင် အရရော၊ ဥစ္စာဓနအရရော၊ အဘက်ဘက်က သိမ်ငယ်နေသလို ခံစားနေတယ်။ အခုလောက် ရင်းရင်းနှီးနှီး တွေ့ရတာကိုပဲ မင်းအတွက် ရောမဆုလာဘ်ကြီးလို ခံစားနေလေတော့ လက်ရှိအနေအထားကို အပွန်းအပဲ့မခံ၊ အထိခိုက်မခံနိုင်၊ အရိပ်တကြည့်ကြည့် ဖြစ်နေတာ မဟုတ်လား။ မင်းက ပစ္စုပ္ပန်ကိုပဲ ဘဝထင် ပျော်မွေ့နေတာကိုးကွ၊ အနာဂတ် ပျောက်နေတဲ့ကောင်။ ဒီမယ် ဖိုးတေ၊ ဒီလောက်ထိ လူတကာ အထင်အမြင်ခံနေရမှတော့ ဒီပုံမျိုးနဲ့ မိုးချုပ်မခံနဲ့၊ သူ ဇန်နဝါရီ ဘွဲ့နှင်းသဘင်လာရင် ဖွင့်ပြောကွာ၊ ဒါမှ ဇာတ်လမ်းပြတ်မှာ၊ ဒီအချိန် မင်းအပေါ် သူတိမ်းညွတ်ရိုးမှန်ရင် သူ့အိမ်က ဘယ်လိုပဲ ချုပ်ချယ်ချုပ်ချယ်၊ ဘယ်လိုပဲ စီမံစီမံ၊ ဝတ္ထုတွေထဲက၊ ရုပ်ရှင်တွေထဲက ဇာတ်လိုက်မင်းသမီးတွေလို မချစ်မနှစ်သက်သူနဲ့ မယူပါရစေနဲ့၊ မေတ္တာတရားတွေ၊ သစ္စာတရားတွေ တန်ဖိုးထားပါတယ်။ ဘာညာကွိကွဆိုပြီး မင်းသားနဲ့ ထွက်ပြေးကြတာပဲမဟုတ်လား။ ကိုင်း မင်း စုစုမော်ကလည်း မင်းအပေါ် တကယ်သံယောဇဉ်ရှိရိုးမှန်ရင် အဲဒီလို သူ့မိဘစကား ပယ်ရှားပြီး ပြေးလာလိမ့်မယ်လို့ မင်းယုံတယ်မဟုတ်လား ဖိုးတေ”

ကျွန်တော်က ကိုသံချောင်းအား ဖျတ်ခနဲမော့ကြည့်လိုက်သည်။

“စုမော်ဟာ အချစ်ကို တန်ဖိုးထားသလို သတ္တိလည်းရှိပါတယ် ကိုသံခဲ”

ကျွန်တော့်ရင်ထဲမှ ပြောလိုက်သောစကား ဖြစ်ပါ၏။

နှုတ်ဖျားမှ ထွက်ရန်မူ အင်အားမရှိတာ သေချာသည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

"စမ်းငွေမင်းမြူ တိမ်တွေစင် ××× အနီးကပင် ×××အဝေးကပင် ××× မျက်နှာကလေးဟာ ကြည်လင် ××× အချစ်ဒဏ် ကင်းလို့ပင် ××× ဆိုတဲ့ သီချင်းစာသားလေးကို မင်းခတ်ပုံကြည့်ရင်း သတိရမိတယ်ကွ"

"ခတ်ပုံဆရာကြီး ဦးမြတ်ဇော်က ကျွန်တော်ရိုက်ကူးထားသောပုံကို မျက်မှန်ကြီးတဝင်းဝင်းနှင့် ထောင်ကြည့်ရင်း ပြောလိုက်သည်။

ကိုကျော်သင်းက လက်ဖက်ခွက်ထဲမှ ပဲလှော်ကြော်ကို ဇွန်း ဖြင့် ကော်ကာ ပါးစပ်ထဲထည့် ဝါးပြီးနောက်. . .

"အချစ်နဲ့ထွန်းညှိထားတော့လေ ××× မျက်လုံးလေးတွေ ××× ဝင်းပကြည်လို့နေ ××× ဆိုတဲ့ စာသားလေးနဲ့ရော လိုက်တယ်ဗျ" ဟု ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ဆရာမ စတယ်လာကမူ အမျိုးသမီးပီပီစေ့စေ့စပ်စပ်ကြည့်ပြီး မှတ်ချက်ပေးပြန်၏။

"စိတ်ဆိုးပြေကာစ ရိုက်ထားတာနေမှာ၊မျက်လုံးထောင့်မှာ မျက်ရည်စလေးနဲ့" ဟူလို။

ကျွန်တော်နှင့် စုမော် ဘတ်စကက်ဘောရုံ ပွဲကြည့်စင်မြင့်ပေါ်မှာ စိတ်ဆိုးကြတာ မှတ်မိပါရဲ့လား။

ထိုစဉ်က စိတ်ဆိုးပြေစ စုမော်ကို ကျွန်တော်အမှတ်မထင် ဓာတ်ပုံရိုက်ခဲ့သည်ကို မှတ်မိပါရဲ့လား။

အကယ်၍ မှတ်မိကြလျှင်စတယ်လာပြောသောစကားကို လက်ခံရပေလိမ့်မည်။

၈၁ လမ်းက ကိုကျော်သင်းအိမ်တွင် တစ်ခါတစ်ရံဓာတ်ပုံဆရာများ ဆုံတတ်ကြသည်။ အခုလည်း ကိုကျော်သင်း ကူးပေးထားသော ကျွန်တော့်ဓာတ်ပုံကို ယူရန်လာစဉ် လူစုံနေသောကြောင့် ကျွန်တော့်ပုံကို ကြည့်ပြီး ဝေဖန်နေကြခြင်း ဖြစ်သည်။

"ဖိုးတေ၊ မင်း ဒီပုံကို ပုံကြီးချဲ့ပြီး ပြိုင်ပွဲတင်ပါလား၊ ဒါမှမဟုတ် မျက်နှာဖုံးပို့ပါလားကွ"

ဦးမြတ်ဇော်က အကြံဉာဏ်ပေးသည်။

"မြောက်မနေပါနဲ့ဦးလေးရယ်၊ နဂိုကမှ တက္ကသိုလ်မှာစူပါစတားဖြစ်နေတာ။ ဒီပုံသာ ပြိုင်ပွဲတို့၊ မျက်နှာဖုံးတို့မှာ ပါသွားရင် ကျွန်မတို့ စားပေါက်ပိတ်သွားပါ့မယ်"

စတယ်လာက ရယ်ရယ်မောမောပြောသည်။

ကျွန်တော်က ရေနွေးတစ်ပန်းကန်ငှဲ့သောက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်ပို့ချင်တောင် ကာယကံရှင်က ခွင့်ပြုမှာမဟုတ်ပါဘူးခင်ဗျာ” ဟု ဆိုမိသည်။

စတယ်လာက. . .

“အမလေးရှင်၊ ရှင်တို့အကြောင်း တက္ကသိုလ်မှာ လူတိုင်းအသိပါ။ ဆိုင်ရာဆိုင်၊ ပိုင်ရာပိုင်နေပြီပဲဟာ”

နှလုံးသားဆီက စစ်ခနဲ နာကျင်သလို ခံစားလိုက်ရသည်။ ပျောက်ရှသွားသော ပစ္စည်းတစ်ခုအတွက် အညှိုးခံလိုက်ရသလို ထူပူသွား၏။

သို့သော် ကျွန်တော့်မှာ ဆက်ပြောစရာစကားမရှိတော့ပါ။ ဓာတ်ပုံကိုသာ အိတ်ထဲထည့်ပြီး. . .

“ကဲ၊ အားလုံးသွားမယ်ဗျာ” ဟု နှုတ်ဆက် ထွက်ခဲ့၏။

ဦးမြတ်ဇော်က လှမ်းအော်သည်။

“ဖိုးတေ၊ မင်း ပဥ္စင်းဝတ်မှာလား၊ စတယ်လာကတို့ဓာတ်ပုံဆရာအားလုံးကို ပဥ္စင်းခံပေးမလို့တဲ့”

ကျွန်တော် အမြန်ဆုံးထွက်လာခဲ့ပါသည်။

“ဟော့ကောင်၊ မယ်တော်ကြီးကပဥ္စင်းခံပေးမှာကွ၊ သေချာရင် စာရင်းပေးခဲ့တော့၊ ဟားဟားဟား . . . ”

အပြင်ရောက်သည်အထိ အသံတွေကြားနေရပါ၏။

“ဒီကောင်လေးရောဂါက မင်း ပယောဂတွေ အများကြီးပါတယ်နော် ကျော်သင်း” တဲ့။

ဦးမြတ်ဇော်အသံကို ကြားလိုက်ရပါသေးသည်။

■



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ဘွဲ့နှင်းသဘင်ရက်ကို စောင့်ရသည်မှာ ရင်မောလှသည်။ ကုန်ဆုံးသွားသည့်ရက်များကလည်း ဘာမှ ရေရေရာရာ မရှိလှ။ တချို့ ဝိုးတဝါး၊ တချို့ကိုလည်း မှတ်မှတ်ရရ။

သို့သော် ဘာမှ ရေရေရာရာမရှိတာ အမှန်။

ရက်များ ကုန်ဆုံးလှပြီ။

ကျွန်တော့်ရင်အစုံလည်း ခုန်ရပါသည်။

ကျွန်တော့်အတွေးတွေလည်း ရှုပ်ထွေးနေ၏။

ခေါင်းထဲမှာ နောက်ကျိရှုပ်ပွေ။

နက်ဖြန်ခါ ဘွဲ့နှင်းသဘင်မှာ စုမော်ကို ရင်ဆိုင်ဖို့ ရင်ထဲရှိတာ ဖွင့်ချပြောလိုက်ဖို့ သက်ပြင်းအကြိမ်ကြိမ်ချရင်း အားတင်းနေရသည်။

ကံကြမ္မာဆိုးသည် အဝေးမှ ရှောင်ရှားသွားစေသတည်း။

■



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

နောက်ဆုံးပေါ် ကြက်ဥနှစ်ရောင် မစ်ဆူဗစ်ရှီဂဲလင့်ကား တစ်စီး ဘွဲ့နှင်းသဘင်ရှေ့ တံတားဖြူလေးနား ငြိမ့်ခနဲ ထိုးဆိုက်လာသောအခါ ရုတ်ခြည်း ရင်ခုန် စိတ်လှုပ်ရှားသွားတော့၏။

ကားတံခါးအဖွင့်နှင့်အတူပြည်ပဖြစ်ပင်ဆဲလ်ဟီးလ်ခွာမြင့် ဖိနပ် ငွေရောင်လေးကို ခြေဖမိုးဖြူဖြူအိအိလေးနှင့်အတူ တွေ့မြင်လိုက်ရသည်။ တံခါးအားကိုင်ထားသော လက်မှ ပုလဲရောင် အမျိုးသမီးကိုင် အိတ်သေးလေးတစ်လုံးသည် ပလက်တီနမ် ကြိုးရှည်ရှည်တွင် လှုပ်ရှားနေသည်။ ငုံ့ထားသော မျက်နှာသည် ကားအမိုးနှင့် အလွတ်တွင်မှ ဖြည်းဖြည်းချင်းမော့လာသည်။

ခန္ဓာကိုယ်တစ်ခုလုံးရှိ အင်အားပေါင်းများစွာက ရင်ဝသို့ ဆောင့်ကန် တွန်းလိုက်သလို ခံစားလိုက်ရ၏။ နှုတ်ဖျားမှ အသံတစ်စ ထွက်သွားသည်။

"...စုမော်"



www.burmeseclassic.com

www.burmeseclassic.com



စုမော် ကျွန်တော့်ကို မြင်သွားပုံရသည်။ ပြုံးသည်ဟု ကျွန်တော် ယူဆပါ၏။ သူနှင့်အတူ အမေဖြစ်ရန် သေချာသော ငါးဆယ်ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦး ပါသည်။

အရပ်အမောင်းကောင်း၍ မေးရိုးကားကား၊ အသားဖြူဖြူ ပါဝါမျက်မှန်နှင့် အသက်ခပ်လတ်လတ် အမျိုးသားတစ်ဦးလည်း ပါသည်။ ထိုသူက စုမော်ဘေးမှယှဉ်ကာ လိုက်ပါလာ၏။

စုမော် ကျွန်တော့်ကို မြင်ပါသည်။

သေသေချာချာ ပြုံးပြလိုက်ပါသည်။

ထို့နောက် နံဘေးမှ လိုက်ပါလာသူအား တစ်စုံတစ်ခု ပြော လိုက်၏။ ထိုသူက ခေါင်းညိတ်သည်။ စုမော်က ကျွန်တော့်ထံ လျှောက်လာပြီး. . .

"ခန်းမထဲ မဝင်ခင် ဒီရှေ့မှာစုမော်တို့ဓာတ်ပုံရိုက်ချင်လို့" ဟု ဆို၏။ ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။

သုံးယောက်တွဲကာဘွဲ့နှင်းသဘင်ခန်းမအားနောက်ခံထား ၍ ရိုက်ကြသည်။ စုမော်က ပြုံးနေသည်။ ကျွန်တော်ကကင်မရာကို သေသေချာချာချိန်၍ ခလုတ်နှိပ်လိုက်၏။

"အခမ်းအနားပြီးရင် မိန်းရှေ့မှာ ရှိဦးမလား၊ မိန်းရှေ့မှာ စုမော်ထပ်ရိုက်ဦးမယ်နော်"

ကျွန်တော် သေသေချာချာပြုံးပြလိုက်ပြန်ပါသည်။သို့သော် အသက်ပါလှသည်ဟုတော့ မထင်။ စုမော်၏ အမေက ကျွန်တော့် အား မျက်လုံးထောင့်ကပ်ကြည့်ပြီး. . . .

"လာလေ သမီး၊ ခန်းမထဲမှာ လူအတော်စုံနေပြီ၊ ဟိုမှာ မောင်တင်ဘုန်းတောင် ဝင်သွားပြီ" ဟု ပြောရင်း ခပ်သုတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



လှမ်း၏။ စုမော်က သူ့အမေနောက်ခြေလှမ်းပြင်ပြီးမှ ဖျတ်ခနဲ ရပ်၍ နောက်သို့လှည့် ခေါင်းကလေးငဲ့စောင်းအကြည့်၊ လက်သွားသော မျက်ဝန်းက တွေဝေငေးရီနေသော ကျွန်တော့်ကို လှုပ်နိုးလိုက်သလို မို့ အကျင့်ပါနေသောလက်က ကင်မရာကို မျက်လုံးမြင်ကွင်းဆီ မ,ကာ ကင်မရာမောင်းအား ဖြောင်းခနဲတင်ပြီး ခလုတ်ကို နှိပ်ချ လိုက်မိသည်။

စုမော်က ကျေကျေနပ်ပြုံးရင်း. . . .

"သွားတော့မယ်နော်" တဲ့။ညင်ညင်သာသာနှုတ်ဆက်ကာ ခန်းမထဲဝင်ရန် အပြေးကလေး ထွက်သွား၏။

ကျွန်တော် ခေါင်းညိတ်လိုက်မိပါသည်။

"သွားတော့မယ်နော်" တဲ့။

ညင်သာသောအသံက ကျွန်တော့်နှလုံးသားမှာတော့ ပြင်း ပြင်းထန်ထန် ရိုက်ခတ်သွားခဲ့ပါ၏။

ရင်မှာ နာနာကျင်ကျင် ကျန်ရစ်ခဲ့သည်။

"သွားတော့မယ်နော်" ဟူသော အသံများက ပဲ့တင်ထပ်။ ပြီး တော့ ရှုန်းရင်းဆန်ခတ် . . .

ရောင်စုံကားတန်းက ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင်စီးဆင်း အမျှင်မပြတ်။ အဝါ၊ အနီ၊ ရွှေအိုရောင်၊ အဖြူ။

ခေါင်းထဲမှာ မူးနောက်လာ၏။

ရွေ့လျားနေသော ကားတန်း၊ လှုပ်ရှားနေသော လူများ။ 'သွားတော့မယ်နော်' ဟူသော တရစပ် ပဲ့တင်ထပ်အသံ။

မြင်ကွင်းအာရုံမှာ. . . .

အရောင်တွေ၊ အသံတွေ ရောယှက်မှုန်ဝါး. . . ။



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

. . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . .

အတိတ်၏ ရုပ်ပုံကားချပ်များက တဖြည်းဖြည်းမှုန်ဝါးသွားလေသည်။

သည်းသည်းမဲမဲရွာသွန်းနေသောမိုးကြောင့်အိမ်ခေါင်းရင်းရှိ တောပန်းအုပ်ကလေး၏ အဝါ၊ အနီ၊ အစိမ်းတို့ အလှုပ်အရှားကို မပီမပြင် မြင်နေရ၏။ စုတ်ချက်ကြမ်းကြမ်းနှင့် တို့ခတ်ထားသော မော်ဒန်ပန်းချီကားတစ်ချပ်နှင့်ပင် တူနေသေးတော့သည်။ ဧကရာဇ်ပင်က မိုးရေထဲတွင် ယိမ်းထိုးနေသည်။ ဟိုးအဝေး ခြံတံခါးဝကိုပင် သဲသဲကွဲကွဲ မမြင်ရတော့။

လေသည် မိုးစက်ပွင့်လေးများဖြင့် မျက်နှာကို လှမ်းပက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းတို့၏အရောင်က မိုးရေစက်ကန့်လန့်ကာကြားတွင် မပီ မပြင်။ အဝါမပီသော အဝါ၊ အနီမပီသော အနီ၊အစိမ်းမပီသော အစိမ်း။

ခြံဝဆီမှ ဝင်လာသော ခြေလှမ်းများက မိုးရေစီးကြောင်း တစ်ကြောင်းလို ကွေ့ကွေ့ကောက်ကောက်။ လမ်းကလေးဘေးက နေကြာပန်းရိုင်းအုပ်များသည် ခြံတံခါးဝနားမှသည် ဧကရာဇ်ပင်ရင်း ဆီထိ တလှုပ်လှုပ် လှိမ့်ဆင်းနေ၏။

ကျွန်တော်က ပြတင်းအဝမှ ခေါင်းပြူကာ ကြည့်မိသည်။ မိုးရေစက်တို့ မျက်နှာဆီ တိုးဝှေ့ပြန်၏။ ဟောဟို ခြံအပြင်ဘက် တမာတန်းကလေးကတော့ မိုးရေထဲမှာ ကိုယ်ရောင်ပျောက်သွားပြီ။ တမာပွင့်ဝါကလေးတွေ၊ တမာရွက်ခြောက်လေးတွေ၊ ကြဲပြန့်နေမည့် တမာလမ်းကလေးပေါ်မှာ မိုးရေတွေ ဖွေးဖွေးလှုပ်ရှော့မည်။ တမာ ပွင့်လေးများနှင့် တမာရွက်ခြောက်လေးတို့လည်း လှိုင်းစီးနေဦးမည်။ အိမ်ရှေ့တမာလမ်းကလေးကို သတိရနေစဉ်မှာပဲ သစ္စာဆောင်ရှေ့ က တမာလမ်းကလေးကိုလည်း လွမ်းဆွတ်လာသည်။ ဘတ်စကက် ဘောကွင်းဘေးက တမာတန်းလေးကိုလည်း သတိရလာ၏။

နှစ် နှစ်ဆယ်ကျော်ကာလဟူသည် ရှည်လျား နှောင်းမြေ့ ခဲ့ပြီဆိုငြား ဝေဒနာသည် အသစ်တစ်ဖန် ရှင်သန်ထမြောက်လာ သောအခါ အဘယ်သူကကော နုပျိုတမ်းတ နွမ်းလျလျ မဖြစ်ဘဲ နေပါချိမ့်မည်နည်း။

ထိုအခါ. . . .

■



www.burmeseclassic.com

www.burmeseclassic.com



နိဒါန်း (၂)

ဒီလိုနဲ့. . . .

ဂိမှာန်ရာသီရဲ့ တိမ်တောက် တစ်ညနေမှာပဲ 'ဆည်းဆာနိဒါန်း' ဓာတ်ပုံပြပွဲလေးကို ပြသဖြစ်ဖို့ အကြောင်းဖန်လာတာပဲ စုမော်ရေ. . .။

ဟိုး. . . အရှေ့ဘက် ရှမ်းရိုးမပြာပြာကြီးတွေကို ငေးကြည့်ရင်း. .

အောင်ပင်လယ် ရိုးပြတ်ကွင်းတွေဆီက အလည်ကျူးပြီး အိမ်ပြန်နောက်ကျတဲ့ ဗျိုင်းတစ်အုပ်ကို စောင့်မျှော်ရင်း. . .

ခနော်ခနဲ့ခြံစည်းရိုးတွေပေါ် ကျဲပြောက်ထားတဲ့တောစံပယ်လေးတွေရဲ့ မခို့တရို့အလှကို ခံစားရင်း. . .

ဟောဒီ ဝရန်တာလေးက ခုံလေးတစ်ခုမှာပဲ အဖော်မဲ့စွာ ဆည်းဆာပေါင်းမြောက်မြားစွာကို အားတင်းကျော်ဖြတ်ခဲ့ရတာ ကြာပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း. . . .

'ဆည်းဆာနိဒါန်း'ကိုအိမ်ရှေ့ဝရန်တာလေးမှာပဲခင်းကျင်းပြသဖြစ်တာ နားလည်ပေးပါ စုမော်။

ဝရန်တာလေးရဲ့ လက်တန်းတစ်လျှောက်၊ ဝရန်တာလေးခေါင်းရင်း၊ ဝရန်တာလေးဘေးက အိမ်နံရံအပြည့်၊ ပြပွဲရဲ့ ဓာတ်ပုံကားချပ်တွေ ချိတ်ဆွဲထားလေရဲ့။

မန္တလေးတက္ကသိုလ် ပင်မဆောင်လှေကားထစ် အလင်းအမှောင် မျဉ်းပြိုင်တွေပေါ်က စုမော်. . .

ဦးပိန်တံတားပေါ်က ထောင်လိုက်၊ ကန့်လန်၊ မျဉ်းလဲ၊ မျဉ်းမတ်တွေပေါ်က စုမော်. . .

ရာဇတ်ခန်းမရှေ့ ပြင်ညီမျက်နှာပြင်၊ မျဉ်းကွေး၊ မျဉ်းပျော့တွေနဲ့ စုမော်. . .

ပင်မဆောင် အတွင်းလှေကား မျဉ်းလိမ်အရစ်အပတ်တွေနဲ့ စုမော်. . .

ဓာတုဗေဒဌာနရှေ့ မျဉ်းကွေး၊ မျဉ်းမာ၊ သံပန်းဒီဇိုင်းနဲ့ စုမော်. . .

သစ္စာဆောင်ရဲ့ မှန်ကူကွက်နောက်ခံတွေနဲ့ စုမော်. . .

ရွှေကျောင်းကြီးက အဝင်အထွက် အဖောင်းအချိုင့် ပန်းပု လက်ရာတွေနဲ့ စုမော်. . .

အတိုအရှည်မညီ အတုမရှိ တိုင်လုံးပျက်ကြီးတွေအလယ်က စုမော်. . .

စုမော်ရယ်. .



www.burmeseclassic.com

www.burmeseclassic.com



ငါကတော့ စုမော်ပေါင်းများစွာ ဓာတ်ပုံကားချပ်တွေ အလယ်မှာ ခုံကလေးတစ်လုံးနဲ့ ကျောက်ဆစ်တစ်ရုပ်လို မှိုးလင်း မိုးချုပ် မလှုပ်မယှက် ငုတ်တုတ်ပေါ့။

ဒါပေမဲ့ ငါ မျက်နှာမူထားတာက ၂၄ အရွယ်ပုံကြီးချဲ့ထား တဲ့ ဓာတ်ပုံနှစ်ပုံဆီမှာပါပဲလေ။

တစ်ပုံက ဘတ်စကက်ဘောကွင်းပွဲကြည့်စင်မြင့်ပေါ်ကပုံ ဆိုတာ ပြောဖို့မလိုလောက်ပါဘူးနော်။

နောက်တစ်ပုံက ဘွဲ့နှင်းသဘင်နေ့မှာ နှုတ်ဆက်ပြီး ပြန် လှည့်အထွက် အမှတ်မထင် ရိုက်လိုက်မိတဲ့ ပုံပဲပေါ့။

ပထမ ရိုက်ခဲ့တုန်းက ငါ့မှာ ပျော်ရွှင်မှုတွေ တစ်ထွေး တစ်ပွေ့နဲ့ ပထမဦးဆုံး ခံစားရင်ခုန် ကြည်နူးခဲ့ရတယ်နော်။ အဆောင်နေ အဝတ်အစားလေးနဲ့ မခြယ်မသ ပင်ကိုမျက်နှာလေး က မျက်ဝန်းအစုံဟာ ငါ့ကို မျှော်လင့်ချက်တွေ အများကြီးပေးခဲ့တာ ပေါ့။ ဘယ်ဘက်မျက်ဝန်းထောင့်စွန်းက မျက်ရည်တစ်စဟာ အဲဒီ မျှော်လင့်ချက်တွေကို ပိုမိုခိုင်မာစေတဲ့ သက်သေပြချက်ဆိုတာ နင် ငြင်းဦးမလား စုမော်. . . ။

ဒုတိယပုံမှာက ခံ့ညားတဲ့ ဘွဲ့ဝတ်စုံ၊ ဆင်မြန်ထားတဲ့ အဆောင်ယောင် အဖိုးတန်ရတနာပစ္စည်းတွေနဲ့ လိုက်လျောညီထွေ တဲ့ ရောင်စုံခြယ် မျက်နှာလေးနဲ့၊ မိတ်ကပ်ကြွေရောင်တောက်လို့။ ငါ စွဲမက်ခဲ့ရတဲ့ မျက်ဝန်းလေးမှာလည်း အညိုအလဲ့လဲ၊ အပြာနု သွေးနဲ့ မှောင်ရင့်ရောင် သွေးခြယ်သလို့။ အဲဒီ ရွှန်းလဲ့ညို့မှောင် မျက်ဝန်းတွေကို ခံစား ရင်မဆိုင်ရဲစွာနဲ့ ငါ့မှာတော့ တုန်လှုပ် နာကျည်းလို့။ ပါးပါးလျားလျား ကျန်လေဦးမလား စောင့်စားခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက် ကြိုးမျှင်လေး လွင့်ပျောက်ပြီလို့ ခံစားရလို့ စိတ်တွေ ယောက်ယက်ခတ်လို့။

ပထမပုံက 'နိဒါန်း' ဆိုရင် ဒုတိယပုံက 'နိဂုံး' ပဲပေါ့ စုမော်။ 'နိဒါန်း' ကို ရဲရဲရင်ဆိုင်ဖို့ ကြည်နူးပျော်ရွှင်ပေမယ့် 'နိဂုံး' ကို ဘယ်သူ ကရော ရင်ဆိုင်ဝံ့မှာလဲလေ။

ဒါကြောင့်လည်း 'နိဂုံး' ကို ပုံကြီးချဲ့ပြီးကတည်းက ရဲရဲဝံ့ဝံ့ မကြည့်ဖြစ်တာ ငါ့အပြစ်လားစုမော်။ အခုတော့ ငါ့မှာ ဒီပုံကို ရဲရဲဝံ့ဝံ့ စေ့စေ့ကြည့်ဖို့ အနှစ် ၂၀ ဆိုတဲ့ အချိန်က 'အား'တွေ မွေးပေးလိုက်ပြီပေါ့။ ခုံကလေးမှာ မိုးလင်းမိုးချုပ် တစ်နေကုန်ထိုင်ရင်း 'နိဂုံး' လို့ ငါအမည်ပေးထားတဲ့ ဘွဲ့ဝတ်စုံနဲ့ နင့်ဓာတ်ပုံကို တစိမ့်စိမ့် ကြည့်နေမိပြီလေ။

* * *

နေခြည်နုလေးနှင့် ကလနားသတ်ထားသော ဘွဲ့ ကက် ဦးထုပ်လေးအောက်မှာ ဆံနွယ်လှိုင်းနု နွဲ့နွဲ့ကျနေသည်။ ပြေပြေမို့မို့ လွင်ပြင်လေးနှင့်တူသည့် နဖူးလေးသည် ခပ်ရေးရေး ဆေးသား တင်ထားသော မျက်ခုံး လခြမ်းကွေးလေးတစ်စုံဆီအထိ ပြေဆင်း သွား၏။ မျက်ခုံးလေးတွေအောက်မှာ မျက်တောင်တွေက ရှည်လျား ကော့ညွတ် နက်မှောင်။

ငါနဲ့ စကားပြောတိုင်းအဲဒီမျက်တောင်ကော့ကော့ကြီးတွေ က ပုတ်ခတ်ခတ်နဲ့ စူးစိုက်ငေးကြည့်နေကျ မဟုတ်လားလေ။ ပြုပြင် စရာမလိုဘဲ လှပနေတဲ့ မျက်တောင်ကော့ကြီးတွေကို ငါဖြင့် လွမ်း လွမ်းဆွတ်ဆွတ် မထတမ်းကြည့်နေမိတာ ကြာလှပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ကြည့်ရင်း တစ်နေရာရောက်တော့ မြင်ကွင်း တစ်ခုက ဖျတ်ခနဲ ရင်ခုန်လှုပ်ရှားသွား . . .

ဟာ. . နင်. . . နင်. . . .

'နင့် ဘယ်ဘက်မျက်ဝန်းထောင့်စွန်းမှာ မျက်ရည်ဥလေး တွဲခိုလို့ပါလား။

ငါလေ. . . ငါ. . .

ထိုင်နေတဲ့ ထိုင်ခုံကလေးပေါ်က ဝုန်းခနဲထလိုက်မိတယ်။ ပြီးတော့ ယှဉ်ချိတ်ထားတဲ့ ဘတ်စကက်ဘောကွင်း ပွဲကြည့်စင်မြင့် ပေါ်က ဓာတ်ပုံဆီ အနီးကပ်ကြည့်မိတယ်။ 'နီဒါန်း' လို့ ငါ အမည် ပေးထားတဲ့ပုံပေ့ါ။

ပြီးတော့ စက္ကူအဖြူအလွတ်တွေကို ကမန်းကတမ်း ရှာ။

ယှဉ်ချိတ်ထားတဲ့ဓာတ်ပုံနှစ်ပုံပေါ်ကိုအဲဒီစက္ကူဖြူအလွတ် တွေနဲ့ မျက်လုံးလေးတွေချည်း ချန်ပြီး ဖုံးအုပ်လိုက်တယ်။

ဘုရား. . . ဘုရား။

စုမော်ရယ်. . . ။

အဲဒီဓာတ်ပုံ နှစ်ပုံစလုံးမှာဘယ်ဘက်မျက်ဝန်းထောင့်စွန်း မျက်ရည်ဥလေးတွေ တွဲခိုနေပုံရော၊ ငါ့နှလုံးသားကသာသိတဲ့ နင့်ရဲ့ မျှော်လင့်ချက်ပေးတဲ့ အကြည့်တွေရော အတူတူပါပဲလားကွယ်။

နင်. . . .

နင်. . . . နင်လည်း ညာခဲ့တယ်နော် စုမော်။

ဒါပေမဲ့ ငါ ဝမ်းသာလိုက်တာ စုမော်ရာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ 'ဆည်းဆာနိဒါန်း' ဟူသော ပြပွဲနာမည် ဆိုင်းဘုတ်လေးတွင် ခရမ်းရင့်ရောင် စာလုံးများဖြင့် 'ဆည်းဆာ နိဂုံး' ဟု ပြင်ဆင်ရေးသား ချိတ်ဆွဲထားကာ ပြပွဲလေးအား မပိတ် မသိမ်း ဆက်လက်ပြသဖြစ်သော်လည်း ပြပွဲ၏ တစ်ဦးတည်းသော ပရိသတ် ဓာတ်ပုံဆရာလေးမှာ ပျောက်ချင်းမလှ ပျောက်နေတော့၏။

အိမ်နီးချင်းတစ်ယောက်ကမူ ဓာတ်ပုံဆရာလေးကို မနေ့ ညနေက အောင်ပင်လယ်ကန်ပေါင်ရိုးအတိုင်း တောင်ဘက်ဆီသို့ ထွက်သွားတာ မြင်လိုက်ကြောင်း ပြောပြသည်။

■



www.burmeseclassic.com

www.burmeseclassic.com



နိဒါန်း (၁)

ချစ်စရာ့ဆည်းဆာ တစ်ညနေမှာ ငါတစ်ယောက်တည်း သစ္စာလမ်းက တမာလမ်းလေးပေါ် အဓိပ္ပာယ်မဲ့စွာ လမ်းလျှောက်နေမိပြန်ပေါ့။

တကယ်တော့ဖြတ်သန်းခဲ့ရတဲ့အချိန်များအပေါ် နာကျည်းဝမ်းနည်းမိပေမယ့် အခုအချိန်ကစပြီး ငါ့မှာတော့ ဝမ်းသာ ကြည်နူးလို့ ပီတိတွေ မွေးဖွားလို့။ အခုတော့ အနှစ် ၂၀ ကျော် အမျှော်လင့်ဆုံး ဆန္ဒတွေနဲ့ ပြီးပြည့်စုံခဲ့ပြီပေါ့။

စုမော်ရေ. . . .

ဟိုး အငယ်ဆီက အချိန်လေးတွေမှာ အနိမ့်အမြင့်၊အတိမ်အနက်၊ အလေးအပေါ့တွေနဲ့ တွန်းထိုးနေမှုကြောင့် နင့်ကို နားမလည်ခဲ့မှု၊ ငါ့ကိုယ်ငါ နားမလည်မှု၊ ပတ်ဝန်းကျင်ကို နားမလည်မှုတွေ အားလုံးအတွက် ငါ့ကို ခွင့်လွှတ်ပါ။ ဒီအရာတွေအားလုံးထဲမှာ နင်ဟာ လုံးဝအပြစ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . . .
မောင်မှန်တယ် အချစ်ရယ်. . .
ကိုယ်သိပ်မှန်ခဲ့တယ် စုမော်ရေ. . .
တို့ သိပ်ကိုမှန်ခဲ့တယ် ဒေါ်စုစုမော်. . . .
အခု. . .
တို့ ပြောပါရစေတော့. . .
နင့်. . ကို. . ငါမုန်းတယ်. . . .
ဟုတ်တယ်. . . .
နင့်ကို ငါမုန်းတယ်ဟေ့. . .॥ ॥

* * *

တမာရနံ့ကို ခံစားဖူးကြပါသလား။

တမာသည်လရောင်ပင်လယ်၏တိတ်ဆိတ်ညတွင်ပါးလွှာဝတ်ရုံကို ခွာချကာလွတ်လပ်စွာအိပ်မောကျလေသောအခါမှ သူ့ကိုယ်သင်းရနံ့လေး ပျံ့မွှေးတတ်ချေသည်တကား။


■

ကလျာ – ၂၀၀၃ ခု၊ ဖေဖော်ဝါရီ–မတ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com